စိတ်ကူးချိုချိုအနုပညာ

mgyoe.com

လင်ကွန်းဇနီးမောင်နှံ၏ဘဝဇာတ်လမ်း


(သို့မဟုတ်) ဝတ္ထုဟန် လင်ကွန်းအတ္ထုပ္ပတ္တိ

# မေတ္တာအသင်္ချေ


# LOVE IS ETERNAL

by Irving Stone

တင်တာယ်-မြွန်းအမြဲ



mgyoe.com



မေရီ၏ဘဝတွင် ကျန်ရစ်ခဲ့သော
တစ်ခုတည်းသောမွန်မြတ်သည့် အနှစ်မှာကား
သူက လင်ကွန်းအပေါ်တွင် ထားခဲ့သော
မေတ္တာအသချေနှင့်
လင်ကွန်းက သူ့အပေါ်တွင် ထားသော
မေတ္တာအသချေသာလျှင် ဖြစ်လေသည်။

FIC0032
4,500.00 KS

mgyoe.com

mgyoe.com

မေတ္တာအသင်္ချေ၊ တင့်တယ်
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၄၂၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ၃ တွဲပေါင်းပြန်လည်ရိုက်နှိပ်ခြင်း။
၁၉၅၇ ရှုမဝစာအုပ်တိုက်ထုတ်ပထမအကြိမ် ၃ တွဲမူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# မေတ္တာအသခေျ

# LOVE IS ETERNAL

## by Irving Stone

## တင့်တယ်

မြန်မာပြန်


၃ တွဲပေါင်းရိုက်နှိပ်ခြင်း။ ၂၀၁၅

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com





လင်ကွန်းပုံတူပန်းချီကား (၁၈၆၉ ခုနှစ်တွင် ဂျော့ပီတာအလက်ဇန္ဒားဟာလေး ရေးဆွဲသည်)


mgyoe.com

mgyoe.com





သမ္မတလင်ကွန်းနှင့် သားငယ် တယ်ဒီတို့ကို ၁၈၆၄ ခုနှစ်တွင် အတူတွေ့ရစဉ်



လင်ကွန်းငယ်စဉ်ဘဝ နေထိုင်ခဲ့ဖူးသည့် အိမ်

mgyoe.com

mgyoe.com






လင်ကွန်း၏ဇနီး မေရီတော့(ဒ်)လင်ကွန်း ၂၈ နှစ်အရွယ်တွင် ရိုက်ကူးထားသည့်ဓာတ်ပုံ



ဝါရှင်တန်ဒီစီရှိ လင်ကွန်းအထိမ်းအမှတ်ပြတိုက်

mgyoe.com

mgyoe.com


၁၈၅၈ တွင် တွေ့မြင်ရသည့် လင်ကွန်း။

အဆိုပါနှစ်တွင် ကျွန်စနစ်တိုက်ဖျက်ရေးအတွက် စတီဗင်ဒေါက်ဂလက်စ်နှင့် စကားအချေအတင်ပြောခဲ့သည်။

mgyoe.com

mgyoe.com





THE RAIL CANDIDATE.

ဘ၈၆၀ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း လင်ကွန်းအား "The Rail Candidate" ခေါင်းစဉ်ဖြင့် သရုပ်ဖော်ပြထားပုံ။ ကျွန်စနစ်ဟန့်တားရေးအတွက် ဘယ်ဘက်တွင် ကျွန်တစ်ယောက်၊ ညာဘက်တွင် ပါတီစည်းရုံးရေးမှူးတစ်ယောက်တို့နှင့် တွဲလျက် မြင်တွေ့ရစဉ်။





THE "RAIL SPLITTER" AT WORK REPAIRING THE UNION.

လင်ကွန်းနှင့် ဒုတိယသမ္မတ အင်ဒရူးဂျွန်ဆင်တို့ပါဝင်သည့် နိုင်ငံရေးသရုပ်ဖော်ကာတွန်း (၁၈၆၅)

mgyoe.com

mgyoe.com





သမ္မတသစ် လင်ကွန်းဘဝ ပထမဆုံး ဓာတ်ပုံ

mgyoe.com

mgyoe.com





၁၈၆၂ တိုက်တာမ်စစ်ပွဲပြီးနောက် လင်ကွန်းနှင့် ဗိုလ်ချုပ် ဂျော့မစ်ကာယ်လန်တို့ကို အတူတွေ့ရစဉ်




ဂက်တီးစ်ဘာ့ဂ်တွင် လင်ကွန်း မိန့်ခွန်းမပြောကြားခင် တွေ့မြင်ရပုံ


mgyoe.com

mgyoe.com





လင်ကွန်းနှင့် သူ၏အစိုးရအဖွဲ့ဝင်များ (၁၈၆၄ ခုနှစ်တွင် ရေးဆွဲထားသည့်ပုံ)



သမ္မတလင်ကွန်း၊ ဗိုလ်ချုပ်ရှာမန်း၊ ဂရန့်နှင့် ပေါ်တာတို့ကို အတူတွေ့ရစဉ်

mgyoe.com

mgyoe.com





လင်ကွန်းပုံတူ ပန်းချီကား

mgyoe.com

mgyoe.com





လင်ကွန်းမကွယ်လွန်မီ ၂ လ အလိုတွင် တွေ့မြင်ရပုံ (၁၈၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ)

mgyoe.com

mgyoe.com





၁၈၆၂ မေရီလန်းပြည်နယ်ခရီးစဉ်တွင် တွေ့ရသည့် လင်ကွန်း



ဖို့ဒ်ပြဇာတ်ရုံတွင် လင်ကွန်းလုပ်ကြံခံရစဉ်။
(လုပ်ကြံသတ်ဖြတ်သူ ဂျွန်ဝီလ်ကက်စ်ဘွတ်ချ်၊ လင်ကွန်း၊ မေရီတော့(ဒ်)လင်ကွန်း၊ ကလာရာဟားရစ်၊ ဟင်နရီရတ်ဘုံး)

mgyoe.com

mgyoe.com






ချီကာဂိုမြို့ ဆန်းဥယျာဉ်အတွင်းတွင် လင်ကွန်းလူငယ်ဘဝပုံရိပ်ကို ကြေးရုပ်ဖြင့် ဂုဏ်ပြုထားပုံ


mgyoe.com

mgyoe.com





လင်ကွန်း ဈာပနအခမ်းအနား




လင်ကွန်းလူငယ်ဘဝ ပုံတူပန်းချီကား

mgyoe.com

mgyoe.com




လင်ကွန်း မိသားစု (၁၈၆၁)



အီလီနွိုက်စ်ပြည်နယ်၊ စပရင်းဖီးရှိ လင်ကွန်းစာကြည့်တိုက်နှင့် ပြတိုက်တွင် ထားရှိသည့်
လင်ကွန်းမိသားစု ဖယောင်းရုပ်တု

mgyoe.com

mgyoe.com





သမ္မတကတော် မေရီတော့(ဒ်)လင်ကွန်း

mgyoe.com

mgyoe.com





အမေရိကန်အလံကို လွှင့်တင်နေသည့် လင်ကွန်း

mgyoe.com

mgyoe.com

## မေရီတော့(ဒ်)ချစ်သော အေဗရာဟင်

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခေတ်က ၁၉ နှစ်အရွယ်အမျိုးသမီးကလေးပင်ဖြစ်လင့်ကစား မေရီတော့(ဒ်)သည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ အတွေးအခေါ် အယူအဆများတွင် အံ့ဩဖွယ်ကောင်းလောက်အောင် ဆန်းသစ်ခဲ့၏။ မေရီသည် မိမိအား တန်းတူအခွင့်အရေးပေးမည့် သူကိုမှ ခင်ပွန်းလောင်းအဖြစ် ရွေးချယ်လိုခဲ့ပေသည်။ ကင်တာကီပြည်နယ်၏ ပန်းအလှကလေးတစ်ပွင့်ဖြစ်သော မေရီသည် အေဗရာဟင်လင်ကွန်းနှင့်တွေ့ဆုံသောအခါ၌ ဤသူသည်ပင်လျှင် မိမိ၏ ခင်ပွန်းလောင်းပေတကားဟု နားလည်သဘောပေါက်သွားခဲ့ရပေသည်။

မေရီသည် လင်ကွန်းအား စိန်ရိုင်းတစ်တုံးပမာ ယုံမှတ်ခဲ့သည်။ ဗဟိဒ္ဓအားဖြင့် သိမ်မွေ့မှုနည်းပါးသော်လည်း အကွက်ရိုက်၍ အရောင်တင်ပေးလိုက်ပါလျှင် ကျောက်မျက်ရတနာတစ်ပါးဖြစ်လာရမည်ဟု ယုံကြည်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏သမ္မတအဖြစ် အထွတ်အထိပ်သို့ရောက်မည့်သူဟုပင် ထင်ကြေးထားရှိ၏။

သို့သော် လင်ကွန်းနှင့် အိမ်ထောင်ကျခဲ့ရာ၌ မေရီ၏

mgyoe.com

mgyoe.com



ချည်းသာမဟုတ်ခဲ့။ လောကစံလှိုင်းတံပိုးတို့ ရိုက်ခတ်ခြင်းကို အပြင်းအထန်ခံရသည့်အခါများ၌ ခံခဲ့ရပေသည်။

ယင်းသည်ကား စာရေးဆရာကြီး အိုင်ဗင်းစတုံးက လင်ကွန်းဇနီး မောင်နှံတို့၏ အဖြစ်အပျက်ကို အခြေခံထားကာ သီဖွဲ့အပ်သော မေတ္တာဘွဲ့တစ်ပုဒ်ပင်ဖြစ်၏။ နောက်ခံကားချပ်မှာကား အမေရိကန်ပြည်တွင်းစစ်ပွဲကြီးပင် ဖြစ်ပေသည်။

■

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ရွှက်နုချိန် | ၁ |
| ၂။ | မေတ္တာအစ | ၆၈ |
| ၃။ | အသည်းနှလုံးနှင့်ကိုယ်ကာယ | ၁၄၃ |
| ၄။ | အေဘရာဟင်၏အလှည့် | ၁၇၅ |
| ၅။ | ငရဲသို့ | ၂၀၇ |
| ၆။ | ရှစ်လမ်းပေါ်မှ မိန်းမငယ် | ၂၃၆ |
| ၇။ | သမ္မတကတော် မစ္စစ်လင်ကွန်း | ၂၅၄ |
| ၈။ | ကောင်းကင်ဘုံ၌ မည်သူရှိသနည်း | ၃၅၃ |


■

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)
## ရွက်နုချိန်

(၁)

သူသည် အလှပြင်စားပွဲတွင်မှီ၍ ရင်ချီလိုက်ပြီးလျှင် နံရံတွင် ကပ်၍ထားသော ရွှေပေါင်ကွပ်မှန်ကလေးမှ သူ့ကိုယ်သူကြည့်လိုက်လေသည်။ သူ့ရုပ်ရည်ကို အဘယ်မျှပင် ကြိမ်ဖန်များစွာ အကဲခတ်သော်လည်း ကိုယ့်၏ ရုပ်ရည်လက္ခဏာကြွန်အင်မှ ထူးခြားသမျှတို့ကို စုံစီစွာမြင်နိုင်ဖို့ ခက်ခဲကြောင်းကို သူသည် တွေးတောကာ စိတ်ထဲ၌ ခပ်ဆန်းဆန်းဖြစ်၍နေပေသည်။ သို့သော် နှာတံကလေးမှာ သေးသွယ်ဖြောင့်တန်း၍ ခပ်တိုတိုရှိ၏။ ဤနှာတံကလေးသည်သာလျှင် မှန်ထဲတွင် ကြည့်လိုက်တိုင်း မပြောင်းလွဲဘဲ နေသရောင်ထင်၏။ အခြားသော ရုပ်လက္ခဏာတို့မှာကား စိတ်ပြောင်းလွဲသည်နှင့်အမျှ လိုက်၍ပြောင်းလွဲနေသည်ကို ယခုမှပင် သတိထားမိပေသည်။ သို့သော် အထက်နှုတ်ခမ်းကလေးမှာ ပါးလွှာ၍ ကော့ပြန်နေပေသည်။ အောက်နှုတ်ခမ်းမှာကား ပြောင်းအိ၍ မြင်ရသူစွဲမက်စဖွယ် ဖြစ်နေပေသည်။ မဟာနဖူးမှ သွယ်ကျ၍နေသော ဆံခွေတစ်ခွေကို ဘီးနှင့်ဖြီးလိုက်၏။ ထိုဆံယဉ်ခွေမှာ အဝါရောင်ပြေး၍နေပေသည်။ သို့သော် သူ၏ပခုံးပတ်လည်တွင်ဖွာ၍ကျနေသော ကျန်ဆံနွယ်ခွေအချို့မှာကား ညိုမှောင်သောအရောင်ရှိ

mgyee.com

ပေသည်။ သူ့မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်၍ ပြာညို့ညို့ရှိ၏။ ကြည်လင်၍ စူးရှကာ အရောင်တောက်ပြောင်လျက်ရှိကြပေသည်။ သူ့မျက်လုံးများ ကြည့်ပုံမှာရွှင်ပျ၍နေ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ယနေ့အဖို့၌ ဝမ်းသာနေသောကြောင့်ဖြစ်ပေသည်။

သူသည် စိတ်ထဲက မလုံမလဲဖြစ်လာသဖြင့် ကြည့်မှန်၏လက်ယာထောင့်ဆီသို့ မျက်လုံးကစားလိုက်၏။ ဤတွင်မှ သူ့အား သေသေချာချာ အကဲခတ်နေသော ၁၅ နှစ်ရွယ် ညီမဖြစ်သူ အယ်နီ၏အရိပ်ကို မြင်လိုက်မိပေသည်။

အယ်နီသည် လှမ်း၍ကြည့်နေရာက သူ့အစ်မဖြစ်သူ မေရီအား မျက်တောင်ဖွင့်လျက် မမဟာ အင်မတန် အရုက်အကြောက်ကြီးတယ်လို့ မေမေကတော့ ပြောတာပဲ။ ဒါပေမဲ့ ဝတ်စားထားပုံကတော့ ရင်သားမပေါ် လွန်းဘူးလား ... ဟု စူးရှသော အသံဖြင့် ပြောလိုက်လေသည်။

မေရီသည် အာဖရိကတိုက်မှလာသော ပိုးထည်ဖြင့် ချုပ်လုပ်ထားသည့် သူ့ဂါဝန်ကို စေ့စေ့စပ်စပ်ငုံ့၍ ကြည့်လိုက်မိပေသည်။ ထိုဂါဝန်မှာ သူကိုယ်တိုင် ပုံစံထုတ်၍ ချုပ်လုပ်ထားသော ဂါဝန်ဖြစ်၏။ ဂါဝန်လည်ပင်းမှာ ပခုံးစွန်းအထိ လျှောချထားပေသည်။ အင်္ကျီလက်မောင်းအိုးမှာ ခပ်ပွပွကလေးဖြစ်၏။ သူ့ကိုမြင်သူတိုင်းက မိန်းမချော မိန်းမလှတစ်ယောက်ဟု ပြောလေ့မရှိ၊ သို့သော် ရုပ်ကောင်းသည်ဟူ၍ကား အမြဲချီးမွမ်းခံခဲ့ရပေသည်။ သူ၏ အထူးခြားဆုံးသော အလှကြွန်အင်္ဂါများမှာကား လက်မောင်းများနှင့် ပခုံးသားများပင်ဖြစ်လေသည်။ သူ၏ရင်သားမှာ လုံးဝန်းပြောင်းအိ၍ ထိရက်စရာမရှိအောင် လှပပေသည်။ ရင်ညွန့်တွင်လည်း ညှပ်ရိုးမပေါ်အောင် ပေါ်နိုင်သောချိုင့်များမရှိ။ ပြည့်ဖြိုးသော အသားမှာ ဝင်းဝါ၍နေ၏။ ထို့ကြောင့်ပင် လက်စင်တန်တစ်မြို့လုံး၌ အလှဆုံးရင်ညွန့်ပိုင်ရှင်ကလေးဟု သူ့အား လူတိုင်းက ချီးကျူးခြင်းခံခဲ့ရပေသည်။

မှန်ထဲက ကြည့်လိုက်ပြန်ရာ သူ့ညီမ အယ်နီသည် သူ၏ရင်သိမ်းဘော်လီကို မကျေမချမ်း စမ်းသပ်ကြည့်ရှုနေသည်ကို မြင်ရပေသည်။

မေရီသည် ညီမအား ပြုံး၍ကြည့်လိုက်ကာ မျက်တောင်ဖွင့်လျက် သိပ်ပြီးတော့ အပျိုဖြစ်ချင်မနေစမ်းနဲ့ ညီမရဲ့။ တစ်နေ့ကျတော့ ငါ့ညီမ

mgyoe.com

mgyoe.com
ရင်သားတွေဟာလည်း ထွက်ပြီးတော့ လှလာမှာပါကွာ ဟု ပြောလိုက်လေသည်။

အယ်နီက အခုညတော့ စွံအောင်သာ ကြိုးစားပေတော့ မမ မေရီရေ၊ မေမေကတော့ ခုညမှ မမမေရီ မစွန်ရင် ဘယ်တော့မှ စွန်မှာမဟုတ်ဘူးလို့ ပြောနေလေရဲ့။ အခုည ကျင်နီကခေါ်ရင် အဆိုမခံရအောင် ကြိုးစားပေတော့ ဟု လှမ်းပြောလိုက်လေသည်။

မေရီသည် အယ်နီ၏ ခနဲ့စကားကြောင့် ချာခနဲလှည့်၍ ကြည့်လိုက်ရင်း မေမေက ဒီစကားမျိုးကို ပြောမယ်မဟုတ်ပါဘူး အယ်နီရဲ့ဟု ပြန်၍ပြောလိုက်လေသည်။

မေရီ့အသံမှာ ခပ်တိုးတိုးဖြစ်၏။ သို့သော်လည်း တင်းမာ၍နေသည်။ သူ၏ပါးများတွင် ရက်သွေးများ တက်လာသဖြင့် နီမြန်းနေ၏။ ထို့နောက် မေရီက ဆက်လက်၍ ပို၍တိုးတိတ်သောအသံဖြင့် ငါ့ညီမ နားကြားလွဲလို့ဖြစ်ပါလိမ့်မယ်ကွယ်။ မေမေက အခုညလုပ်မယ့် ညစာစားပွဲမှာ ငါ့သမီးကလေး စွံလိမ့်မယ်လို့ ပြောတာဖြစ်ပါလိမ့်မယ်ဟု ပြောလိုက်လေသည်။

ငါ့ ညီမကြိုက်သလိုပဲ ထားလိုက်ပါတော့ကွယ်။

စွံမယ်လို့ ထင်ရတာနဲ့ စွံဖို့မျှော်လင့်ရတယ်ဆိုတာနဲ့ အတူတူပဲ မဟုတ်ဘူးလား မမရဲ့ဟု အယ်နီက ခပ်ထေ့ထေ့ မေးလိုက်လေ၏။

မေရီသည် နောက်ဖေးဘက်ပန်းဥယျာဉ်နှင့် မြင်းရထားရုံကို ရပ်၍ မြင်သာသည့် ပြတင်းပေါက်သို့လျှောက်၍ လာခဲ့ပေသည်။ ပန်းဥယျာဉ်မှ နေ၍ မြက်ခင်းလည်း ပါးလျားစွာပြေဆင်းသွားပြီးလျှင် တောင်ကုန်းကလေး၏ အောက်ခြေရှိစမ်းချောင်းသို့ တိုင်အောင်ပြန်ဆင်းသွား၍ နေပေသည်။ အနောက်ဘက်ကောင်းကင်သို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ ဆည်းဆာ ရောင်တောက်၍နေ၏။ မြို့တည်ရာ ကြက်လျှာစွန်းသဏ္ဍာန်ရှိသော ဆက်ဟွန်း မြစ်ငယ်၏ အထက်ဆီဒ္ဒကား ကောင်းကင်ဘက်တွင် ခရမ်းရောင်သန်း၍ နေလေသည်။

မေရီသည် သူ့အကြောင်းကို သူပြန်၍ တွေးနေမိလေသည်။ သူ့မှာ မိခင်ရင်းနှင့်နေရသည်မဟုတ်၊ မိထွေးဖြစ်သူ ဘက်ဆီးဟန်မ်ဖရီး(စ်)နှင့် နေရသူ
mgyoe.com

mgyoe.com

ဖြစ်လေသည်။ သူ့မိထွေးအား မေမေဟု ခေါ်ရသည်။ မိထွေးဖြစ်သူကို မေမေဟုခေါ်ရခြင်းမှာ အောင့်သက်သက်နိုင်လှပေသည်။

မေရီသည် သူတို့ညီအစ်မ ၄ ယောက် တစ်ဦးနှင့်တစ်ဦး အစစအရာရာ ကွဲခြားပုံကို တွေးတောနေမိပြန်လေသည်။ သူ့အစ်မ အကြီးဆုံးမှာ အယ်လီဇဘက်ဖြစ်၏။ ယခုအခါ အိမ်ထောင်ကျ၍ အိမ်လီးနိုအစ္စနဲ(လ်) စဖရင်းဖီး(လ်)မြို့တွင် နေထိုင်လျက်ရှိပေသည်။ အယ်လီဇဘက်သည် မိခင်နှင့်အလွန်တူ၏။ ခင်မင်တတ်၏။ အမြဲတစေ တပြုံးပြုံးနှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သူဖြစ်လေသည်။ အက်လီဇဘက် ၇ နှစ်သမီးအရွယ်က မိခင်ဖြစ်သူအနိစ္စရောက်ခဲ့သည်။ အသက်အရွယ် အလွန်ငယ်သေးသည့်တိုင် အောင်အယ်လီဇဘက်သည် ညီမငယ်များအား မိခင်ကြီးတစ်ဦးသဖွယ် ယုယစွာပိုက်ထွေးထိန်းသိမ်းခဲ့၏။ မေရီ၏ ဒုတိယအစ်မမှာကား ဖရန်စစ်(စ်) ဖြစ်၍ စဖရင်းဖီး(လ်)မြို့တွင် အယ်လီဇဘက်နှင့်အတူနေထိုင်လျက်ရှိပေသည်။ ဖရန်စစ်(စ်)သည် အလွန်ဣန္ဒြေကြီးနှင့် မျက်နှာထားတင်းမာ၏။ အလွန်လျှို့ဝှက်တတ်၏။ စိတ်ထဲ၌ တစ်ခုခုဖြစ်လျှင် မျက်နှာ၌မဖုံးနိုင်၊ မကွယ်နိုင်ပေါ်လွင်၍လာတတ်သောကြောင့် မေရီနှင့် လုံးဝတူသူမဟုတ်ပေ။

မေရီသည် သူ့ညီမ အယ်နီ၏အကြောင်းကို တွေးမိပြန်၏။ အယ်နီသည် မိမိနှင့်အတူ မိထွေးအိမ်တွင် နေထိုင်ရလျက်ရှိ၏။ အယ်နီသည် စကားတစ်လုံးရလျှင် အထအနကောက်၍ ပြီးနိုင်တော့သောသူ မဟုတ်ပေ။

အပြင်ဘက်ကျသော အခန်းမကြီးထဲတွင် နေ့းကွေးစွာသွားလာနေသည့်ခြေသံတစ်ခုကို ကြားရလေသည်။ ခြေသံသည် တံခါးပေါက်အနီးသို့ တဖြည်းဖြည်းလျှောက်သွားပြီး မာမီဆယ်လီသည် တံခါးကို ဖွင့်လိုက်လေသည်။ မာမီဆယ်လီသည် ပုံပျက်လောက်အောင် ဝဖြိုး၍နေသော မိန်းမကြီးတစ်ယောက်ဖြစ်ပေသည်။ မဟာနဖူးကြီးကျယ်သည်နှင့်အမျှ ဆံပင်များကိုနောက်ဘက်သို့ သိမ်းဆွဲစုရုံးကာ ထုံး၍ထားပေသည်။ မာမီဆယ်လီသည် အောက်သွားများ အပြည့်အစုံရှိသော်လည်း အပေါ်သွားများမရှိပေ၊ မာမီဆယ်လီသည် မေရီနှင့်တကွ ညီမအားလုံးတို့ကို မွေးကတည်းက ထိန်းသိမ်းစောင့်ရှောက်၍ ချီပိုးယုယလာခဲ့ရသောသူ ဖြစ်လေသည်။ စင်စစ်တွင် မာမီဆယ်လီသည် မေရီတို့သာမကသေး မေရီတို့၏မိခင်ကိုပင် စောင့်ရှောက်

mgyoe.com

mgyoe.com

လာခဲ့ရသောသူပင် ဖြစ်လေသည်။ မေရီတို့၏မိခင်အမည်မှာ အယ်လီဇာပါ ကတော့(ဒ်)ဖြစ်လေသည်။ မေရီတို့၏ မိခင်အယ်လီဇာဘက် လက်ထပ်သော အခါ၌ မေရီတို့၏ဘွားအေဖြစ်သူ ဘွားဘွားပါကာက မာမီဆယ်လီအား မင်္ဂလာလက်ဖွဲ့ပစ္စည်း အဖြစ်ဖြင့် အပိုင်ပေးခဲ့လေသည်။ ထိုခေတ်က နီဂရိုးလူမျိုးငွေဝယ်ကျွန်များကို သားသမီးများ လက်ထပ်လျှင် မင်္ဂလာလက်ဖွဲ့ ပစ္စည်းအနေနှင့် အပိုင်ပေးလေ့ရှိခဲ့ကြပေသည်။

အိုမင်းလှုပြီးဖြစ်သော နီဂရိုးမကြီးမာမီဆယ်လီသည် အခန်းထဲသို့ ဝင်လာသောအခါ၌ မေရီ၏ဂါဝန်ကို ကြည့်ကာသဘောကျသည့်အသွင်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်၍နေလေသည်။ မေရီ၏ ဂါဝန်ကိုခါးတွင်သိမ်အောင် ဆီးထားပြီး အောက်ခါးပိုင်းတင်တစ်လျှောက်၌ ပွပွရွရွနေသည်ကိုလည်း သေသေချာချာကြည့်ကာ မာမီဆယ်လီသည် သဘောကျ၍နေပုံရပေသည်။

မာမီဆယ်လီက ကလေးဝတ်ထားတာ တယ်ပြီးတော့ လှတာပဲ ကွယ်ဟု ချီးကျူးလိုက်၏။ ထိုအခါ မေရီက မေရီ့ဂါဝန်ကို မာမီဆယ်လီ သဘောကျတယ်ဆိုရင် မေရီဝမ်းသာပါတယ်။ မေရီလေ နယူးအော်လင်မြို့က ဖေဖေအပြန်မှာ ဝယ်ခဲ့တဲ့ပုလဲကုံးကို ဆွဲမယ်နော်ဟု ပြောလိုက်လေသည်။

မာမီဆယ်လီက အေး ... အေး ဆွဲတာပေါ့ ကလေးရဲ့။ ကဲ ... ကဲ ငါ့မြေး အချစ်ဦးကြီးက အသက်ကြီးလွန်းလှသကွယ်၊ အသက်သာငယ်ရင် ငါ့မြေးကို ခုညလက်ထပ်ခွင့်တောင်းမှာသေချာတယ် ဟဲ ... ဟဲ ဟု ရယ်ကာ မောကာ ခပ်ရွှန်းရွှန်းပြောလိုက်လေသည်။

မေရီသည် အားရပါးရ ရယ်လိုက်၏။ သူ့စိတ်ထဲတွင် လွန်ခဲ့သော ၈ နှစ်ခန့်က အဖြစ်အပျက်တစ်ရပ်ကို ပြန်လည်၍ပေါ်ပေါက်လာခဲ့ပေသည်။ လွန်ခဲ့သော ၈ နှစ်အချိန်က မေရီမှာ ၁၂ နှစ်သမီးအရွယ်သာ ရှိလေသေးသည်။ ထိုစဉ်က မေရီ၏ဖခင်သည် ဖောင်းဝတ်ရောင် မြင်းတစ်ကောင်ကို သမီးအတွက်ဝယ်၍ ပေးခဲ့ပေသည်။ မြင်းကို ရပြီးနောက် ရက်အနည်းငယ် ကြာသောအခါ မေရီသည် လမ်းမကြီးအတိုင်း တစ်မိုင်ခွဲခန့် မြင်းစီးပြီးနောက် အက်(ရှ်)လင်းရပ် အက်(ရှ်)လင်းရပ်ကွက်ရှိ ဟင်နရီကလေး၏နေအိမ်သို့ ရောက်သွားခဲ့လေသည်။ ထိုအချိန်တွင် မစ္စတာကလေးသည် အလွန်အရေးပါအရာရောက်သော နိုင်ငံရေးသမားပုဂ္ဂိုလ်ကြီးများနှင့် ညစာစားလျက်ရှိ၏။

mgyoe.com

mgyoe.com

ထိုညစာစားပွဲကျင်းပခြင်းမှာ မစ္စတာကလေးသည် ဝါရှင်တန်မြို့တော်တွင် ကျင်းပမည်ဖြစ်သော ကွန်ဂရက်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန်သွားခါနီးသောကြောင့် ဖြစ်လေသည်။ မေရီရောက်သွားသောအခါတွင် မစ္စတာကလေးသည် ညစာစား၍နေကြသောသူများအား ခွင့်ပန်ပြီးလျှင် အိမ်ရှေ့ပေါက်ဝသို့ ထွက်၍လာခဲ့ပေသည်။

မေရီက ဆီးကြို၍ ကျွန်မမြင်း အသစ်ကလေးကို ကြည့်စမ်းပါဦး မစ္စတာကလေးရဲ့၊ ဒီမြင်းကို နယ်လှည့်ပြီး ကနေကြတဲ့ဇာတ်အဖွဲ့က ဖေဖေ ဝယ်ပြီး ပေးတာဟု ပြောလိုက်၏။

မစ္စတာကလေးသည် မေရီအား မြင်းပေါ်မှ ပွေ့ချီ၍ ချလိုက်ပြီးနောက်၊ မင်းမြင်းက မြင်းပိုင်ရှင်မင်းလိုပဲ၊ ခပ်ဆတ်ဆတ်ကလေးပါပဲဟော့၊ ကဲ ... ကဲ လာလာ ညစာစားချိန် မင်းရောက်လာတာနဲ့အတော်ပဲဟု ပြောကာ အိမ်ထဲသို့ ခေါ်သွားလေသည်။

မေရီအား မစ္စတာကလေးနှင့် ဂျွန်ဂျေကရစ်တင်တန်တို့၏အကြားတွင် နေရာပေး၏။ ကရစ်တင်တန်မှာ ကင်တပ်ကီးနယ်အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်၏။ ရုပ်ရည်သန့်ပြန့်၍ စကားပြောချိုသာသောသူတစ်ယောက်ဖြစ်ပေသည်။ နှုတ်ခမ်းပါး၍ ဦးခေါင်းလှသူလည်းဖြစ်၏။ မစ္စတာကလေးတို့လူစုသည် သမ္မတမင်းအင်ဒရူးဂျက်ဆင် ရာထူးရသည့်ကိစ္စနှင့်ပတ်သက်၍ ပြစ်တင်ဝေဖန်ပြောဆိုနေကြ၏။ အင်ဒရူးဂျက်ကဆင်တစ်ယောက် လွှတ်တော်ချုပ်၏အာဏာများကို ဖီဆန်နေကြောင်း ဗီတိုအာဏာကို သုံး၍ ပြည်သူ့လွှတ်တော်၏ ဥပဒေပိုင်းဆိုင်ရာ အခွင့်အရေးများကို ရုပ်လျှော့စေအောင် ဖန်တီးနေကြောင်း စသဖြင့်လည်း အကြီးအကျယ်ဝေဖန်၍ နေကြလေသည်။ မေရီသည် ဤမျှကြီးကျယ်သော နိုင်ငံရေးစကားလုံးများကို ကောင်းစွာ နားလည်နိုင်သောသူတစ်ယောက် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မေရီ၏ဖခင်သည် သူ့အိမ်ထမင်းစားပွဲသို့ နိုင်ငံရေးပုဂ္ဂိုလ်ကြီးများအား မကြာခဏခေါ်ယူ၍ ကျွေးမွေးဧည့်ခံတတ်၏။ အချို့ပွဲများ စားသောက်သောအချိန်သို့ရောက်လျှင် မေရီ့ဖခင်သည် မေရီအား ထမင်းစားပွဲတွင် ဝင်၍ထိုင်ခွင့်ပေးပြီး နိုင်ငံရေးနှင့်ပတ်သက်သော စကားများကို နားထောင်ခွင့်ပြုတတ်ပေသည်။

mgyoe.com

mgyoe.com

စကားအနည်းငယ် စဲ၍သွားသောအခါ မေရီက မစ္စတာကလေး အား နောက်တစ်ခါ သမ္မတရွေးပွဲလုပ်ရင် ပြည်ထောင်စုရဲ့သမ္မတဖြစ်လိမ့် မယ်လို့ ဖေဖေကပြောနေပါတယ်။ မေရီလေ ဝါရှင်တန်မြို့ကို သွားပြီး သမ္မတ အိမ်ဖြူတော်မှာ နေချင်လိုက်တာဟု စကားဝင်၍ ထောက်လိုက်၏။

မစ္စတာကလေးသည် ရယ်မောလိုက်ပြီးနောက်၊အေးကွယ် တကယ် လို့သာ ငါဟာ ပြည်ထောင်စုရဲ့သမ္မတဖြစ်မယ်ဆိုရင် မေရီကို လက်ဦးဆုံး အိမ်ဖြူတော်ကို ဖိတ်ခေါ်တဲ့ဧည့်သည်တွေထဲမှာ ပါစေရအောင် လုပ်ပေးရမှာ ပဲဟု ပြန်ပြောလိုက်လေသည်။

မေရီသည် ခေါင်းကလေးကိုငုံ့ကာ ကျေးဇူးတင်သည့် အထိမ်း အမှတ်ကို ပြလိုက်ပြီးနောက် မေရီလေ ဖေဖေ့ကို သမ္မတဖြစ်အောင် ကြိုးစားဖို့ ပြောသေးတယ် မစ္စတာကလေးရဲ့။ ဒါပေမဲ့ ဖေဖေက မစ္စတာကလေးကိုသာ ဖြစ်စေချင်တယ် ... ဖေဖေ့စိတ်ဟာ မဆန်းဘူးလားဟင် ဖေဖေဟာ သမ္မတ မဖြစ်ချင်ဘူးထင်ပါရဲ့နော်ဟု ပြောလိုက်လေသည်။

ထိုစကားကို ကြားသောအခါတွင် အားလုံးကပင် ဝိုင်း၍ ရယ်လိုက် ကြသည်။ မစ္စတာကလေးကမူ မရယ်မပြုံးဘဲနေလေသည်။ မေရီသည် မစ္စတာကလေးအား မော့၍ကြည့်လိုက်ပြီးနောက် မစ္စတာကလေးသာ အိမ်ထောင်မရှိဘူးဆိုရင် မေရီလေ မစ္စတာကလေးကို စောင့်ပြီးလက်ထပ်မှာ ပဲဟု ကလေးပီပီပြောမိခဲ့ဖူးလေသည်။

မေရီသည် သူ့လည်ပင်းတွင် ပုလဲကုံးကို ပြင်ဆင်လိုက်ပြီးနောက် ကော်ဇောခင်းထားသည့်လှေကားအတိုင်း ရွရွကလေး ပြေးဆင်းလာခဲ့၏။ ထို့နောက် အိမ်ပေါက်မှထွက်ကာ ထုံးကျောက်များဖြင့် ပြုလုပ်ထားသော လူသွားလမ်းကလေးအတိုင်း လျှောက်ခဲ့ပြီး ထင်းရှူးပင်တစ်ပင်အောက်တွင် ရပ်လိုက်လေသည်။ သူရပ်နေသော နေရာမှနေ၍ ကနားဖျင်း တစ်ခုအောက်တွင် စု၍စကားပြောနေကြသော ယောကျ်ားသိုက်ကို မြင်နိုင်ပေသည်။

ယောကျ်ားသိုက်တွင် ဟင်နရီကလေးသည် အထင်ရှားဆုံးဖြစ်၍ နေ၏။ ဟင်နရီကလေးနှင့်အတူ သူနှင့်အလားတူ ကင်းတပ်ကီးနယ်လွှတ် တော်အမတ်များဖြစ်ကြသော မစ္စတာကရစ်တင်တန် ရစ်(ချ်)မီနီဖီးတို့လည်း ရှိနေ၏။ ရစ်(ချ်)မီနီဖီးမှာ ကွန်ဂရက်လွှတ်တော်တွင် လက်စင်တန်ပြည်နယ်

mgyoe.com

mgyoe.com

အတွက် ကိုယ်စားလှယ်အမတ်ဖြစ်လေသည်။ မေရီ၏ဖခင်ကိုလည်း ထို လူသိုက်တွင် တွေ့ရ၏။ မေရီ၏ဖခင် ရောဘတ်တော့(ဒ်)မှာ အသက် ၄၈ နှစ်ရှိပေပြီ။ ဥပမိရုပ်ကောင်းသော သူတစ်ယောက်ဖြစ်၏။ သူ့လည်ပင်း တိုသဖြင့် သူ့ဦးခေါင်းမှာ ပခုံးနှစ်ဖက်ကြားတွင် တင်၍ထားဘိသည့်အလား ဖြစ်နေသည်။ ရှည်လျားနက်ပြောင်သော ဆံပင်များကို အကျအန ဖြီး၍ထား၏။ အပြာရောင်ကုတ်အင်္ကျီ အဖြူရောင်ဘောင်းဘီများနှင့် အတော်ပင် ကြည့်၍ ကောင်းနေပေသည်။ တစ်ခါတစ်ရံ ဒေါသထွက်သည်မှအပ စိတ်နှလုံး အေးချမ်းစွာ နေတတ်သူလည်းဖြစ်၏။ အထည်အဝတ်များနှင့် ရတနာများ တွင် စိတ်ပါဝင်စားသူဖြစ်လေသည်။ မေရီသည် စိတ်သဘောထားတွင် လည်းကောင်း၊ ဝါသနာတွင်လည်းကောင်း သူ့ဖခင်နှင့်အတော်တူ၏။

ထင်းရှူးပင်အောက်တွင် မေရီရပ်နေသည်ကို မြင်ရသော သူ့ဖခင် ဖြစ်သူ ရစ်(ချ်)တော့(ဒ်)သည် မေရီအား သမီးမေရီရေ ... လာပါဦးကွယ်။ ဟောဒီမှာ မိတ်ဆွေတွေကို လာပြီးနှုတ်ဆက်ပါဦးဟု အသံခြကြီးနှင့် ခေါ် လိုက်လေသည်။

မေရီသည် စိတ်ထားထက်သန်စွာဖြင့် ဖခင်တို့လူစုရှိရာအနီးသို့ လျှောက်သွား၏။ မစ္စတာကလေးသည် မေရီ၏ပခုံးကို ဆီး၍ပွေ့ဖက်လိုက် ပြီးလျှင် ပါးနှစ်ဖက်ကို ယုယစွာနမ်းလိုက်လေသည်။ ထို့နောက် မစ္စတာ ကလေးက မေရီရေ တွေ့ရတာဝမ်းသာလိုက်တာကွယ်။ ဝါရှင်တန်က ငါပြန် လာတိုင်း ပြန်လာတိုင်း မင်းဟာ ပိုပိုပြီးတော့ လှနေတာပဲ။ မင်း ငါ့ကို အခုထက်ထိ စောင့်တုန်းပဲလားဟု ယခင်က ပြောခဲ့ဖူးသောစကားကို အမှတ်တရနှင့် နောက်ပြောင်လိုက်၏။ ထိုအခါ မေရီသည် ရွှတ်နောက် နောက်ဂကလေးနှင့်ပင် ဟုတ်ကဲ့၊ ကျွန်မစောင့်နေပါတယ်။ မစ္စတာကလေး သမ္မတဖြစ်တာကို ကျွန်မစောင့်နေပါတယ်ဟု ဖြေလိုက်လေသည်။

မေရီသည် ဝင်၍ထိုင်လိုက်၏။ လွှတ်တော်အမတ်လူသိုက်မှာ ဖခင် ဖြစ်သူ၏ကိုယ်ရေးကိစ္စများတွင်လည်းကောင်း၊ မိမိအဖို့တွင်လည်းကောင်း အရေးပါအရာရောက်ကြသော မိတ်ဆွေရင်းများဖြစ်ကြလေသည်။ မစ္စတာ ကလေးသည် နိုင်ငံရေးရာကိစ္စများတွင် အာပေါင်အာရင်းသန်သန်နှင့် ပြော၍ နေ၏။ သူ့အသံမှာ တောင်ကိုပင် ဖောက်ထွင်းနိုင်လောက်သောအသံတစ်မျိုး

mgyoe.com

ဖြစ်လေသည်။ သို့သော် မေရီနှင့်ပတ်သက်၍မူ မစ္စတာကလေးသည် အမြဲ တစေပင် စကားပြောအလွန်ချိုသာလေ့ရှိပေသည်။ မစ္စတာကလေး၏ ခေါင်းတွင် ဆံပင်များမှာ နီကြန့်ကြန့်ရှိ၍ များစွာရှည်လှ၏။ မျက်နှာသွယ်သော်လည်း ပါးရိုးမောက်ပေသည်။ နှုတ်ခမ်းထူ၏၊ မေးဝိုင်း၏။ မျက်လုံးများမှာ အလွန်စူးရှတောက်ပြောင်သည်။ မစ္စတာကလေးကို ကြည့်ရင်း မေရီ၏ စိတ်ထဲတွင် မစ္စတာကလေးသည် သူနှင့်သမ္မတပြိုင်၍ အရွေးခံဘက်ဖြစ်သော အင်ဒရူးဂျက်ကဆင်နှင့် ရုပ်ရည်ခြင်းအတော်တူကြောင်း တွေးနေမိ၏။

အင်ဒရူးဂျက်ကဆင်သည် မတရားသောနည်းလမ်းများဖြင့် ဟင်နရီကလေးအား သမ္မတဖြစ်အောင် ပိတ်ပင်ထားသည်ဟုလည်း မေရီက ယုံကြည်ရင်းစွဲရှိ၍နေပေသည်။

ရစ်(ချ်)မိနီဖီးသည် အနီးသို့လာ၍ ထိုင်လိုက်လေသည်။ ရစ်(ချ်)မိနီဖီးကို မေရီ မတွေ့သည်မှာ ၂ နှစ်ခန့်ကြာခဲ့ပြီဖြစ်၏။ ထိုလွန်ခဲ့သော ၂ နှစ်ခန့်အချိန်က ဟဲရော့(ဒ်)ဘတ်မြို့တွင် နိုင်ငံရေးညီလာခံတစ်ရပ် ကျင်းပ၏။ ထိုညီလာခံတွင် မေရီ၏ ဖခင်ရောဘတ်တော့(ဒ်)အား လက်ထောက်ဘုရင်ခံအဖြစ်ဖြင့် တစ်စုံတစ်ယောက်ကတက်၍ အဆိုတင်သွင်း၏။ ထိုအခါတွင် ရစ်(ချ်)မိနီဖီးသည် ထိုအဆိုကို ဖျက်သိမ်းပစ်ရန် ညီလာခံနာယကထံသို့ တောင်းခံလိုက်လေသည်။

ကိုယ့်ကို အခုထက်ထိ ခွင့်မလွှတ်နိုင်သေးဘူးလား မေရီ။ အဲဒီတုန်းက နာမည်ကို ပြန်ပြီးရုပ်သိမ်းဖို့ကို ပြောရတာဟာ မင်းဖေဖေကိုယ်တိုင်က ပြောပေးပါဆိုလို့ ပြောရတာပါကွယ်ဟု ဆိုလိုက်လေသည်။

အဲဒီတုန်းက ဖေဖေ့စကားကို ရှင်နားထောင်ဖို့မကောင်းဘူးဟု မေရီကပြန်၍ပြောလိုက်၏။

မေရီသည် ဒေါသအရိပ်အယောင် အနည်းငယ်ပါ၍နေ၏။ ဖခင်သည် သမီး၏ခါးကို ဖက်လိုက်ပြီးနောက် ချော့မော့ယုယသောအသံဖြင့် ငါ့သမီးတို့မှာလည်း ဖေဖေဆုံးဖြတ်ချက်တွေနှင့် ပတ်သက်ပြီး စိတ်ညစ်ရမှာ ပဲဟု ဆိုလိုက်လေသည်။

သူ့ဖခင်ပြောသည့်အတိုင်းပင် မေရီသည် ဖခင်ဖြစ်သူ၏သဘောထားကို နားလည်ရန် အတော်ပင်ခက်ခဲ၍နေခဲ့၏။ မေရီ၏ဖခင် ရော့ဘတ်

mgyoe.com

mgyoe.com


တော့(ဒ်)သည် လက်စင်တန်မြို့တွင် တည်ထောင်ကြသော ပုဂ္ဂိုလ် ၆ ဦး အနက် တစ်ဦးမှဆင်းသက် ပေါက်ဖွားလာသူဖြစ်သည်။ ငယ်ရွယ်စဉ်က ထရန်စန်(လ်)ဖေးနီးရား တက္ကသိုလ်မှဂုဏ်ထူးနှင့် စာမေးပွဲအောင်ခဲ့သောသူ ဖြစ်လေသည်။ အသက် ၂၀ အရွယ်တွင် ရှေ့နေလိုက်ရန် လိုင်စင်ရခဲ့၏။ လက်စင်တန်မြို့တွင် ပညာအတော်ဆုံးအထက်မြက်ဆုံး လူတစ်ယောက်ဟု အများက ယုံကြည်လေးစားကြ၏။ မေရီသည် သူ့ဖခင်အား ရှေ့နေလုပ်စေ ချင်နေလေသည်။ ရှေ့နေအလုပ်မှာ ဥပဒေအကိုးအကားနှင့် ပြောဆိုလုပ်ကိုင် ရသောအလုပ်ဖြစ်၍ အလွန်စိတ်ဝင်စားစရာကောင်းသည်ဟု မေရီ ယူဆ ယုံကြည်ခဲ့ပေသည်။ သို့သော် မေရီ၏ဖခင်သည် ရှေ့နေလိုက်မည့်အစား ကုန်စုံဆိုင်တစ်ဆိုင်ကို တည်ထောင်နေခဲ့၏။ နယ်တွင် သိုးမွေး၊ ဂုန်လျှော်စက်ရုံ များ ထူထောင်ထား၏။ ကင်တပ်ကီးနယ်၊ လက်စင်တန်ဘဏ်တိုက်ခွဲတွင် လည်း ဦးစီးနာယက လုပ်လေသည်။ မေရီ၏ဖခင်သည် ကုန်ထုတ်လုပ်သူ တစ်ဦးအနေနှင့် ပစ္စည်းဥစ္စာတိုးပွားအောင် ပြုလုပ်ပြီး ထိုငွေပင်ငွေရင်းများဖြင့် လုပ်ငန်းသစ်များ ထူထောင်လိုသော ဆန္ဒများရှိပေသည်။ ထို့ကြောင့် ပညာ အလွန်တတ်ပါလျက်နှင့် ရှေ့နေမလိုက်ဘဲနေခြင်း ဖြစ်လေသည်။ ထိုအချက် ကို သမီးဖြစ်သူမေရီသည် များစွာမကျေနပ်လှ။ မစ္စတာကလေးနှင့် ကရစ် ကင်တန်တို့သည် ဖခင်ဖြစ်သူနှင့်အလားတူ အလွန်စိတ်ထက်မြက်ကြ၏။ ဉာဏ်ပညာရင့်သန်ကြ၏။ အတွေးအခေါ် စူးရှကြ၏။ ထိုအရည်အချင်းမျိုး ကို မေရီသည် များစွာမြတ်နိုးသောသူတစ်ယောက်ဖြစ်လေသည်။

များမကြာမီ မိသားစုဘဏ္ဍာစိုးသည် ငွေလင်ပန်းကြီးတစ်ချပ်ဖြင့် ဖျော်ရည်သုံးဆောင်ရန် ပစ္စည်းမျိုးစုံတို့ကို ယူ၍လာ၏။ ဘဏ္ဍာစိုးက ဖျော်ရည်များဖျော်၍နေစဉ် ယောက်ျားသိုက်သည် ဆောင်းဦးရာသီမတိုင်မီပင် ကျင်းပတော့မည်ဖြစ်သော နိုင်ငံရေးညီလာခံအကြောင်းကို အကျယ်တဝင့် ဆွေးနွေး၍နေကြပေသည်။ ဆွေးနွေးသည့်အထဲတွင် ပြည်ထောင်စုသမ္မတ လောင်းအဖြစ်ဖြင့် နာမည်တင်သွင်းခြင်းခံရလိမ့်မည်ဟု ခန့်မှန်းရသော ဒယ်နီ ဝက်စတား၊ ဂျင်နရယ်ဝင်ဖီ(န်)စားနှင့် လီဟင်နရီဟယ်ရီစန် စသည့်ပုဂ္ဂိုလ် များအကြောင်းကို အထူးတလည်ဆွေးနွေး၍ နေကြလေသည်။

ဘဏ္ဍာစိုးသည် ဖျော်ရည်များကို မကြာခဏဖျော်၍ အိမ်တွင် အမြဲ

mgyoe.com

သိုလှောင်ထားလေ့ရှိသော ပြင်သစ်ဝိုင်အရက်ဖြင့် ရောနှောနေသည်ကို ကြည့်ရင်း မေရီသည် သမ္မတလောင်းများ၏အကြောင်းကို စဉ်းစား၍နေ၏။ သမ္မတလောင်း ၃ ဦး မည်သို့ပင်ရှိစေကာမူ နောက်ဆုံး၌ ဟင်နရီကလေး သည်သာလျှင် သမ္မတတက်၍ ဖြစ်လိမ့်မည်ဟု တွေး၍နေ၏။ အဘယ် ကြောင့်ဆိုသော် ဟင်နရီကလေးသည် ပါတီ၏ခေါင်းဆောင်ဖြစ်သော ကြောင့်ပင်တည်း။

ဟင်နရီကလေးသည် ဖျော်ရည်တစ်ခွက်ကိုယူ၍ တစ်ငုံမျှသောက် ကြည့်ပြီးနောက် တို့ဘဏ္ဍာစိုးကြီး နယ်လဆင်ဟာ တယ်ပြီးတော့ ဖျော်ရည် ဖျော်တာကောင်းသကွဲ့။ ကင်းတပ်ကီးနယ်တွင်တော့ အချွန်ဆုံးပဲဟေ့။ တို့များ သမ္မတဖြစ်လို့အိမ်ဖြူတော်ကို ပြောင်းရရင် နယ်လဆင်ကိုတော့ အရခေါ်သွားရမှာပဲဟု နောက်လိုက်၏။

ကလေးက (တို့)ဟူသော စကားလုံးကို သုံးလိုက်သောအခါ မေရီ သည် မျက်နှာ၌ သွေးရောင်များတက်၍ လာခဲ့ပေသည်။ အဘယ်ကြောင့် ဆိုသော် (တို့)ဟူသော စကားကို သုံးလိုက်ခြင်းအားဖြင့် ဖခင်ဖြစ်သူ ရောဘတ်တော့(ဒ်)သည် အကယ်၍ ဟင်နရီသမ္မတဖြစ်လျှင် ဝန်ကြီးရာထူး တစ်နေရာကို ရလိမ့်မည်ဟု ဟင်နရီကလေးက စောင်းပါးရိပ်ခြည်ပြောလိုက် ကြောင်း မေရီသိရသောကြောင့် ဖြစ်လေသည်။ မေရီ၏ဖခင် ရောဘတ်တော့ (ဒ်)သည် နိုင်ငံရေးတွင် အလွန်ဝါသနာကြီး၏။ ကင်တပ်ကီးနယ်အောက် လွှတ်တော်တွင် ၂၁ နှစ်တိုင်တိုင် အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်၏။ သူ၏အိမ်မှာ လက်စင်တန်မြို့တွင် ပါတီဌာနချုပ်သဖွယ် ဖြစ်၍နေပေသည်။ သို့သော် ရောဘတ်တော့(ဒ်)သည် နောက်ကွယ်မှာပုန်း၍ အလုပ်လုပ်တတ် သူဖြစ်၏။ ဝန်ကြီးရာထူးကို လိုချင်သောသူမဟုတ်ပေ။

ဖခင်ဖြစ်သူက မည်မျှပင်ရာထူးမလိုချင်စေကာမူ ဟင်နရီကလေး သမ္မတဖြစ်လျှင် ဝန်ကြီးတစ်ဦးဖြစ်လာပြီး မိမိတို့သည် ဝါရှင်တန်မြို့သို့ ပြောင်းရွှေ့ကာ ဟန်ကျပန်ကျနေရတော့မည်ဟု တွေး၍ မေရီသည် အတွင်း ကျိတ်ဝမ်းသာ၍နေလေသည်။

× × ×

mgyoe.com

mgyoe.com

## (၂)

တစ်အိမ်လုံး မီးထိန်၍လင်းနေပေသည်။ အိမ်ရှေ့ဧည့်ခန်းကြီးတွင် ရှိကြသော ဖျင်ခန်းဆီးများကို ဘေးသို့ပင့်၍ထား၏။ မျက်နှာကြက်မှ တွဲလွဲကျနေသော ဖန်မီးအိမ်ကြီးများမှာလည်း ဝင်းပြောင်၍ နေကြလေသည်။ ကပ်လျက်ရှိသည့် အခြားဧည့်ခန်းငယ်နှစ်ခန်းတွင် အစိမ်းရောင် ဆိုဖာကြီးများ၌ မီးလင်းဖိုများ တစ်ဖက်တစ်ချက်နံရံတွင် အစီအရီကပ်၍ထားပေသည်။

မေရီသည် ဝင်းထဲသို့ မြင်းရထားမောင်း၍ ဝင်သောလမ်းပေါ်မှနေ၍ လမ်းခွဲထွက်လာပြီးလျှင် ကျောက်လှေကားထစ် ၃ ထစ်ကို တက်ခဲ့ပြီးသည့်နောက် တံခါးမကြီးသို့ ရောက်ရှိလာလေသည်။ တံခါးကြီးမှာ ပန်းများထွင်းထု၍ လုပ်ထားသော သစ်သားတံခါးမကြီးဖြစ်လေသည်။ မေရီနှင့်သူ့မိထွေးတို့သည် အတွင်းကျိတ်အားဖြင့် ခပ်တန်းတန်းဖြစ်ကြ၏။ သို့သော် မေရီသည် မိထွေးဖြစ်သူ ဘက်ဆီဟန်ဖရီးတော့(ဒ်)အား များစွာလေးစားသူဖြစ်လေသည်။ မိထွေးဖြစ်သူကား ထူးချွန်သော အမျိုးသမီးတစ်ယောက်ဖြစ်ဖို့ရန်မှာ ဆွေ ၇ ဆက်၊ မျိုး ၇ ဆက်တိုင်အောင် ကြိုးစားရသည်ဟု ဆိုခဲ့ဖူးလေသည်။ မေရီသည် ထိုအဆိုကို လက်ခံခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ဤအိမ်ကြီးနှင့် ဤပန်းခြံကြီးတို့မှာ မိထွေးဖြစ်သူ၏ အလှအပမွမ်းမံခြယ်လှယ်ထားသော အရည်အချင်းကြောင့် ဤမျှကြီးကျယ်ခမ်းနားနေရခြင်းဖြစ်ပေသည်။ လက်ဦးက ဤအိမ်မှာ ဝီလျံပါး(လ်)မားတီးယား၏ အိမ်ကြီးဖြစ်ခဲ့လေသည်။ မေရီ၏ဖခင် ရောဘတ်တော့(ဒ်)သည် ထိုအိမ်ကြီးကို လေလံပွဲတစ်ခုတွင် ဆွဲဝယ်ခဲ့လေသည်။ လက်ဦးက ဤအိမ်ကြီးမှာ အလွန်ကျယ်ဝန်းသော အုတ်ကျောက်အိမ်ကြီးသာလျှင်ဖြစ်၏။ ဘက်ဆီ၏ လက်ထက်သို့ရောက်မှ ထိုရိုးရိုးအဆောက်အဦကြီးကို တဖြည်းဖြည်းပြုပြင်လာခဲ့ရာ ၁၂ ပေမြင့်သော မျက်နှာကြက်ကြီးများ ရှိ၍လာ၏။ ပြတင်းပေါက်ပေါင်များမှာလည်း ပန်းကပ်တို့နှင့်ဖြစ်၍ လာ၏။ အခန်းတိုင်းတွင်ရှိသော မီးလင်းဖိုများတွင် နဖူးစည်းများမှာလည်း ပန်းပုများ ထွင်းထုထားသော နဖူးစည်းများဖြစ်၍ လာခဲ့လေသည်။

မေရီ၏ဖခင်သည် မိထွေးဖြစ်သူဘက်ဆီအား မေရီအသက် (၈)နှစ်

mgyoe.com

mgyoe.com

အရွယ်တွင် လက်ထပ်ခဲ့လေသည်။ မေရီသည် မိထွေးနှင့်ပတ်သက်၍ အကြိမ်ကြိမ်စဉ်းစားကြည့်ခဲ့မိဖူး၏။ ငါဘာဖြစ်လို့ မိထွေးကို မချစ်နိုင်တာပါလိမ့်၊ ငါတို့ဘွားဘွား မစွက်ပါတားက တို့တစ်တွေကို မိထွေးနဲ့မတည့်အောင် မြှောက်ပေးခဲ့လို့များ ဖြစ်နေမလားဟု မေရီသည် မကြာခဏတွေး၍ကြည့်ခဲ့မိဖူးလေသည်။ လင်ပါသမီးများအဖို့၌ မိထွေးဖြစ်သူ ဘက်ဆီသည် မနှစ်မြို့ဖွယ်အမျိုးသမီးတစ်ဦးအဖြစ်ဖြင့် အယူရှိနေခဲ့ကြပေသည်။ တို့မိထွေးဟာ တို့တစ်တွေကို မြန်မြန်အိမ်ထောင်ကျပြီး ဒီအိမ်က ထွက်ခွာသွားစေချင်တာပဲဟုလည်း လင်ပါသမီးများက တွေးတောလေ့ရှိကြပေသည်။ ဤနေ့ည အဖို့တွင် မိထွေးဖြစ်သူဘက်ဆီသည် အောက်ထပ်ဧည့်ခန်းသို့ ဆင်းမလာဘဲ အိမ်ပေါ်ထပ်တွင်ပင်နေ၏။ သူ့အဆိုအရ ဆဋ္ဌမအကြိမ်ကလေးကို မီးဖွားရသဖြင့် အင်အားမပြည့်စုံသေးသောကြောင့် ဤကဲ့သို့ နေရပါသည်ဟုဆိုလေသည်။ သို့သော် မေရီသည် အဘယ်ကြောင့် မိထွေးဖြစ်သူ အောက်ထပ်သို့ဆင်း၍ ဧည့်ခံသည့်အကြောင်းရင်းကိုသိ၏။ ဘက်ဆီသည် အောက်ထပ်ဧည့်ခန်းတွင် သူ၏ပါတီအတွက် တစ်ဦးတည်းသော ဧည့်ခံသူ အိမ်ရှင်မ အဖြစ်ဖြင့် လွတ်လပ်စွာ ဧည့်ခံနိုင်စေရန် မိထွေးဖြစ်သူ ဘက်ဆီက ရှောင်၍ပေးခြင်းသာဖြစ်လေသည်။

နောက်ဖေးဘက်ရှိဧည့်ခန်းတွင် တီးဝိုင်းဆရာတို့သည် သူတို့၏ တူရိယာများကို ကြိုးညှိ၍နေကြ၏။ နောက်ဖေးဘက်ဧည့်ခန်းထဲမှာ အစိမ်းရောင်ကတ္တီပါခင်းကုလားထိုင်များနှင့်ဆိုဖာများကို ခန်းမကြီးထဲသို့ ရွှေ့ပြောင်း၍ပေးရလေသည်။ တီးဝိုင်းဆရာတို့မှာ ကာနယ်ဂရေးဟန်၏ တီးဝိုင်း ဆရာများဖြစ်လေသည်။ တီးဝိုင်းဆရာ ရှုဘင်ဟင်နရီနှင့်ဂျက်တို့သည် နွေရာသီတစ်လျှောက်လုံး ကာနယ်ဂရေးဟန်၏ အိမ်တော်တွင် အမြဲအသုံးတော်ခံခဲ့ကြ၏။ မေရီသည် တီးဝိုင်းဆရာများ ရှိရာသို့ဝင်ခဲ့၏။ တီးဝိုင်းဆရာတို့သည် တယောနှင့်ဂီတာကို စန္ဒရားနှင့်အသံကိုက်၍ ကြိုးညှိနေကြလေသည်။ မေရီသည် တီးဝိုင်းဆရာများကို နှုတ်ဆက်ပြီးနောက် နောက်ဆုံးပေါ် ကကြိုးသီချင်းများအကြောင်းကို ပြောပြ၍နေလေသည်။

မာမိရာဂီရှန်းအိမ်က ကပွဲကြီးတုန်းကလို ကျွန်မတို့ စတီးရင် စစ်ချီသံနှင့်ပဏာမပျိုးရရင် မကောင်းပေဘူးလားဟု မေရီကအကြံဉာဏ်ပေးလိုက်၏။ တီးဝိုင်းဆရာများက ကျုပ်တို့အားလုံး အသင့်ပါပဲဟု ဆိုလိုက်ကြပေသည်။

mgyoe.com

mgyoe.com

များမကြာမီ တစ်ဦးတည်းမြင်းစီး၍လာသော မြင်းခွာသံကို အိမ်ရှေ့တံခါးပေါက်ဆီက ကြားရ၏။ မြင်းစီးသူ၏အသံကို ကျက်မိသဖြင့် ထိုသူသည် ဆင်ဒီမက္ကဒေါ်နယ်ဖြစ်ကြောင်းကို မေရီသိလေသည်။

ဆင်ဒီမက္ကဒေါ်နယ်သည် အရပ်ခပ်မြင့်မြင့်ဖြစ်၏။ သူ့ဆံပင်မှာ ခပ်ဝါဝါရှိလေသည်။ အသားမှာလည်း ခပ်ဝါဝါပင်ဖြစ်၏။ ပါးပေါ်တွင် မှဲ့ပေါက်များရှိ၏။ သူ၏အသားအရောင်ကြောင့်လည်းကောင်း၊ စကော့လူမျိုးအနေဖြစ်သောကြောင့်လည်းကောင်း သူ့အား ဆင်ဒီဆိုသောအမည်ပြောင်ကို ပေးထားလေသည်။ သူ၏အမည်ရင်းမှာ သောမတ်(စ်)မက္ကဒေါ်နယ်ဖြစ်၏။ ဤအမည်ရင်းကို သူပညာသင်ကြားခဲ့သော ထရန်စန်(လ်)ဘေးနီးယားတက္ကသိုလ်မှ မှတ်ပုံတင်အရာရှိသာလျှင် သိ၏။ လူအားလုံးတို့ကမူ သူ့အား ဆင်ဒီဟုသာ ခေါ်လေ့ရှိကြပေသည်။

ကောင်းသောညနေခင်းပါ ဆင်ဒီ၊ ရှင် အခု ဝတ်လာခဲ့တဲ့ အဝတ်အစားတွေဟာ သိပ်ပြီးတော့ ကျက်သရေရှိတာပဲဟု မေရီသည် နှုတ်ဆက်စကားပြောလိုက်လေသည်။ ထိုအခါ ဆင်ဒီက မေရီ့ ပါတီအတွက် အထူးဝတ်လာတာပါ။ ပြီးတော့ ဒီအဝတ်အစားတွေဟာ ကျုပ်တို့ မစ်စစ္စပီးနယ်မှာ အလွန်ရှားတဲ့ ကျုပ်တို့ကို ဒီအဝတ်တွေဝတ်ပြီးပြန်လို့ရှိလျှင် လူတိုင်းက ကျုပ်ကိုမနာလို တိုရှည်ပြောကြမှာ သေချာပါတယ်ဟု ဆင်ဒီက ပြန်ပြောလိုက်လေသည်။

အချိန်မှာ ၁၀ နာရီ ရှိသွားပြီဖြစ်၏။ အမိုးဖွင့်၍ထားသော မြင်းရထားများသည် လမ်းမဘက်မှနေ၍ ဝင်းထဲသို့ ဝင်လာနေကြသည်။ ပထမဦးဆုံးရောက်ရှိလာသောဧည့်သည်မှာ မေရီ၏ မိတ်ဆွေကောင်းတစ်ဦး ဖြစ်သော မာဂရက်ဝစ်လပ်ဖြစ်၏။ မာဂရက်သည် အပြာရောင်ဂါဝန်ကို ဝတ်ဆင်ထား၏။ နားတွင် သူ့မိခင်၏ စိန်နားဆွဲများကို ဆင်၍လာပေသည်။ မာဂရက်နှင့်အတူ သူနှင့်စေ့စပ်ထားသော ဝီလျံပရက်(စ်)တန်လည်း ပါ၍လာ၏။ ဝီလျံပရက်(စ်)တန်သည် များမကြာမီက လူဝီဘီးမြို့တွင် ရှေ့နေဖြစ်ခဲ့ပေသည်။ နောက်ဆက်၍ ရောက်လာသည်မှာ အစ်ဆာဘယ်လာဘော်ဒလေးဖြစ်၏။ အစ်ဆာဘယ်လာသည် ထူထဲသော အဖြူရောင်ပိုး အင်္ကျီကို ဝတ်ထား၏။ ဂါဝန်မှာ သားမွေးအမြှောင်းများနှင့် အပြာရောင်တွင် ရွှေရောင်

mgyoe.com

mgyee.com


အစင်းများဖြစ်သော ဂါဝန်ဖြစ်လေသည်။ အစ်ဆာဘယ်လာသည် မေရီနှင့် အတူ ၁၄ နှစ်မှ ၁၈ နှစ်သမီးအရွယ်အထိ မဒ်(နီ)မင်တယ်၏ အမျိုးသမီး ကျောင်းတွင် အတူတူနေခဲ့ဖူးလေသည်။ အစ်ဆာဘယ်လာနှင့်အတူ လိုက်ပါ လာသူမှာ ဂျက်(ဒ်)ဘာရီရာအမည်ရှိ ပြင်သစ်လူမျိုး ကျောင်းသားလူငယ် တစ်ဦးဖြစ်လေသည်။ နောက်ဆက်၍ ရောက်လာသူမှာ မေရီ၏ကျောင်းနေဖက် သူငယ်ချင်းဟောင်းတစ်ဦးဖြစ်သူ ကက်သရင်းထရော့တားဖြစ်၏။ ကက်သရင်းသည် နယူးအော်လင်မြို့သို့ ခေတ္တသွားလည်ရာမှ ပြန်ရောက် လာသူဖြစ်လေသည်။ ကျောက်ခက်ပန်းပလင်အနေနှင့်အမှောက်ကြီးဆောက် ၍ လာ၏။ ဂါဝန်ပွကြီးကိုလည်း ဝတ်၍လာပေသည်။ မေရီ၏ ညီအစ်မ ဝမ်းကွဲဖြစ်သော မာဂရက် စတူးဝပ်သည်လည်း မစ္စတာကရင်တင်တန်၏ သား သောမတ်(စ်)ကရင်တင်တန်နှင့်အတူရောက်လာ၏။ မေရီတို့၏ အိမ်သုံးဆရာဝန်ဖြစ်သော ဒေါက်တာဘယ်လီရာဝါဖီး(လ်)၏အငယ်ဆုံး သားသမီး ၃ ယောက်တို့သည် ရောဘတ်ဝင်လင်နှင့်အတူ ရောက်လာကြ၏။ အခြားသောဧည့်သည်လူငယ်များမှာ အားလုံးလိုလိုပင်ထရန်ဆစ်ဘေးနီးယား တက္ကသိုလ်မှ ကျောင်းသားများဖြစ်ကြလေသည်။

အိမ်ကြီးတစ်အိမ်လုံးမှာ ရယ်သံ၊ မောသံတို့နှင့် သောသောညံ၍ နေပေသည်။ မေရီသည် အလွန်ပျော်နေ၏။ ဤကဲ့သို့ ထုံးတမ်းစဉ်လာ ကျင်းပသော ပါတီများ၌ ဧည့်သည်များကို ဆီးကြိုရသည့်တာဝန်သည် မေရီအဖို့တွင် ပျော်စရာ အကောင်းဆုံးတာဝန်တစ်မျိုးဖြစ်၍ နေပေသည်။ သိဟောင်းကျွမ်းဟောင်းမိတ်ဆွေများ ဝိုင်းဝိုင်းလည်၍နေသော အချိန်မျိုးတွင် မေရီ၏မျက်လုံးများသည် ရွှန်းရွှန်းလဲ့လဲ့ တောက်ပ၍နေတတ်ပေသည်။ မေရီ၏ ပြည့်ဖြိုးသောပခုံးသားများနှင့် ရင်ညွန့်ကို ဧည့်သည်တိုင်းကပင် တအံ့တသြ တိတ်တိတ်ခိုးကြည့်မိတတ်ကြ၏။ မေရီသည် ဧည့်သည်များကို ကြိုဆိုရာ၌ အလွန်ပါးနပ်လိမ္မာ၏။ လက်ဆွဲနှုတ်ဆက်ပြီးနောက် ပါးကို အသာအယာနမ်းလိုက်ပြီးလျှင် စိတ်ဝင်စားဖွယ်ကောင်းသော မေးခွန်းတစ်ခု ကို မေးကာ ဧည့်သည်၏အဝတ်အစားကို အကွက်ကျကျ ချီးမွမ်းပြောဆို တတ်သူဖြစ်လေသည်။

ဧည့်သည်များ စုံလင်ကြသောအခါ သောမတ်(စ်)ကရင်တင်တန်

mgyee.com

mgyoe.com

သည် ရယ်စရာပုံတစ်ခုကို ထိုနေ့ထုတ်အော့(ဖ်)ဘဇားဗား သတင်းစာထဲ၌ ဖတ်ခဲ့ရကြောင်း ပြန်၍ပြောပြနေ၏။ ထိုပုံဝတ္ထုမှာကား

သတို့သားနှင့် သတို့သမီးတို့သည် လက်ထပ်ရန် ဘုရားရှိခိုးကျောင်းသို့သွားကြ၏။ လမ်းတွင် သတို့သားက သတို့သမီးအား ခင်ရေ ခင့်ကို မောင်လက်မထပ်ခင် ခြွင်းချက် ၃ ခုကိုတော့ တောင်းရဦးမယ်ကွယ်။ အဲဒီခြွင်းချက်ကတော့ မောင်တစ်ယောက်တည်း အိပ်မယ်၊ မောင်တစ်ယောက်တည်းစားမယ်။ မောင်ဟာ ခင့်ကို အကြောင်းမရှိဘဲ အမြဲအပြစ်ရှာနေမယ်။ အဲဒီ အချက် ၃ ချက်ရမှ မောင် ခင့်ကို လက်ထပ်နိုင်မယ်ဟု ပြော၏။ ထိုအခါတွင် သတို့သမီးက မောင့်ခြွင်းချက်တွေကို ခင်ကလည်း လက်ခံပါတယ်။ မောင်တစ်ယောက်တည်းအိပ်လိုလျှင် အိပ်ပါ။ ခင်ကတော့ တစ်ယောက်တည်း မအိပ်ဘူး။ မောင်တစ်ယောက်တည်း စားမယ်ဆိုလျှင် စားပါ။ ဒါပေမဲ့ ခင်က အရင်စားပါရစေ။ နောက်ပြီးတော့ အပြစ်မရှိဘဲ အပြစ်ရှာမယ်ဆိုလျှင်လည်း ရှာပါ။ ဒါပေမဲ့ အပြစ်ရှာစရာမလိုအောင် ခင်ကလည်း အပြစ်အမျိုးမျိုး လုပ်ပေးပါ့မယ်ဟု ပြန်၍ပြောလေသည်။

ဤကဲ့သို့ ရယ်စရာ၊ မောစရာများကို ပြောဆိုနေချိန်တွင် ၁၀ နာရီနှင့် ၁၅ မိနစ်ရှိသွားပြီး နောက်ဆုံးဧည့်သည်များ ရောက်လာကြ၏။ မေရီသည် တီးဝိုင်းဆရာများဘက်သို့ လက်ကိုင်ပဝါများ လုပ်ပြလိုက်၏။ တီးဝိုင်းက စစ်ချီသံကို စ၍တီး၏။ မေရီသည် ဆင်ဒီနှင့်တွဲ၍ စစ်ချီသံအတိုင်း ဧည့်ခန်းနှစ်ခန်းကို ဖြတ်လျှောက်ခဲ့၏။ ဧည့်သည်များသည် အတွဲလိုက်အတွဲလိုက် သူတို့နောက်က ပြေး၍လာကြလေသည်။ စစ်ချီသံဆုံး၍ သွားသောအခါ တီးဝိုင်းဆရာများသည် ဝိုင်းကြီးပတ်ပတ်ကရသော ကကြိုးများကို တီးကြ၏။ ထိုအခါ ဧည့်သည်များသည် ကကြိုးများအတိုင်းတွဲ၍ ကကြလေသည်။ မေရီသည် မမောနိုင်၊ မပန်းနိုင်က၍နေလေသည်။

သန်းခေါင်အချိန်သို့ ရောက်လာ၏။ တီးဝိုင်းဆရာများသည် ပရိသတ်က တောင့်တသော ကကြိုးတစ်ကြိုးကို အကြိမ်ပေါင်းများစွာ တီး၍ပြီးပြီဖြစ်လေသည်။ သန်းခေါင်အချိန်ကျသည့်အခါတိုင်အောင် ဘဏ္ဍာစိုးကြီးနယ်လဆင်သည် ထမင်းစားခန်းပြတင်းများကို ဖွင့်လိုက်၏။ ထမင်းစားခန်းထဲတွင် စားပွဲကြီးမှာ အဆင်သင့်ပြင်၍ထား၏။ စားပွဲပေါ်တွင် စားဖွယ်

mgyoe.com

mgyoe.com

သောက်ဖွယ်များ အဆင်သင့်ရှိ၍ နေပေသည်။ ကုလားထိုင်များမှာ နံရံနှင့် ကပ်၍ထား၏။ ဧည့်သည်များသည် စားသောက်ဖွယ်များကို မိမိတို့ စိတ်တိုင်းကျ ယူ၍စားသောက်ရန် စီစဉ်၍ထား၏။ ငွေဖြင့် ပြုလုပ်ထားသော မီးပန်းတိုင်ကြီးများသည် ဖယောင်းတိုင်ကြီး ၁၂ တိုင်ဖြင့် ထိန်ထိန်လင်း၍နေပေသည်။ စားပွဲခင်းများသည်လည်း ဖြူဖွေးသန့်ရှင်း၍နေပေသည်။ စားသောက်ဖွယ်များမှာ ရေခဲစိမ်ထားသော ဖရဲသီးများ၊ ပြင်သစ်ပြည်မှလာသော အသားမျိုးစုံ ပုစွန်တုပ်များ၊ ကြက်ဆင်သားများ၊ ဝက်ပေါင်ခြောက်များ၊ သကြားခွေများနှင့် အခြားဖွယ်ရာသော အစားအသောက်မျိုးစုံပါရှိလေသည်။ ဘဏ္ဍာစိုးကြီးနယ်လဆင်သည် လင်ပန်းတစ်ချပ်တွင် ရှန်ပိန်အရက်ခွက်များ ထည့်၍ လူစိတက်စိလျှောက်၍ ပို့ပေးနေလေသည်။

အတော်ကြာ စားသောက်ပြီးနောက် စကားတသောသော ဖြစ်၍လာကြပြန်၏။ နောက်တစ်နေ့တွင် ကျင်းပမည့်ဘွဲ့နှင်းသဘင်အကြောင်း၊ စကားရည်လုပွဲများအကြောင်း၊ ပြေးပွဲပြိုင်ပွဲများအကြောင်းနှင့် ပြဇာတ်များ၏ အကြောင်းကို မိန်းကလေးများက ပြောဆိုနေကြ၏။ ယောကျ်ားသိုက်ကမူ မိမိတို့ ပညာသင်ကြားရပုံ၊ ရှေ့အဖို့၌ မည်သို့မျှော်လင့်ထားပုံများကို ပြောဆိုနေကြပေသည်။

မေရီသည် သကြားခွေတစ်ခုကို စားသောက်လျက်တစ်ပိုင်းနှင့် ချထားလိုက်ပြီး မျက်နှာကလေး အို၍လာလေသည်။ နောက်တစ်နေ့တွင် ကျင်းပမည့်ဘွဲ့နှင်းသဘင်ပွဲသို့သူသည် တက်ရောက်ရန် အဆင်သင့်ရှိသူဖြစ်လေသည်။ သို့သော် မေရီသည် ဘွဲ့နှင်းသဘင်သို့ သွားနိုင်သောသူ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မေရီသည် တက္ကသိုလ်တွင် သင်တန်းတက်ခဲ့သူမဟုတ်၊ တက္ကသိုလ်သင်တန်းတွင် သင်ကြားပို့ချသော ဘာသာရပ်များကို မေရီသည် တစ်ဦးတည်း ကျိတ်၍သင်ခဲ့လေသည်။ မသိသော ဘာသာရပ်များကို လက်ဦးဆရာဖြစ်သော ဒေါက်တာဂျွန်ဝပ်နှင့် တိတ်တိတ်ခိုးသင်ခဲ့၏။ သင်တန်းတက်ရသူမဟုတ်သဖြင့် ဘွဲ့မယူနိုင်ရှာပေ။

မေရီသည် ဧည့်သည်များ၏မျက်နှာကို အကဲခတ်လိုက်၏။ မေရီ ပညာဘက်၌ ဝါသနာပါသည်ကို မိတ်ဆွေများက ချီးကျူးကြ၏။ သို့သော်လည်း မိန်းကလေးဖြစ်လျက် တက္ကသိုလ်ပညာကို ဝါသနာပါသည်မှာ

mgyoe.com

mgyoe.com


ထိုခေတ်က အထူးအဆန်းသဖွယ် ဖြစ်၍နေပေသည်။

မေရီ၏အနီးတွင် ထိုင်၍နေသော ဆင်ဒီက ဘယ်နဲ့လဲ မေရီ ငြိမ်ချက်သားကောင်းလှချည်လားဟု မေးလိုက်၏။

စဉ်းစားနေလို့ပါ ဆင်ဒီဟု မေရီက ဖြေလိုက်လေသည်။

ဆင်ဒီသည် မေရီ့အနီးသို့ တိုးကပ်လိုက်ပြီးနောက် လာကွယ် အပြင်ဘက်ထွက်ကြရအောင်။ ကိုယ် မင်းကို ပြောစရာတစ်ခုရှိတယ်ဟု ဆိုလိုက်လေသည်။

× × ×

(၃)

မေရီနှင့်ဆင်ဒီ သူတို့နှစ်ယောက်သည် ဥယျာဉ်၏အောက်ခြေတွင် ရှိသော တံတားကလေး၏ အလယ်ကောင်တွင် မတ်တတ်ရပ်၍ နေကြလေသည်။ သူတို့ပခုံးများမှာ မထိတထိဖြစ်၍ နေပေသည်။ ဆင်ဒီသည် ရှေ့ရေးနှင့် ပတ်သက်၍ စီးပွားရေးအကြောင်း အစုံအလင်ကို မေရီအား ပြောပြလျက် ရှိပေသည်။ သူ၏ဖခင်သည် အီစတာပွဲတော်နေ့က ကွယ်လွန်ခဲ့ကြောင်း၊ သူသည် တစ်ဦးတည်းသောသားဖြစ်သဖြင့် မိသားစုပိုင်ဆိုင်သော အိမ်ဂေဟာကြီးကို အမွေဆက်ခံရမည်ဖြစ်ကြောင်း၊ ထိုအိမ်ကြီး၏ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးခင်းကြီးတစ်ခုလုံးကို ဦးစီးလုပ်ကိုင်ရတော့မည်ဖြစ်ကြောင်းစသဖြင့် ဆင်ဒီသည် မေရီအား ပြောပြလျက်ရှိပေသည်။ ဆင်ဒီ အမွေဆက်ခံရမည် ဖြစ်သော (မစ်)ရှမျှော်ခင်းအိုင်ကြီးနှင့် ပတ်သက်၍ပြောပြရာတွင် ...

အဲဒီအိမ်ဟာကွယ် အင်မတန်ကြီးမားတဲ့ဝက်သစ်ချပင်ကြီးတွေ ပတ်လည်ဝိုင်းနေတာပဲကွယ်။ ပြီးတော့ကာ ရှေးဟောင်းဂရိအိုင်ကြီးတွေတွဲပြီးတော့ ဆောက်ထားတဲ့အိမ်ကြီးပေါ့ကွယ်။ မျက်နှာစာ ၃ ဖက်မှာ သစ်ပင်တွေရဲ့အရိပ်က ထိုးပြီးကျနေတော့ အင်မတန် အေးတာပေါ့။ မျက်နှာကြက် ဆိုလျှင် ၁၄ ပေတောင်မြင့်တယ်ကွယ်။ ပြတင်းပေါက်တွေဆိုလို့ရှိလျှင် ပြင်သစ်နိုင်ငံက အိမ်တွေနဲ့ ခပ်ဆင်ဆင်ဆောက်ထားတာပေါ့ကွယ်။ အိမ်ကြီးကတော့နည်းနည်းအိုနေပြီပေါ့။ ဒါပေမဲ့ တို့ပြန်ပြီးပြင်လိုက်လို့ရှိလျှင်

mgyoe.com

m gyoe.com

ခေတ်ဆန်လာမှာပါပဲကွယ်။ မီးလင်းဖို နဖူးစည်းတွေမှာ တင်ထားတဲပစ္စည်းတွေကို မေရီ အသစ်ပြောင်းချင်ရင် ပြောင်းပေါ့။ စိုက်ပျိုးခင်းကြီးထဲကရတဲ့ ပိုက်ဆံတွေအားလုံးဟာ ဒီအိမ်ကြီးကို မွမ်းမံဖို့ မေရီစိတ်တိုင်းကျသလိုပေါ့ကွယ်။ ပြီးတော့ကာ မေမေဟာလည်း မေရီ့ကို ဘာမျှအချုပ်အချယ်မရှိဘဲ ထားမယ်ဆိုတာကို ယုံပါကွယ်စသဖြင့် ပြော၍နေပေသည်။

မေရီသည် နားထောင်ရင်း သူ့နားကိုသူ မယုံနိုင်သလောက်ဖြစ်၍ နေလေသည်။ ဆင်ဒီပြောပြသောအကြောင်းအရာတို့မှာ သူ့ကိုလက်ထပ်ပါဟူ၍ စေ့စပ်ကြောင်းလမ်းနေသယောင်ရှိ၏။ ရှေးဟောင်းခေတ်အိမ်ကြီးတစ်အိမ်လုံးကို ခေတ်မီအောင်ပြုပြင်ပေးပါဟု ဆင်ဒီက ပြောဆိုနေခြင်းသည် ထိုအိမ်ဂေဟာကြီး၏ အိမ်ရှင်မအဖြစ်ဖြင့် တာဝန်ယူပါတော့ (သို့မဟုတ်) အိမ်ထောင်ရှင်မကြီးဖြစ်ပါတော့ဟူ၍ ပြောနေသည်နှင့်မခြား အဓိပ္ပာယ်ထပ်တူထွက်လျက်ရှိနေပေသည်။

ဆင်ဒီသည် စကားကိုဆက်၍ ပြောနေလေသည်။ ဆင်ဒီ၏ ပါးစပ်မှာ ကရားမှရေလွှတ်သလို တတွတ်တွတ်ထွက်၍ နေသောစကားများမှာ ရတဲ့စပါးတွေကတော့ ကိုယ့်သဘောပေါ့ မေရီရဲ့၊ ဒါပေမဲ့ စီးပွားရေးကိစ္စက လွဲပြီးတော့ တခြားကိစ္စတွေကျလို့ရှိလျှင် အိမ်ရှင်မရဲ့သဘောအတိုင်း အကုန်လုံးဖြစ်ရတာချည်းပါပဲကွယ်။ ဘယ်လောက်အထိများလဲဆိုလျှင် ကိုယ့်မိသားစုရဲ့အရေးမှာချည်း မဟုတ်ဘူးကွဲ့။ စိုက်ပျိုးခင်းမှာ အလုပ်လုပ်နေကြတဲ့ ကျေးကျွန်မိသား နှစ်ရာရဲ့ကိစ္စအထိပဲကွဲ့။ အဲဒီမိသားစုအားလုံးရဲ့ ဘဏ္ဍာတိုက်ကို သော့ကိုင်ထားတာဟာ အိမ်ရှင်မ တစ်ဦးတည်းပဲကွဲ့။ မတတ်မလိမ္မာတာ မကျွမ်းကျင်တာရှိရင်လည်း ဒီအိမ်ရှင်မကပဲ သွန်သင်ဆုံးမရတယ်။ ဥယျာဉ်ပန်းမန်တွေ စိုက်ပျိုးရာမှာလည်း အိမ်ရှင်မကပဲ တာဝန်ယူရတယ်ကွဲ့၊ စားဖိုမှူးတွေ အိမ်ဖော်တွေကို အုပ်ချုပ်ရာမှာလည်း အိမ်ထောင်ရှင်မရဲ့ တာဝန်ပဲကွဲ့၊ သူတို့ လူစုတွေကို မကျန်းမာလို့ရှိလျှင် စောင့်ရှောက်ရတာလည်း အိမ်ထောင်ရှင်မရဲ့တာဝန်ပဲ၊ အဲဒီတော့ အိမ်ထောင်ရှင်မရဲ့တာဝန်ဟာ မသေးပေဘူးပေါ့နော်၊ မသေးပေမယ်လို့ မေရီတာဝန်ယူနိုင်မယ်လို့ ကိုယ်ထင်ပါတယ်ကွယ်စသည်တို့ပင် ဖြစ်လေသည်။

ဆင်ဒီသည် ချစ်စဖွယ် နုနယ်၍နေသော မေရီ၏ပခုံးကလေးများ

mgyoe.com

ကို ကိုင်လိုက်ပြီးလျှင် သူနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်လိုက်၏။ စင်စစ်အားဖြင့်ဆိုလျှင် ဆင်ဒီသည် မေရီအား ဤကဲ့သို့ စိတ်အားထက်သန်စွာဖြင့် ပခုံးကိုကိုင်၍ စကားပြောဆိုခဲ့ဖူးခြင်း လုံးဝမရှိပေ။ မေရီနှင့် မိတ်ဆွေဖြစ်ခဲ့သည်မှာ ကာလအတန် ရှည်လျားခဲ့ကြပြီဖြစ်၏။ သို့သော်လည်း ဤမျှလောက် စိတ်အားထက်သန်မှုကို တစ်ခါမျှမပြခဲ့ဘူးပေ။

ဆင်ဒီသည် မေရီအား စေ့စေ့ကြည့်၍ မေရီရယ် မနက်ဖြန်ဘွဲ့နှင်းသဘင်ပြီးလျှင် တို့လက်ထပ်ကြပါစို့ကွယ်။ တို့လက်ထပ်မယ့်ကိစ္စနှင့် ပတ်သက်ပြီး မာမီရာဂီရှွန်းကို မေးကြည့်ပြီးပြီကွဲ့ မင်းနှင့် ပတ်သက်လို့ရှိလျှင် လက်စင်တန်မြို့မှာ အလှဆုံးလက်ထပ်ပွဲဖြစ်အောင် သူလုပ်ပေးပါမယ်လို့ ငါ့ကို သူက အာမခံထားတယ်။ တို့မိတ်ဆွေအားလုံးကို ဖိတ်တာပေါ့ကွယ်ဟု ဆိုလိုက်လေသည်။

မေရီသည် ဆင်ဒီနှင့်ပါးချင်းအပ်လိုက်ပြီးနောက် မျက်ရည်တွေတွေကျဆင်း၍ လာပေသည်။ ဆင်ဒီသည် မေရီမျက်ရည်ကျနေသည်ကို သတိထားမိပေသည်။

ပျော်လွန်းလို့ မျက်ရည်ကျတာလား မေရီရဲ့ဟု ဆင်ဒီက မေးလိုက်၏။

မေရီသည် ပါးချင်းခွာလိုက်ပြီးနောက် မျက်ရည်များကို သုတ်လိုက်ပြီးလျှင် ဆင်ဒီ၏ပခုံးပေါ်မှ ကျော်၍ မိမိတို့အပေါ်မှ မိုး၍နေသော နေအိမ်ကြီးကို ကြည့်လိုက်လေသည်။ အိမ်ကြီးမှာ မီးထိန်ထိန်ညီးအောင် ထွန်းလင်း၍နေပေသည်။

ကိုယ်မျက်ရည်ကျမိတာ တခြားကြောင့် မဟုတ်ပါဘူးကွယ်။ ကိုယ့်တစ်သက်တာမှာ ခုလိုလက်ထပ်ပါရစေလို့ ခွင့်တောင်းတာဟာ ယခုအကြိမ်ဟာ ပထမဦးဆုံးအကြိမ်ပဲ၊ မိန်းကလေးဆိုတော့ စိတ်မှာတုန်လှုပ်တာပေါ့ကွယ်၊ ကျေးဇူးတင်တဲ့အနေနဲ့ ကိုယ်မျက်ရည်ကျမိတာပါဟု မေရီက မျက်ရည်များသုတ်ရင်း ပြောလိုက်လေသည်။

ဟင် ... မဟုတ်နိုင်ပါဘူးကွယ်၊ မေရီလိုလှတဲ့ မိန်းကလေးတစ်ယောက်ဟာ တခြားလူတွေကလည်း လက်ထပ်ချင်မှာပေါ့၊ တစ်မြို့လုံးမှာ မေရီဟာ အလှဆုံးမိန်းကလေးမဟုတ်ဘူးလား မေရီ့ကို လိုချင်တဲ့လူတွေ

mgyoe.com

အများကြီးရှိမှာပေါ့။

ဆင်ဒီသည် မေရီအား နောက်ပြောင်၍နေလေသည်။

မေရီကိုယ်တိုင်ကလည်း အေးဟုတ်ပါရဲ့ ငါဟာ အလှဆုံးမိန်းကလေး ဖြစ်ပါလျက်နဲ့ လက်ထပ်ပါရစေလို့ပြောတဲ့လူ ဘာဖြစ်လို့ နည်းပါလိမ့်ဟူ၍ တွေးတော၍နေလေသည်။ ယောကျ်ားကလေးများအပေါ်တွင် စိတ်ဝင်စားဟန်မဖြစ်လို့ ပေလားဟူ၍လည်းကောင်း၊ သို့လည်းမဟုတ် ယောကျ်ားကလေးများ ကိုယ်တိုင်ကပင် ငါ့အပေါ်မှာ စိတ်မဝင်စားပေလို့လားဟူ၍လည်းကောင်း စသဖြင့် မေရီသည် တွေး၍နေလေသည်။ လက်စင်တန်မြို့တစ်မြို့လုံးရှိပါတီအမျိုးမျိုးသို့ မေရီရောက်ဖူးခဲ့၏။ ပျော်ပွဲစားထွက်ရာပွဲအမျိုးမျိုးကိုလည်း မေရီရောက်ဖူး၏။ ညစာစားပွဲများသို့လည်း မေရီရောက်ဖူး၏။ ကပွဲများသို့လည်းရောက်ဖူး၏။ ထိုကဲ့သို့ သွားရောက်ရာတွင် လူငယ်များနှင့်လည်း တွေ့ကြုံဖူး၏။ လူကြီးများနှင့်လည်း တွေ့ကြုံဖူး၏။ ရှင်ကြီး၏ ဝမ်းထဲသို့လည်းဝင်ခဲ့ဖူး၏။ ရှင်ငယ်၏ဝမ်းထဲသို့လည်းဝင်ခဲ့ဖူး၏။ သို့သော် (သူ့အား လက်ထပ်ပါဟူ၍) မည်သူကမျှ မတောင်းဆိုခဲ့ဘူးပေ။ ဤအဖြစ်မျိုးနှင့် ၅ နှစ်တိုင်တိုင်နေခဲ့ရပေသည်။ တွေ့ဆုံသိကျွမ်းရသော မိတ်ဆွေများနှင့်ပျော်ခဲ့၏ ရွှင်ခဲ့၏။ သူ့အိမ်ထောင်ရေးကို မည်သူကမျှ မစဉ်းစားခဲ့ကြပေ။ ယခုမူအိမ်ထောင်ရေးနှင့်ရင်ဆိုင်တွေ့ရလေပြီ။ မိမိသည် အလွန်ကျွန်ကောင်းသော အပျိုကြီးဖြစ်ခဲ့ပေသလောဟူ၍ပင် မေရီသည် တွေးမှားမိရှာလေသည်။ အိမ်ထောင်ရေးအတွက် အသင့်ပြင်ဆင်ပြီး မရှိသေးသော အမျိုးသမီးတစ်ဦးဖြစ်ခဲ့လေသလောဟု မေရီသည် တွေးမိမှားရှာလေသည်။

အိမ်ထောင်ကပ်၍ လွဲခဲ့ရသောအခန်းများအနက်တစ်ခန်းမှာ ဒတ်စမွန်ဖလင်းမားနှင့် ပတ်သက်သော အခန်းပင်ဖြစ်လေသည်။ ဒတ်စမွန်သည် အသက် ၂၆ နှစ်အရွယ်တွင် ရှိသေးသော်လည်း ဤနယ်တစ်ဝိုက်တွင် နာမည်ကြီးသော သူတစ်ယောက်ဖြစ်လေသည်။ ဒတ်စမွန်သည် မြင်းမွေးသူတစ်ဦးဖြစ်ပြီး စားကျက်မြေဧက ၂၀၀ ပိုင်သူဖြစ်၏။ သူ၏ မြင်းဇောင်းများမှာ ဆေးဖြူသုတ်၍ထားပြီး ကိုယ်ပိုင်မြင်းကျင့်သည့် လူလည်းရှိသူဖြစ်လေသည်။ မေရီသည် ဒတ်စမွန်အား ကပွဲကြီးတစ်ပွဲတွင် တွေ့ခဲ့ရလေသည်။ ကပွဲမကျင်းပမီ ရက်အနည်းငယ်လိုသေးသောအချိန်က မေရီသည် မုန့်များဝယ်ရန်

mgyee.com

mgyoe.com

မာမီရာဂီရွှန်း၏ဆိုင်သို့ သွားခဲ့လေသည်။ မာမီရာဂီရွှန်းသည် ကပွဲအတွက် ပြင်ဆင်၍ ထားသောဆိုင်အပေါ်ထပ်သို့ မေရီအား ခေါ်သွားပြီး ကပွဲအခန်းကြီး၏ အဆင်အယင်ကို ပြသလေသည်။ ကပွဲအခန်းမှာ သုံးခန်းဖြစ်၏။ တံခါးကြီးများမှာ ချယ်ရီသားဖြင့် ပြုလုပ်ထားသော ခေါက်တံခါးကြီးများ ဖြစ်လေသည်။ မျက်နှာကြက်တွင် အင်္ဂတေပန်းကြီးများရှိ၏။ နံရံများတွင်ကား လိမ္မော်ပင်များ၏ ပုံကိုရေးချယ်၍ ထားလေသည်။ ကပွဲခန်းကြီး၏ အလယ်တွင် ရပ်၍နေသည်မှာ ပြည်ထောင်စုတောင်ပိုင်းရှိ လိမ္မော်ခြံကြီးတစ်ခြံထဲတွင် ရပ်၍နေရဘိသကဲ့သို့ ရှိလေသည်။

မေရီသည် မာမီရာဂီရွှန်း၏ ဆိုင်မှအပြန်တွင် အထည်ဆိုင်သို့ပြေး၍ ပစ္စည်းများဝယ်၏။ ထို့နောက် မိသားစုအတွက် အဝတ်အစားများ ချုပ်လုပ်ပေးသော မိန်းမကြီးကို အမြန်ဆုံး အခေါ်လွှတ်လိုက်လေသည်။ ရောက်လာသောအခါ ကပွဲအတွက် ဂါဝန်အသစ်ကို အမြန်ဆုံးချုပ်စေ၏။ ဂါဝန်အောက်ပိုင်းမှာ လိမ္မော်ရောင်ပိုးသားဖြစ်ပြီး လိမ္မော်ရွက်အစိမ်းများသဏ္ဌာန်ကိုပန်းထိုးစေရလေသည်။ ဂါဝန်အထက်ပိုင်းကို ကြီးမားလှသော လိမ္မော်ရွက်အစိမ်းကြီးတစ်ရွက်ပုံသဏ္ဌာန် ပန်းထိုးစေပြီးနောက် ရင်ဖုံးပေါ်တွင် ရွှေဝါရောင်လိမ္မော်ခိုင်တစ်ခိုင်ကို ပန်းထိုးစေလေသည်။

မေရီသည် အဝတ်ချုပ်သောမိန်းမကြီး၏ အကူအညီဖြင့် နေ့ညမအား ဂါဝန်ချုပ်လုပ်ရ၏။ ဂါဝန်သည် ကပွဲအချိန်မီ ပြီးစီး၍သွား၏။ ကပွဲကျင်းပသောအခါ မေရီမှာ ကြိုးစားရကျိုးနပ်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် လိမ္မော်ခြံကြီးနှင့်တူ၍နေသော ကပွဲခန်းမဆောင်တွင် မေရီတစ်ဦးတည်းသာ အလိုက်လျောဆုံးဖြစ်နေခဲ့ပြီး အားလုံးက ဝိုင်းဝန်းချီးမွမ်းခြင်းခံရသည်သာမက လူငယ်ပိုင်းကလည်း မေရီအား သူတို့နှင့်တွဲ၍ ကပါရန် ဖိတ်ခေါ်ချက်အများဆုံးရရှိခဲ့ပေသည်။ မေရီကို အများဆုံးအရေးတယူပြုသောသူမှာကား ဒတ်စမွန်ဖလင်းမား ဖြစ်ပေသည်။ ဒတ်စမွန်သည် ကပွဲသို့လာကြသော ယောကျ်ားများအနက် အချောမောဆုံးဖြစ်ပြီး ရွှေဝါရောင်ဆံပင်များနှင့် အလွန်ကြည့်၍ကောင်းသူဖြစ်ပေသည်။ ဒတ်စမွန်၏ ဟန်ပန်မှာ လွတ်လပ်စွာနေတတ်ထိုင်တတ်သော ဟန်ပန်မျိုးဖြစ်၏။ ဒတ်စမွန်သည် မေရီနှင့် အကြိမ်ပေါင်းများစွာတွဲဖက်၍ ကပြီးနောက် လသာဆောင်သို့ မေရီ

mgyoe.com

အားခေါ်ခဲ့လေသည်။

မေရီသည် အသားဖြူလွန်းသော လူငယ်များကို အထူးတလည် စိတ်ဝင်စားခြင်းမရှိ ဆံပင်နက်၍ အသိရခက်သော မျက်လုံးမျိုးရှိသည့် လူငယ်များအပေါ်၌သာ ပိုမို၍စိတ်ဝင်စားလေသည်။ အသိရခက်သော ယောကျ်ားနှင့်တွေ့ရခြင်းသည် မေရီ၏အဖို့၌ ပြိုင်ပွဲတစ်ခုကဲ့သို့ဖြစ်၏။ အသိရခက်သော ယောကျ်ားတစ်ယောက်ကို သိအောင်ကြိုးစားရခြင်းမှာ မေရီ၏အဖို့တွင် အားစမ်းပွဲတစ်မျိုး၊ အရသာတစ်မျိုးဖြစ်၍နေခဲ့ပေသည်။

ဒတ်စမွန်သည် မေရီကို အသိရခက်သည်နှင့်အမျှ မေရီကလည်း ဒတ်စမွန်နှင့်ပတ်သက်၍ သဘောကို အသိရခက်နေပေသည်။ တစ်ဦး၏ သဘောကို တစ်ဦး သိလိုမြင်လို၍ စူးစမ်းချင်သော ဆန္ဒဖြစ်ပေါ်လာရခြင်းပင် တစ်ဦးကိုတစ်ဦး စွဲမက်စေရန် ဖန်တီးသကဲ့သို့ရှိ၍ နေပေသည်။ မေရီနှင့် ဒတ်စမွန်တို့သည် ပါတီတစ်ခုတွင် ထပ်၍တွေ့ကြပြန်၏။ ဒတ်စမွန်သည် သူမကြာမီက ဝယ်လိုက်သော မြင်းမတစ်ကောင်၏အကြောင်းကို ချီးကျူး၍ မဆုံးနိုင်အောင်ဖြစ်၍နေဆဲ၊ မေရီက (ဒတ်စမွန်ရေ ကိုယ်ကတော့ မြင်းဦးစွန်းနှင့် အမြီးကိုတောင် ခွဲခြားမသိတဲ့လူတစ်ယောက်ပဲကွယ်၊ ဒီမြင်းကြီးတွေ အကြောင်းကို အရှည်ကြီးလျှောက်ပြောနေလို့ နားပင်းတဲ့လူကို ပြောရသလို ရှိတော့မပေါ့)ဟု ရယ်သွမ်းသွေးလိုက်၏။)

ထိုအခါ ဒတ်စမွန်က မေရီက အင်မတန် စာတတ်တဲ့လူပဲကွယ်၊ ပါးစပ်က ပြောပြတာကို စိတ်မဝင်စားပေမဲ့ မြင်းကြဲဖတ်စာအုပ်တစ်အုပ်သာ ဆိုလျှင် စိတ်ဝင်စားပြီး ဖတ်ပေမှာပဲ၊ တကယ့်လောကကြီးဟာ စာအုပ်ထဲမှာ ထက် အများကြီးရှင်းပါတယ်၊ စာတွေ့ထက် ကိုယ်တွေ့က ပိုပြီးတော့ မရှင်းပေဘူးလားဟု ပြောလိုက်လေသည်။

ဘာပဲဖြစ်ဖြစ်၊ မေရီက စာတွေ့က ကိုယ်တွေ့ထက်ပိုတယ်လို့ ထင်တာပဲ၊ ဥပမာ မြင်းပွဲမှာ ကိုယ်တိုင်သွားပြီး လောင်းတာထက် မြင်း စာအုပ်ကို ဖတ်ရတာက ပိုပြီးတော့ စိတ်ဝင်စားစရာ မကောင်းပေဘူးလားဟု မေရီက ဆို၏။

ဒတ်စမွန်သည် သူ့အိတ်ထဲမှ ထွက်ပြူ၍နေသော မြင်းစာအုပ်ကို ကြည့်ရင်း ရယ်လိုက်လေသည်။ ပြီးလျှင် ဒတ်စမွန်က ကိုယ်က မြင်းဝါသနာ

mgyoe.com

mgyoe.com

ပါတယ်၊ မေရီက အိုးအိမ်တွေကို ဝါသနာပါတယ်၊ ဝါသနာပါပုံချင်းတော့ မတူဘူးပေါ့၊ ဒါပေမဲ့ ဝါသနာစွဲပုံချင်းကတော့ အတူတူပါပဲဟု ပြောလိုက်လေသည်။

တဖြည်းဖြည်းနှင့် ရေရှားလာခဲ့ပြီးနောက် မေရီသည် ကောက်ရိတ်သိမ်းချိန်ကပွဲများတွင် ဒတ်စမွန်းနှင့်မကြာခဏ တွေ့ရလေသည်။ တစ်နေ့တွင် ဒတ်စမွန်က မေရီရေ ကိုယ့်ဆီကိုလာပြီး မြင်းဝယ်မယ့်တခြားနယ်က လူတွေကို ကိုယ်ဧည့်ခံပွဲတစ်ပွဲလုပ်ရလိမ့်မယ်၊ ကိုယ့်မိဘတွေကလည်း ခရီးထွက်နေကြတယ်၊ ဒီတော့ မင်းကိုယ့်အိမ်ကို လာပြီးကူပါလားဟု ဖိတ်ခေါ်လေသည်။ ထိုအခါ မေရီက ကောင်းသားပဲ ဒတ်စမွန်းရေ၊ ကိုယ်ဧည့်ခံရမယ့်လူတွေရဲ့စာရင်းကို ပေးပါလားဟု တောင်းဆိုလိုက်လေသည်။

ဧည့်ခံပွဲကျင်းပသောအခါ မေရီသည် ဧည့်သည်များကို တစ်ဦးစီနာမည်ခေါ်၍ လိုက်လံနှုတ်ဆက်ခြင်း၊ တချို့သူများ ပိုင်ဆိုင်သည့်လယ်တောများ၏အကြောင်း၊ မြင်းများ၏အကြောင်းကို မကြာခဏ မေးမြန်းနိုင်ခဲ့ပေသည်။ ထမင်းပွဲတွင် မေရီသည် အားလုံးစိတ်ချမ်းသာ ပျော်ရွှင်အောင် စီမံပေးနိုင်ခဲ့၏။ စကားပြောတတ်သည့် ဧည့်သည်တစ်ဦး၏အနီးတွင် တိတ်ဆိတ်ငြိမ်သက်စွာနေတတ်၍ တိုတောင်းသော မြို့ခံလူတစ်ဦးကို နေရာချပေးထားပြီး စကားနည်းမည့်ဧည့်သည်တစ်ဦးအနီးတွင် စကားပြောကောင်းသူ မြို့ခံလူတစ်ဦးကို နေရာချပေးခဲ့လေသည်။ ဤနည်းဖြင့် ဧည့်ခံပွဲမှာ စည်ကားသိုက်မြိုက်၍နေပေရာ ဒတ်စမွန်းသည် မေရီအားကျေးဇူးတင်၍မဆုံးနိုင်အောင်ရှိခဲ့ပေသည်။

ဧည့်ခံပွဲတွင် အများဆုံးပြောကြသည့်စကားမှာ မြင်းများ၏အကြောင်းပင်ဖြစ်လေသည်။ မေရီသည် နိုင်ငံခြားသားများ၏အကြားတွင် ရောက်နေရသလိုဖြစ်နေ၏။ အဘယ်မြင်းနှင့် အဘယ်မြင်းစပ်သည့်အကြောင်း၊ အဘယ်မြို့က မြင်းပြိုင်ကွင်းများတွင် အဘယ်မြင်းက ခြေအကောင်းဆုံးဖြစ်ကြောင်း၊ အဘယ်နယ်မှ သောက်ရေကောင်းသဖြင့် မြင်းများ ပို၍ အရိုးမာကြောင်းစသည့်စကားများမှာ မေရီ့အဖို့ ထူးဆန်းသောစကားများဖြစ်နေပေသည်။

ဧည့်သည်များပြန်၍သွားကြသောအခါ အတော်ညဉ့်နက်ပြီဖြစ်၏။

mgyoe.com

mgyoe.com


ဒတ်စမွန်းသည် ကျေးဇူးတင်သောအားဖြင့် မေရီ၏ပခုံးကို ပွေ့လိုက်လေသည်။ မေရီ၏စိတ်ထဲတွင် မိမိပိုင်အိမ်၌ မိမိ၏ဧည့်သည်များကို ဧည့်ခံရပြီး မိမိ၏ခင်ပွန်းနှင့်အတူ နှုတ်ဆက်ရဘိသကဲ့သို့ ထင်မှတ်၍နေမိလေသည်။

အိမ်သို့ပြန်ကာ မေရီ၏ရထားသည် တံခါးပေါက်သို့ ရောက်၍လာသည်။ ထိုအခါ ဒတ်စမွန်းသည် မေရီအား ရင်ခွင်ထဲသို့ ပွေ့သွင်းလိုက်ပြီးနောက် နှုတ်ခမ်းချင်းဆက်၍ နှုတ်ဆက်ရင်း၊ မေရီရဲ့ အခုမြင်းဝယ်မယ့်လူတွေဟာ နက်ဖြန်ကျရင်တော့ ငါမွေးထားတဲ့မြင်းတွေကို တစ်ဝက်ကျော်ကျော်ဝယ်တော့မှာ သေချာတာပဲ၊ အဲဒါဟာ မင်းရဲ့ကျေးဇူးပဲ မေရီရဲ့ဟု ပြောလိုက်လေသည်။

ဒတ်စမွန်းသည် မေရီအား ပိုမိုတင်းကျပ်စွာပွေ့ဖက်လိုက်၏။ ဒတ်စမွန်းက သူ့အားလက်ထပ်ပါဟုဆို၍လာအောင် မေရီသည် စွမ်းဆောင်နိုင်သော အခြေအနေသို့ရောက်၍နေ၏။ (လက်ထပ်ဟူသော စကားတစ်လုံးကို ထွက်လာစေရန်မှာ ဒတ်စမွန်းအား ပြန်၍တင်းကျပ်စွာ ဖက်လိုက်ဖို့သာ ဖြစ်လေသည်။)

သို့သော် မေရီသည် ဒတ်စမွန်းကို တကယ်ချစ်သလော၊ စဉ်းစားလျှင် မေရီသည် ဒတ်စမွန်းကို မချစ်ပေ။ အိမ်ထောင်ဘက်ရွေးရာတွင် မေရီသည် ငယ်စဉ်ကပင်လျှင် ယတိပြတ်ဆုံးဖြတ်ချက်ရှိထားသောသူဖြစ်လေသည်။

မေရီလက်ထပ်လိုသော လူစားမျိုးမှာ ဒတ်စမွန်းကဲ့သို့ တိရစ္ဆာန်မွေးမြူပြီး စီးပွားရှာသောသူမဟုတ်ပေ။ ရုပ်ချောတိုင်းလည်း မေရီမနှစ်သက်ပေ။ မေရီ အလိုလားဆုံးသော ယောကျ်ားမျိုးမှာ အလွန်ထက်မြက်သော စိတ်ဓာတ်ရှိသူမျိုးသာလျှင် ဖြစ်ပေသည်။ အမျိုးသားရေးနှင့် နိုင်ငံရေးတွင် ပါးနပ်လိမ္မာစွာ ပါဝင်ဆောင်ရွက်နိုင်သည့်ယောကျ်ားမျိုးကိုသာ အလိုရှိ၏။ ထို့ကြောင့်ပင် မေရီသည် ပြည်ထောင်စုသမ္မတ အင်ဒရူးဂျက်ကဆင်ဟင်နရီကလေးတို့အား ကြည်ညိုခဲ့ခြင်းဖြစ်၏။ အိမ်ထောင်ပြုရမယ်ဆိုရင် မေရီသည်စိတ်ဓာတ်ထက်မြက်၍ နောင်အခါတွင် အထွတ်အထိပ်သို့ရောက်နိုင်မည့်လူစားမျိုးနှင့်သာ အိမ်ထောင်ပြုလိုခဲ့၏။ ရုပ်ထွေးလှသော လူ့ဘုံကြီး၏ ကောင်းကျိုးကို အနိုင်မခံ အရှုံးမပေးဘဲ ဆောင်ရွက်သွားလိုသော အစွမ်းအစ

mgyoe.com

mgyoe.com


မာမီဆယ်လီတို့သည် တိတ်တဆိတ်ခိုး၍ အစားအသောက်များ ကျွေးမွေး လေ့ရှိကြပေသည်။ ဤကဲ့သို့ ကျွေးမွေးကြသည်ကို မိဘများမသိအောင် လျှို့ဝှက်၍ထားကြ၏။ မေရီသည် ငွေဝယ်ကျွန်များအား သနား၍ မဆုံးနိုင် သောသူတစ်ယောက်ဖြစ်လေသည်။

မေရီသည် ငွေဝယ်ကျွန်များ၏အကြောင်းကို တစိမ့်စိမ့်တွေး၍ နေရကား ဒီမြို့ကကို ခွာပြီး သွားနိုင်အောင် ဆွဲဆောင်နိုင်တဲ့အကြောင်း ဘာမျှမရှိဟုထင်ပါရဲ့ ဆင်ဒီရယ်ဟု ညည်းတွားလိုက်၏။ ထိုအခါ ဆင်ဒီက ကိုယ်နဲ့လက်ထပ်ချင်ရင် ဒီမြို့ကို မင်း ဘာဖြစ်လို့ မခွာဘဲနေနိုင်ရမှာလဲဟု မေးလိုက်လေသည်။

မေရီသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးနောက် အခုလိုငါနဲ့ လက်ထင်ချင်တယ်ဆိုတာကို ကျေးဇူးတင်ပါတယ်ကွယ်။ ဒါပေမဲ့ အချစ်ဆို တာ တစ်မျိုးပဲ ဆင်ဒီဟု ပြောကာ ဆင်ဒီ၏ပါးကို အသာအယာနမ်းလိုက် လေသည်။

× × ×

(၄)

နံနက်စာစားရန်ခေါင်းလောင်းသံကြားရ၏။ မေရီသည် အိပ်ရာမှ နိုးလာ၏။ အချိန်မှာ ၈ နာရီရှိလေပြီ။ မေရီသည် အိပ်ရာထဲမှ ထလာခဲ့ ပြီးနောက် ပြတင်းပေါက်ခန်းဆီးများကို ဘေးသို့ဖယ်လိုက်၏။ အပြင်ဘက် တွင် ရာသီဥတုမှာ သာယာ၍နေလေသည်။ ဤနေ့သည် တက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ဖြစ်၏။ မေရီသည် ရေချိုင့်ထဲမှရေကို ဇလုံထဲသို့ လောင်းထည့်လိုက်ပြီးနောက် မျက်နှာသစ်၏။ ပြီးလျှင် သူ့ခေါင်းမှဆံပင် များကို ဖြီးသိမ်း၍နေလေသည်။ မေရီသည် ဝတ်လုံကိုမဝတ်မီ မှန်ထဲက သူ့ကိုယ်လုံး ကိုယ်ထည်၏အရိပ်ကို ကြည့်ကာ သဘောကျနေမိလေသည်။ မေရီတို့မိသားစုသည် အသက်ရလာသည်နှင့်အမျှ ဝ၍ ဝ၍လာတတ်၏။ မေရီ သည် ဗိုက်ရွဲ၍လာမည်စိုးသောကြောင့် တစ်ခါတစ်ရံ အချို့မုန့်များကို မစားဘဲ နေခဲ့ရလေသည်။ မေရီ၏မျက်နှာမှာ နယ်တစ်ဝိုက်တွင် ချောသည်ဟု

mgyoe.com

mgyoe.com


ယူဆကြသော မျက်နှာသွယ်မျိုးမဟုတ်။ မျက်နှာဝိုင်းဖြစ်၏။ သို့သော်လည်း မေရီသည် အသားအရေ ကြည်လင်ပြီး မျက်လုံးပြာ၏။ မျက်တောင်ကော့ကြီးများရှိ၏။ သို့သော် မျက်နှာမှာ အလွန်ရှင်းသော မျက်နှာမျိုးဖြစ်လေသည်။ မေရီသည် သေတ္တာငယ်တစ်လုံးကို ဖွင့်၍ ရွှေဝါရောင်ဖဲပြားကို ယူလိုက်ပြီးလျှင် ခေါင်းဥ္ဒဆီးလိုက်လေသည်။

မေရီသည် အခန်းပတ်လည်ကိုကြည့်ကာ သဘောကျ၍နေပြန်၏။ လွန်ခဲ့သော ၄ နှစ်လောက်ကပင် ဤအခန်းကို မေရီကိုယ်တိုင်ပြုပြင်ခဲ့၏။ ဤအခန်းတွင် မေရီသည်အိပ်၍လည်းရအောင်၊ ဧည့်ခံ၍လည်းဖြစ်နိုင်အောင် ပြုပြင်၍ထားပေသည်။ ထူထဲသော ခန်းဆီးများကို တပ်ဆင်ထား၏။

မေရီသည် ခန်းမကြီး၏ပြတင်းပေါက်သို့ လျှောက်လာပြီး လမ်းမပေါ်တွင် ဘာတွေများဖြစ်နေပါလိမ့်မလဲဟု ကြည့်လိုက်လေသည်။ လမ်း၏ တစ်ဖက်ရှိ မက္ကဆွဲမိသားစုနေအိမ်ရှေ့တွင် ဒေါက်တာဝါဖီး၏ ဘာဂီရထားကို မြင်ရ၏။ မစ္စက်မက္ကဆွဲသည် မကျန်းမမာဖြစ်ပြန်လေပြီဟု မေရီသည် တွေး၍ နေမိလေသည်။ မေရီသည် ဇူလိုင်လ ၄ ရက်၊ လွတ်လပ်ရေးအောင်ပွဲနေ့က မိမိသွားခဲ့ရသော တရားပွဲတစ်ပွဲ၏အကြောင်းကို တွေး၍ နေမိပြန်လေသည်။ ထိုတရားပွဲတွင် ဟင်နရီကလေးက တရားဟောပေသည်။ ထိုစဉ်က မေရီမှာ ၆ နှစ်သမီးမျှသာ ရှိသေး၏။ ဟင်နရီကလေး၏ တရားဟောသံကို နားထောင်နေစဉ် မိမိအား လူကြီးများက အိမ်သို့ ရုတ်တရက် ပြန်ခေါ်လာခဲ့၏။ အိမ်ရှေ့တွင် ဒေါက်တာဝါဖီးနှင့် ဒေါက်တာဒတ်တလီတို့၏ မြင်းလှည်းများကို တွေ့ရ၏။ မိခင်ဖြစ်သူသည် ကလေးမွေးပြန်လေပြီ။ မာမီဆယ်လီသည် ကလေးတိုင်းလိုပင် ဝမ်းဆွဲပေးခဲ့ရလေသည်။

ထိုနေ့ညက မေရီသည် ဘွားအေဖြစ်သူ၏အိမ်သို့သွား၍ အိပ်ခဲ့ရ၏။ ငိုသံများကြားရသဖြင့် မေရီသည် အိပ်ရာမှနိုးလာ၏။ မေရီသည် ပြတင်းပေါက်သို့ပြေးကာ နောက်ဘေးပန်းခြံထဲသို့ ကြည့်လိုက်ရာ အဝတ်လှန်းသော ကြိုးတန်းတွင် ခေါင်းအုံးစွပ်တစ်ထည် လှမ်း၍ထားသည်ကို မြင်ရ၏။ ဤနည်းအားဖြင့် တစ်စုံတစ်ယောက် သေဆုံးသွားကြောင်း သိရပေသည်။ နောက်ဆုံးမွေးသောကလေး သေတာဖြစ်မှာပဲဟု မေရီက တွေး၏။ မေရီ အသက် ၂ နှစ်သမီးအရွယ်တုန်းက မောင်ကလေးတစ်ယောက် သေဆုံး

mgyoe.com

mgyoe.com

ခဲ့ဖူးလေသည်။ မေရီသည် ဘွားအေအိမ်မှ မိမိနေရင်းအိမ်သို့ပြန်ခဲ့၏။ အဒေါ်ဖြစ်သူ မာရီယာသည် ဘဏ္ဍာစိုးကြီးနယ်လဆင်အား အသုဘရှုဖိတ်စာများကို အပေးခိုင်း၍ နေခဲ့လေသည်။

မေရီသည် အံ့အားသင့်နေပြီးနောက် ဖိတ်စာတစ်ခုကို ကိုင်၍ ဖတ်လိုက်၏။ ဖိတ်စာမှာ သူ့မိခင် မစ္စက်(စ်)အယ်လီဇာတော့(ဒ်)သေဆုံးသည်၌ အသုဘရှုကြရန် ရေးထားသောဖိတ်စာဖြစ်နေလေသည်။

ထိုအချိန်မှစ၍ မေရီအဖို့တွင် လောကသည် အခြေအနေတစ်မျိုးပြောင်းလွဲ၍ သွားခဲ့ပေသည်။ အထူးသဖြင့် ဖခင်ဖြစ်သူ နောက်အိမ်ထောင်ပြုလိုက်သောအခါတွင် မေရီ၏ပတ်ဝန်းကျင် အခြေအနေသည် ပိုမို၍ ပြောင်းလွဲခဲ့လေသည်။

မေရီသည် ပြတင်းပေါက်တွင် ရပ်ကာတွေဝေငေးမောနေဆဲ မစ္စက်(စ်) မက္ကဆွဲအိမ်ထဲမှ ဆရာဝန်ထွက်လာသည်ကို မြင်ရ၏။ ထို့နောက် မေရီသည် ဘဏ္ဍာစိုးကြီးနယ်လဆင် လက်တွန်းလှည်းတစ်လှည်း၊ အမဲသား၊ ငါးများ၊ ၁စ်သီးများအပြည့်ထည့်ကာ တွန်း၍လာသည်ကို လမ်းမပေါ်တွင် မြင်ရလသည်။ မေရီသည် ခန်းမဆောင်ကြီးကို ဖြတ်ကူးခဲ့ပြီးနောက် ကလေးများအိပ်ကြသောအခန်းသို့ ရောက်လာခဲ့လေသည်။ မေရီသည် အသက် ၂နှစ်ကျော်ကျော်သာရှိသေးသော ညီမကလေး အယ်မီလီကို အိပ်ရာမှနှိုးခဲ့၏။ အယ်မီလီမှာ မိသားစုထဲတွင် အလှဆုံးကလေးဖြစ်လေသည်။ အယ်မီလီနှင့် မေရီတို့သည် ဖအေတူ မအေကွဲများဖြစ်ကြသော်လည်း တစ်ဦးကို တစ်ဦး အလွန်ချစ်ကြလေသည်။ မေရီသည် အယ်မီလီအား မျက်နှာသစ်၍ ခေါင်းဖြီးပေးပြီးနောက် ဂါဝန်ဝတ်ပေးကာ ကလေးကို ထမ်း၍အောက်ထပ် ထမင်းစားခန်းထဲသို့ ဆင်းလာခဲ့လေသည်။

မေရီ၏ဖခင်သည် အလုပ်နှင့်ပတ်သက်၍ ထွက်သွားပြီဖြစ်၏။ ဘက်ဆီသည် အိမ်ပေါ်ထပ်မှဆင်းမလာသေးပေ။ စားပွဲတွင်ထိုင်နေကြသောသူများမှာ မအေတူ ဖအေကွဲညီမငယ်များဖြစ်ကြသော အသက် ၁၀ နှစ်ရွယ် မာဂရက်၊ အသက် ၆ နှစ်ရွယ် မာသာတို့အပြင် မောင်ငယ်များဖြစ် ကြသော အသက် ၉ နှစ်အရွယ် ဆယ်မြူရယ်နှင့် အသက် ၇ နှစ်အရွယ် ဒေးဗစ်တို့ဖြစ်ကြလေသည်။ မိထွေးဖြစ်သူသည် နံနက်စာကို ဆင်း၍ စားလေ့မရှိပေ။

mgyoe.com

mgyoe.com


မေရီ၏မောင်အရင်း အသက် ၁၃ နှစ်ရွယ် ဂျော့သည် ထမင်းစားခန်းထဲတွင် ထမင်းစားလေ့မရှိခဲ့၊ မီးဖိုချောင်ထဲတွင်သာ စားလေ့ရှိ၏။ ဂျော့ကို မွေးစဉ် အခါက မေရီတို့မိခင်မှာ သေဆုံးခဲ့လေသည်။

ထမင်းစားခန်းထဲသို့ မေရီဝင်လာသောအခါ ကလေးငယ်များက အားရပါးရ နှုတ်ဆက်ကြပေသည်။ မေရီသည် သစ်သီးကို ယူ၍စားလိုက်၏။ မိထွေးဖြစ်သူနှင့် ဆက်ဆံရာတွင် ခပ်တန်းတန်းဖြစ်သော်လည်း ကလေးငယ်များကိုကား မေရီသည် ချစ်လေသည်။ အထူးသဖြင့် ဆယ်မြှုရယ်နှင့် ဒေးဗစ်တို့ကို ပိုမို၍ချစ်၏။ ထိုမောင်ငယ်များနှင့်အတူ ခရီးရှည်မြင်းထွက်၍ စီးလေ့ရှိ၏။ ညအချိန်ကျလျှင် ထိုမောင်ငယ်များအား ပုံဝတ္ထုစာအုပ်များကို ဖတ်၍ပြရလေသည်။

ခဏမျှကြာသောအခါ လှေကားမှဆင်းလာသော ခြေသံကိုကြားရ၏။ ၎င်းခြေသံမှာ မိထွေးဖြစ်သူ၏ ခြေသံဖြစ်ကြောင်း မေရီ ချက်ချင်း သတိထားမိ၏။ များမကြာမီ မိထွေးဖြစ်သူ ဘက်ဆီတော့(ဒ်)သည် အခန်း ထဲသို့ဝင်လာ၏။ ဘတ်ဆီတော့(ဒ်)သည် ခရမ်းရောင်ကတ္တီပါဝတ်ရုံကို ဝတ်၍ထားပေသည်။ မေရီသည် မိထွေးဖြစ်သူ အသက်မည်မျှရှိပြီကို သေသေချာချာ မသိပေ။ သို့သော် ၃၈ နှစ်လောက်ရှိလိမ့်မည်ဟု မေရီ ခန့်မှန်းကြည့်မိ၏။ မိထွေးဖြစ်သူသည် ဆံပင်ကို အလယ်တည့်တည့်မှခွဲပြီး ဘေးတစ်ဖက်တစ်ချက်တွင် အမောက်များ ထောင်ထားတတ်လေသည်။ မေရီသည် မိထွေးဖြစ်သူအား လှသည်ဟူ၍မထင်၊ နှာတံရှည်လွန်းပြီး ပေါ်လွန်းအားကြီးသည်ဟု ယူဆလေသည်။ အသိဉာဏ်ပညာနှင့် ပြည့်စုံ ကြောင်းမှာကား မိထွေး၏မျက်နှာမှာ ထင်ရှား၍နေ၏။ မိထွေးဖြစ်သူ ဘက်ဆီသည် စိတ်ဓာတ်ပြင်းထန်၏။ တာဝန်ဝတ္တရားကိုသိ၏။ လင်ပါ သမီး ၆ ယောက်နှင့် သူကိုယ်တိုင်မွေးထားသော ကလေး ၆ ယောက်တို့ကို ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်၍ လာခဲ့ပေသည်။

မိထွေးဖြစ်သူဘတ်ဆီသည် စာအလွန်ဖတ်သူဖြစ်၏။ ပြည်ထောင်စု နိုင်ငံကြီးကိုလည်း ကောင်းစွာနားလည်၏။ သူ့ဦးလေးနှစ်ယောက်မှာ အထက်လွှတ်တော်အမတ်များ ဖြစ်ကြလေသည်။ ထိုဦးလေးများသည် မေရီ ၏မွေးနေ့တိုင်း ကဗျာစာအုပ်များ လက်ဆောင်ပေးလေ့ရှိကြသည်။ နာတာ

mgyoe.com

mgyoe.com

လူးပွဲဖြစ်တိုင်း မိထွေးဖြစ်သူသည် မေရီအား စာအုပ်များကို လက်ဆောင်ပေးလေ့ရှိပေသည်။

ဘတ်ဆီသည် အခန်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက်ပင် မေရီကို ကြည့်ကာ "ညည်း သူ့ကို လက်မခံလိုက်ဘူးပေါ့" ဟု မေးလိုက်လေသည်။

"ဟုတ်တယ် မေမေ၊ ကျွန်မ သူ့ကို လက်မထပ်နိုင်ဘူး"

"ငါတော့ ညည်းကြောင့် စိတ်ပျက်ပါပြီအေ၊ ဆင်ဒီဟာ တကယ့်ဆွေကောင်းမျိုးကောင်းထဲက လာတဲ့လူပဲ"

"ကျွန်မ မချစ်တဲ့လူကို ယူစေချင်သလားဟင်"

"အချစ်အကြောင်းမပြောပါနဲ့အေ၊ အချစ်ကိုစဉ်းစားစရာမလိုပါဘူး"

"အချစ်ကို မစဉ်းစားဘဲနေလို့ရမလား"

"ညည်း အခုနေပုံအတိုင်း ကျောင်းသူကလေးလုပ်ပြီးနေရင် ရတာပေါ့။ ဘာလဲ ညည်းက သံချပ်အဝတ်အစားတွေနဲ့ သူ့ရဲကောင်းကြီးတစ်ယောက် ညည်းဆီကို ပေါက်လာလိမ့်မယ်လို့ ထင်နေလို့လား"

"ကျွန်မဟာ စိတ်ကူးယဉ်သမား မဟုတ်ပါဘူး။ ကျွန်မ အိမ်ထောင်မပြုသေးချင်လို့ စောင့်နေတာပဲ။ ကျွန်မကို ဒါလောက်တောင် အိမ်ထောင်ပြုစေချင်နေပြီလား"

မိထွေးဖြစ်သူ ဘတ်ဆီသည် မျက်နှာပျက်၍သွား၏။ ပြီးမှ မျက်နှာထားကို ပြန်၍ပြင်လိုက်ရသည်။

"အေး ညည်းမေးတဲ့ မေးခွန်းကတော့ အတော်နိပ်တယ်။ ညည်းကို မြန်မြန်လက်ထပ်ဖို့ ငါမပြောပါဘူး။ ဒီအိမ်ဟာ ညည်းတို့အိမ်ပဲ ညည်းကို ဘယ်သူကမှ ဒီအိမ်က တွန်းပြီးမထုတ်နိုင်ပါဘူး"

မေရီသည် သူ၏မိထွေးကို သနားမိပြန်လေသည်။ မိထွေးဖြစ်သူသည် သေဆုံးသွားသောမိခင်၏ ခုတင်တွင်အိပ်ရ၏။ စိတ်ချမ်းသာပုံမရပေ။ ထို့ပြင် မေရီတို့အိမ်နှင့် မေရီတို့ဘွားအေအိမ်သည် ကပ်၍နေ၏။ ဘွားအေကြီး မစ္စက်(စ်)ပါကားသည် မိမိသမီး သေဆုံးပြီးသည့်နောက် ဘွားအေတို့ထုံးစံအတိုင်း မိမိ၏မြေးငယ်များ မိထွေးနှင့်နေရသည်ကို မကျေနပ်။ မိထွေးဖြစ်သူကိုလည်း မုန်း၏။ ဘတ်ဆီသည် မေရီတို့ဘွားအေနှင့် တွေ့ရတိုင်း စိတ်ရှေ

mgyoe.com

mgyee.com


ကိုယ်ပါ ကျုံ့၍နေရစမြဲဖြစ်လေသည်။

ဤကဲ့သို့ တွေးကာ သနားမိသောကြောင့် မေရီသည် မိထွေး၏ လက်ကို လှမ်း၍ကိုင်ကာ ဆုပ်နယ်လိုက်လေသည်။

မိထွေးဖြစ်သူ မစ္စက်(စ်)တော့(ဒ်)သည် အော့(ဖ်)ဘဇားဗားသတင်း စာကို ဖွင့်၍ဖတ်လိုက်သည်။ အသံထွက်၍ ဖတ်လိုက်သောစာပိုဒ်မှာကား

မေရီလန်းနယ် အော(လ်)တီမိုးမြို့မှ မစ္စတာတီဗားသိုးသည် ဒေါက်တာဝပ်(ဒ်)၏ ကျောင်းခန်းများတွင် မေလ၏ ပထမတနင်္လာနေ့မှစ၍ အမျိုးသမီးများအတွက် ကျောင်းသင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ် ကြောင်း လက်စင်တန်မြို့သူမြို့သားတို့အား လေးမြတ်စွာ အကြောင်းကြား အပ်ပါသည်ဟူ၍ဖြစ်လေသည်။

"ညည်းဆရာ ဒေါက်တာဝပ်(ဒ်)တော့ အနားယူသွားပြီ။ ညည်း လည်း အခုမှလွတ်လပ်တော့မှာပဲ"

"ဘယ်လိုလွတ်လပ်ပုံလဲ မေမေ"

"ဒေါက်တာဝပ်(ဒ်) စာသင်နေတိုင်း ညည်းလည်း လိုက်ပြီး စာသင် နေမှာ မဟုတ်လား။ အခု ဒေါက်တာဝပ်(ဒ်) စာမသင်တော့ ညည်းလည်း စာမသင်တော့ဘဲ ကျောင်းသူဘဝက လူကြီးဘဝကို မြန်မြန်ကူးဖြစ်တော့ မပေါ့"

"ကျွန်မ အခုမှ အသက် ၂၀ ပဲ ရှိပါသေးတယ်။ လူကြီးဘဝကို ခုမကူးမှာကို ဒီလောက် စိုးရိမ်မနေပါနဲ့ အမေ။ လူကြီးဘဝကို ကူးရမယ့်နေ့ ရောက်ရင် ကျွန်မ ကူးသွားမှာပါပဲ"

× × ×

(၅)

မေရီသည် လိမ္မော်ရောင်မာဂန္ဒီအင်္ကျီကို ဝတ်လိုက်ပြီးနောက် ဗီရို ထဲမှ လက်စွပ်အိတ်တစ်ခုယူ၍ ဝတ်လိုက်၏။ ထို့နောက် လန်ဒန်မြို့မှလာ သော ကောက်ရိုးဦးထုပ်တစ်လုံးကို ဆောင်းလိုက်ပြီးလျှင် ကျောင်းဘက်သို့ ထွက်လာခဲ့လေသည်။ မေရီသည် ပထမဦးစွာပီဂျီစမစ်၏ စတိုးဆိုင်ကို

mgyee.com

mgyoe.com

ပတ်၍လျှောက်လာခဲ့၏။ ထိုဆိုင်တွင် ပန်းချီဆေးများ၊ အရောင်တင်ဆေးများ၊ ရေမွှေးများနှင့် နံ့သာခဲများ ရောင်းချလေသည်။ ထိုဆိုင်နှင့် မျက်နှာချင်းဆိုင်တွင် မက်ကလီယာနှင့် အိုတော်နယ်တို့၏ ဈေးဆိုင်ရှိ၏။ ထိုဆိုင်ရှေ့တွင် သကြား၊ ကော်ဖီနှင့် မဆလာများ ရောင်းလေသည်။ ဆက်၍ လျှောက်လာခဲ့ပြီးနောက် မေရီသည် ကူးကုမ္ပဏီဆိုင်ရှေ့တွင် ခေတ္တရပ်၍ ပြင်သစ်ပြည်နှင့် အိန္ဒိယပြည်တို့မှ ရောက်လာစဖြစ်သော အထည်အလိပ်များကို ကြည့်နေလေသည်။ ပြီးမှ လမ်းမတော်ကို ပတ်လိုက်ပြီးလျှင် မြောက်စက်ရုံလမ်းအတိုင်း ကုန်းအမြင့်ကိုတက်၍ လာခဲ့ပေသည်။

ဒေါက်တာဝပ်(ဒ်)၏ကျောင်းမှာ ကြီးမားလှသော အုတ်တိုက်ကြီးတစ်တိုက်ဖြစ်လေသည်။ ထိုတိုက်ကြီးသည် ဈေးလမ်းနှင့် ဒုတိယလမ်းတို့တွေ့ဆုံရာတစ်လျှောက်တွင် ရှိလေသည်။ မေရီသည် ကျောင်းထဲသို့ဝင်ခဲ့၏။ အလယ်ကျောင်းစင်္ကြံလမ်းအတိုင်း လျှောက်ခဲ့ရာ ဘေးတစ်ဖက်တစ်ချက်ရှိစာသင်ခန်းများကို ကြည့်လိုက်၏။ ကျောင်းသားများကို တစ်ယောက်မှ မတွေ့ရပေ။ မေရီသည် အသက် ၇ နှစ်အရွယ်မှ ၁၄ နှစ် အရွယ်အထိ ဤကျောင်းတွင်နေခဲ့ဖူးပေသည်။ ဒေါက်တာဝပ်(ဒ်)၏ ကျောင်းသည်ယောကျ်ားကလေးနှင့် မိန်းကလေးရောနှော၍ သင်ရသော ကျောင်းဖြစ်၏။ လက်စင်တန်မြို့တွင် သီးသန့်မိန်းကလေးကျောင်းများ ရှိကြပေသည်။ ထိုကျောင်းများတွင် အမျိုးသမီးတို့ တတ်အပ်သော ပညာရပ်များကို ဖိ၍သင်ပေးလေသည်။ အခြားပညာများကရော၍ သင်လေ့ရှိပေသည်။ မေရီ၏ဖခင် ရောဘတ်တော့(ဒ်)သည် မေရီအား တကယ်ပညာများရစေချင်၏။ ထိုကြောင့် ဒေါက်တာဝပ်(ဒ်)၏ ကျောင်းတွင် အပ်နှံခဲ့ခြင်းဖြစ်လေသည်။

ထိုကျောင်းတွင် နေစဉ်အခါကျ မေရီသည် ငါးနာရီမထိုးမီ အိပ်ရာကထရ၏။ ဖယောင်းတိုင်ထွန်း အဝတ်အစားလဲရ၏။ ထို့နောက် အလွန်ချမ်းအေးသော ရာသီဥတုပင် ဖြစ်စေကာမူ ကျောင်းသို့သွားပြီး လက်ာများရွတ်ရလေသည်။ ပထမနှစ်ကုန်သောအခါ အချို့အချို့သော မိန်းကလေးကျောင်းသူများအား မိဘများက ကျောင်းထုတ်သွားကြ၏။ ထိုမိဘများသည် ဒေါက်တာဝပ်(ဒ်)၏ကျောင်းတွင် နေပါက မိမိတို့သမီးများ အမျိုးသမီးပီသတော့မည်မဟုတ်ဟု ယူဆကြလေသည်။

mgyoe.com

လက်စင်တန်မြို့သည် အလွန်ရှေးဆန်သောမြို့ဖြစ်၏။ မိန်းကလေး မပီသဟု အပြောခံရသော အပျိုကလေးများသည် လင်ရဖို့ အတော်ခက်လေသည်။

မေရီသည် ကျောင်းအပေါ်သို့တက်ခဲ့ပြီးနောက် အခန်းကလေးတစ်ခုထဲသို့ ဝင်ခဲ့လေသည်။ ထိုအခန်းငယ်မှာ လွန်ခဲ့သော ၂ နှစ်ကာလ ပတ်လုံးဒေါက်တာဝပ်(ဒ်)က မေရီအား စာကျက်ရက်ပေးထားသော အခန်းဖြစ်လေသည်။ မေရီသည် အခန်းငယ်၏တံခါးပေါက်ကို ဖွင့်လိုက်၏။ ပူနွေးသောလေသည် အခန်းထဲသို့ ဝင်၍လာလေသည်။ အခန်းထဲ၌ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် စာအုပ်စင်တစ်ခုသာရှိ၏။ စာအုပ်စင်ကိုကြည့်ရင်း မေရီသည် သူငယ်စဉ်က ဤကျောင်းတွင် စာသင်ခဲ့ရပုံကို ပြန်ပြောင်းသတိရမိလေသည်။ မေရီသည် ကျောင်းသားဘဝတုန်းက အတန်းထဲတွင် ပထမရအောင် အမြဲကြိုးစား၏။ သို့သော်လည်း ယောကျာ်းကလေးကျောင်းသားတစ်ယောက်ယောက်က သူ့ထက်အမြဲအမှတ်များ၍နေသည်ကို ကြုံခဲ့ရဖူးလေသည်။ ပညာအပြိုင်သင်ရသောရက်များကို ပြန်၍တွေးလိုက်မိသောအခါ မေရီသည် စိတ်အားတက်ကြွ၍ လာလေသည်။ ဒေါက်တာဝပ်(ဒ်)ကလည်း မေရီကို ပညာဖိ၍သင်ပေးသဖြင့် မေရီ၏အသိဉာဏ်မှာ အလွန်တရာကျယ်ဝန်း၍ လာခဲ့ရလေသည်။

အသက် ၁၃ နှစ်အရွယ်သို့ ရောက်သောအခါ မေရီသည် ဒေါက်တာဝပ်(ဒ်)၏ကျောင်းတွင် အတန်းကုန်ပြီဖြစ်၏။ ဖခင်ဖြစ်သူသည် လမ်းမတော်တွင်ရှိသော အိမ်ကြီးကို ဝယ်လိုက်လေသည်။ မေရီ၏အစ်မ အယ်လီဇဘက်သည် နီနီယန်အက်ဒွက်ဆိုသော ဥပဒေကျောင်းသားတစ်ဦးနှင့် လက်ထပ်လိုက်လေသည်။ နီနီယန်အက်ဒွက်သည် အီလီနိုအစ်(စ်) ပထမဘုရင်ခံ၏သားဖြစ်လေသည်။ အစ်မအယ်လီဇဘက်နှင့် ခွဲရသောအခါတွင် မေရီတစ်ယောက် အထီးကျန်နိုင်မည်စိုးသောကြောင့် ဖခင်ဖြစ်သူ ရှေဘတ်တော့(ဒ်)သည် မေရီအား မဒန်မင်တယ်၏ အမျိုးသမီးကျောင်းသို့ ပို့လိုက်လေသည်။ မေရီသည် မဒန်မင်တယ်၏ကျောင်းသို့ ရောက်သည့်နေ့ ကစ၍ ပျော်ရွှင်၍နေခဲ့လေသည်။ ကျောင်းမှနေ၍ လှမ်းကြည့်လျှင် ဟင်နရီကလေး၏ အင်ရှုလန်ခေါ်အိမ်ကြီးကို လှမ်း၍မြင်နိုင်လေသည်။

mgyoe.com

mgyoe.com

မဒန်မင်တယ်နှင့်သူ၏ခင်ပွန်းမာစီယာမင်တယ်တို့သည် ပြင်သစ် အရေးတော်ပုံကြီးတွင် ပြင်သစ်ပြည်မှ ထွက်ပြေးလာကြရသောသူများ ဖြစ်လေသည်။ မာစီယာမင်တယ်သည် လူဝီ ၁၆ ဘုရင်၏ သမိုင်းရေးဆရာ ဖြစ်လေသည်။ မင်တယ်တို့လင်မယားသည် ဤမြို့ကို ရောက်လာသောအခါတွင် အိမ်ခန်းငှား၍ ကျောင်းတစ်ကျောင်းဖွင့်လှစ်ကြလေသည်။ မေရီသည် ထိုကျောင်းတွင် ပြင်သစ်စာနှင့်စကားကို သင်ရ၏။ အင်္ဂလန်ရှိ ပြည်မစာပေများနှင့် စာစီစာကုံးများကို သင်ကြားရ၏။ နေ့စဉ်တစ်နာရီခန့် စန္ဒရား အတီး သင်ရပြီး စကားပြောလည်း သင်ရလေသည်။ မေရီ၏အသံမှာ ခပ်ဩဩဖြစ်သော်လည်း မင်တယ် လင်မယားတို့၏ ဂရုတစိုက်သင်ကြားပေးမှုကြောင့် ပို၍နူတ်လျာသွက်လာခဲ့ပေသည်။ ညအချိန်သို့ရောက်လျှင် ကျောင်းသို့ ဧည့်သည်များလာခွင့်မပြု၊ ထိုအချိန်တွင် မဒန်မင်တယ်က စန္ဒရားတီး၍ မာစီယာမင်တယ်က တယောထိုး၏။ ကျောင်းသူများသည် ဤအချိန်တွင် အက ကျင့်ကြရလေသည်။ တစ်နည်းမှာ အများစုဝေးကရသော အက၊ နှစ်ယောက်တွဲကရသောအကစသဖြင့် အမျိုးစုံပင်ဖြစ်လေသည်။ ဒေါက်တာဝပ်(ဒ်)၏ကျောင်းတွင် ပညာအခြေခံကောင်းခဲ့သောမေရီသည် မင်တယ်တို့၏ကျောင်းတွင် ပထမနှစ်ကုန်ဆုံးသောအခါ သင်တန်းထဲ၌ အမှတ်အများဆုံးရခဲ့၏။ နောက် ၃ နှစ်ဆက်လက်၍ ပညာသင်ခဲ့ပြန်ရာ မေရီသည် ကျောင်းပြဇာတ်များတွင် ခေါင်းဆောင်မင်းသမီးနေရာမှ ပါဝင်ရ၏။ မဲပေးဆုံးဖြတ်ရာတွင် မေရီသည် တစ်ကျောင်းလုံးတွင် လူချစ်လူခင်အပေါဆုံးမိန်းကလေးအဖြစ်ဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရလေသည်။

သမီးဖြစ်သူပညာကြိုးစားသည်ကို အလွန်သဘောကျသောကြောင့် ဖခင်ရောဘတ်တော့(ဒ်)သည် မေရီအား အဝတ်အစားများနှင့်အသုံးအဆောင်ပစ္စည်းများကို လိုလေသေးမရှိအောင် ဝယ်၍ပေး၏။ ထို့နောက် အစ်မဖြစ်သူ အယ်လီဇဘက်နေထိုင်သော စပရင်းဖီး(လ်)မြို့သို့ သွားရောက် လည်ပတ်ခွင့်ပေးလိုက်လေသည်။

ထိုနှစ်ဆောင်းရာသီသို့ ရောက်သောအခါ မေရီသည် ဒေါက်တာဝပ်(ဒ်)ထံသို့ သွားရောက်ကာ အခန်းတစ်ခန်းတောင်းပြီးလျှင် တက္ကသိုလ်စာများကို ကြိုးစား၍ကျက်မှတ်ခဲ့လေသည်။

mgyoe.com

mgyoe.com

မေရီသည် သူစာကျက်နေကျ အခန်းကလေးထဲတွင် ထိုင်ကာ ရှေးဟောင်းနောက်ဖြစ်များကို ပြန်ပြောင်း၍ တွေးတောနေစဉ် ခြေသံကိုကြားရ၏။ လှည့်ကြည့်လိုက်သောအခါ ဝင်လာသူမှာ ဒေါက်တာဝပ်(ဒ်)ကိုယ်တိုင်ပင်ဖြစ်လေသည်။ ဒေါက်တာဝပ်(ဒ်)သည် လက်နှစ်ဖက်ဆန့်တန်းကာ အနားသို့ကပ်လာ၏။ ခေါင်းတွင်ကား ဆံပင်များဖွေးဖွေးဖြူဖြူ၍ နေလေပြီ။ ဒေါက်တာဝပ်(ဒ်)သည် အမြဲသဖြင့် နက်ပြာရောင်အဝတ်ကို ဝတ်လေ့ရှိသူဖြစ်၏။ ပညာသင်ကြားရာတွင် အလွန်တော်သောကြောင့် ကျောင်းသားတိုင်းကပင် ရိုသေလေးစား၍ ခင်မင်ကြလေသည်။

ဒေါက်တာဝပ်(ဒ်)၏ အမည်အပြည့်အစုံမှာ ဂျွန်ဝပ်(ဒ်)ဖြစ်လေသည်။ ဒေါက်တာဝပ်(ဒ်)သည် ကွန်နက်တီကပ်နယ်သားဖြစ်၏။ တစ်ခါက သင်းအုပ်ဆရာကြီးဖြစ်ခဲ့လေသည်။ အသက် အတန်ပင်ရ၍ မကျန်းမမာဖြစ်လာရာ ကျန်းမာရေးအတွက် လက်စင်တန်မြို့သို့ လာရောက်နေထိုင်ခြင်းဖြစ်၏။ မေရီသည် ဒေါက်တာဝပ်(ဒ်)အား အထူးခင်မင်၏။ အဘယ်ကြောင့်ဆိုသော် မေရီ၏အဘိုးဖြစ်သူ သင်းအုပ်ဆရာကြီး ဂျွန်တော့(ဒ်)နှင့် ဒေါက်တာဝပ်(ဒ်)တို့သည် ရုပ်ရည်ချင်းဆင်တူကြသောကြောင့်ဖြစ်၏။ မေရီ၏ ဘိုးအေဂျွန်တော့(ဒ်)သည် သင်းအုပ်ဆရာကြီးအဖြစ်နှင့် စာသင် ကျောင်းဖွင့်ကာ တစ်နိုင်ငံလုံးမှ ကျောင်းသားအများပင် သူ့ကျောင်း၌လာ၍ ပညာဆည်းပူးကြရ၏။ မေရီ၏ အဘိုးလေးများ၊ ဦးလေးများသည် ညတွင် ထိုကျောင်း၌ ပညာဆည်းပူးခဲ့ကြလေသည်။

ခပ်လှမ်းလှမ်းတွင်ရှိသော မောရီစန်ဘုရားရှိခိုးကျောင်း၌ ဓမ္မသီချင်းသံများကိုကြားရ၏။ မေရီနှင့် ဒေါက်တာဝပ်(ဒ်)တို့သည် ပြတင်းပေါက်တွင် ရပ်ကာနားထောင်၍ နေကြလေသည်။ ဤအချိန်သည် ဘွဲ့နှင်းသဘင်ကျင်းပမည့်အချိန်ဖြစ်ကြောင်း တွေးမိကာ မေရီသည် မိန်းကလေးများ ကောလိပ်ကျောင်းနေခွင့်မရသည့်အချက်ကို တွေး၍စိတ်မကောင်းဖြစ်၍နေ၏။ ဒေါက်တာဝပ်(ဒ်)သည် မေရီအား အကဲခတ်လိုက်ပြီးနောက် ငါ့သမီးကို ဘွဲ့လက်မှတ်ပေးစရာမရှိတာ နာလိုက်တာကွယ်။ တကယ်လို့ မင်းသာ ယောကျာ်းကလေးဖြစ်ရင်ဟု အားပေးနှစ်သိမ့်လိုက်၏။

မေရီသည် မျက်နှာညှိုးငယ်နေရင်းက ကျွန်မအစ်မအယ်လီဇဘက်

mgyoe.com

နှင့် အတူတူနေရရင် အကောင်းသား လက်စင်တန်ကို ကျွန်မပြန်လာတာ များတာပဲထင်တယ် ဒေါက်တာဝပ်(ဒ်)ရဲ့။ ဒါပေမဲ့ ကျွန်မ ဇာတိမြို့ကစွာ ပြီးတော့မနေချင်ပါဘူး။ ဒီမြို့ကို ပြန်လာပြန်တော့လည်း တစ်ဒုက္ခပဲ။ ကျွန်မ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မိန်းကလေးအချင်းချင်းကပါ ကျွန်မကို မိန်းမ မပီသဘူးဟု ယူဆနေတော့ မခက်လားဟု ပြောလိုက်လေသည်။ လမ်းပေါ်တွင် လက်စင်တန်စစ်တပ်သည် အပြာရောင်ဝတ်စုံများ ဝတ်၍ ချီတက်သွား၏။ ဘွဲ့နှင်းသဘင်နေ့ဖြစ်သဖြင့် စစ်တပ်က စံပြဒလိမ်းများ ပြသမည်ဖြစ်လေသည်။

ဒေါက်တာဝပ်(ဒ်)သည် ခေါင်းညိတ်လိုက်ပြီးနောက် "ဒီကနေ့ဟာ ဒီကျောင်း အဆောက်အဦကြီးကို စွန့်လွှတ်ရတော့မယ်နေ့ပဲ မေရီရေ။ ငါ့ သမီးလည်း ပြန်ပေဦးတော့။ ငါ့ ကျောင်းဆရာဘဝဟာ ဒီနေ့အပြီးသတ်ပဲ။ ငါ့သမီးအထက်တန်းပညာလိုချင်ရင်တော့ ဘယ်တော့မှ စိတ်မပျက်လေနဲ့" ဟု ပြောလိုက်လေသည်။

"ကျွန်မ စိတ်မပျက်ပါဘူး ဒေါက်တာဝပ်(ဒ်)ရဲ့။ ကျွန်မတို့ ဘာဖြစ်လို့ ရှေ့နေတို့၊ ဆရာဝန်တို့၊ ဗိသုကာတို့မဖြစ်နိုင်ရတာလဲဟင်" ဟု မေးလိုက်လေသည်။

"ငါဟာ ငယ်ငယ်တုန်းက တကယ့်ဓမ္မဆရာကြီးတစ်ယောက် ဖြစ်ဖို့ ရည်ရွယ်ခဲ့တယ်။ ဒါပေမဲ့ ကျန်းမာရေးအခြေအနေမကောင်းတော့ ကျောင်းဆရာတစ်ယောက် တက်ဖြစ်ရပေတယ်။ လူ့ကံဆိုတာ အင်မတန်ထူးဆန်းတယ်။ ကံ ကံသွားပေတော့ မင်းရဲ့အသိဉာဏ်နဲ့ဆိုရင် လူ့လောကရဲ့ကောင်းကျိုးကို အများကြီးဆောင်နိုင်ပါလိမ့်မယ်။ ကိုယ်ကိုယ်တိုင်က မစွမ်းဆောင်တောင်မှ ခင်ပွန်းသည်က တစ်ဆင့်ဖြစ်စေ၊သားသမီးကတစ်ဆင့်ဖြစ်စေ စွမ်းဆောင်နိုင်ပါလိမ့်မယ်"

"ဒီလိုပြောလိုက်တာဟာ ကျွန်မကိုလည်း လက်မှတ်ပေးလိုက်တာနဲ့ အတူတူပါပဲ ဒေါက်တာဝပ်(ဒ်)ရဲ့"

ဘွဲ့နှင်းသဘင်ပြီးသောအချိန်တွင် မေရီသည် အိမ်ဘက်သို့ ပြန်လာခဲ့၏။ သူ့စိတ်ထဲတွင် ထိခိုက်၍နေသောကြောင့် မေရီသည် အသွားလမ်းက မပြန်ဘဲ အခြားလမ်းတစ်လမ်းမှ လှည့်၍ပြန်ခဲ့လေသည်။ ဈေးကွက်အနီးသို့

mgyoe.com

mgyoe.com
ရောက်သောအခါ မြင်းရထားများစွာတို့ကို မမျှော်လင့်ဘဲတွေ့ရ၏။ ထိုအခါမှာမှ ဤနေ့သည် ရုံးများစ၍ ဖွင့်သောနေ့ဖြစ်ကြောင်းကို သိရလေသည်။ တရားစီရင်မည့်တရားသူကြီးများသည် မြင်းရထားများနှင့် ရုံးတက်ကြပေသည်။

မေရီသည် ဈေးကွက်ကိုဖြတ်၍ လျှောက်ခဲ့၏။ သူဖြတ်လာရသောဆိုင်တန်းများမှာ အဟောင်းဆိုင်များဖြစ်လေသည်။ ၉၆ ပါး ပျောက်ကင်းသည်ဟု အော်ဟစ်ကာ ဆေးကြော်ငြာ၍ ရောင်းနေသောသူများ၏ အသံမှာကား ဈေးထဲတွင် အကျယ်လောင်ဆုံးဖြစ်နေလေသည်။

ဈေးကို လွန်ခဲ့ပြီးနောက် ရုံးနားသို့ မေရီရောက်လာ၏။ လမ်းတစ်ကွေ့ချိုးလိုက်လျှင် နေရင်းစွဲအိမ်သို့ရောက်တော့မည်ဖြစ်လေသည်။ မေရီသည် လမ်းကွေ့ကိုချိုးရန် ခြေလှမ်းပြင်၏။ သို့သော် သူအမှတ်တမဲ့ မြင်လိုက်ရသောအာရုံက ခြေမလှမ်းနိုင်အောင် ဆွဲငင်၍ ထားလိုက်ပေသည်။ မြင်ရသောအာရုံမှာကား လေလံပွဲဖြစ်၏။ လေလံတင်၍ ရောင်းချနေသောပစ္စည်းများမှာ နီဂရိုးငွေဝယ်ကျွန်များဖြစ်လေသည်။

မေရီသည် လေလံတင်ရောင်းနေသည်ကို ကြည့်လိုက်မိ၏။ ထို့နောက် မေရီသည် လေလံအတင်ခံရမည့်ငွေဝယ်ကျွန်များကို ကြည့်မိပြန်လေသည်။ ထိုငွေဝယ်ကျွန်များမှာ မနေ့ညက မိမိတို့အိမ်ရှေ့မှ ဖြတ်သွားကြသော နီဂရိုးလူမျိုးများဖြစ်ရမည်ဟု တွေးလိုက်၏။ ထိုနီဂရိုးများသည် ကင်တပ်ကီနယ်မှ ရောက်လာကြသည်ဟု ပြောသံကြားရလေသည်။ လွန်ခဲ့သော ၆ နှစ်ခန့်အချိန်က မေရီ၏ဖခင်ဟင်နရီ၏ညီ ကက်စီရာကလေးတို့အပြင် ကရစ်တင်တန်တို့ လူသိုက်ပါ စုပေါင်း၍ ဥပဒေပြုလွှတ်တော်တွင် ဥပဒေကြမ်းတစ်ရပ် တင်သွင်းခဲ့ဖူး၏။ ထိုဥပဒေကြမ်းအရ ပြန်လည်ရောင်းချရန်ရည်ရွယ်၍ ပြည်နယ်အတွင်းသို့ အခြားမှငွေဝယ်ကျွန်များ သွင်းယူလာခွင့်မရှိတော့ပေ။ ထိုဥပဒေကြမ်း အောင်မြင်သွားသည့်အချိန်မှစ၍ မြို့ပေါ်ငွေဝယ်ကျွန်ကောင်များမှာ အမြဲတမ်းလိုလို ခြောက်သွေ့နေခဲ့လေသည်။

ငွေဝယ်ကျွန်လေလံပွဲ ဆက်လက်ကျင်းပနေစဉ်တွင် မြို့ပေါ်မှ ကျွန်ကုန်ကူးသူများသည် လေလံတင်တော့မည်ဖြစ်သော နီဂရိုးသူငယ်မကလေးတစ်ယောက်ကို အကဲခတ်၍ ကြည့်နေကြလေသည်။
mgyoe.com

mgyoe.com

လေလံဆရာက ရှေ့တိုးပြီး ကြည့်ပါခင်ဗျာ ရှေ့တိုးကြည့်ပါ။ ဒီကောင်မလေးဟာ ကျန်းမာပါတယ်။ ခိုင်းလို့လည်း အင်မတန်ကောင်းပါတယ်။ ထမင်းချက်ခိုင်းမလား၊ အဝတ်လျှော်ခိုင်းမလား၊ ခိုင်းချင်တာ ခိုင်းနိုင်ပါတယ်။ ဘယ်ဈေးပေးမလဲခင်ဗျာ့ဟု တတွတ်တွတ် ရေရွတ်လျက်ရှိ၏။

ကျွန်ကုန်ကူးသူတစ်ဦးက ဈေးစပေးလိုက်၏။ ထိုအခါ ဈေးမှာ နည်းလွန်းသဖြင့် လေလံဆရာက ဒီလိုကောင်မလေးမျိုးရဖို့ အင်မတန် ရှားတယ်နော်။ ကြည့်ပါ ဘယ်လောက်တောင့်သလဲဟုပြောကာ နီဂရိုးသူငယ်မ၏ အင်္ကျီကို ခါးသို့ထိအောင် ဆွဲဆုတ်၍ပြလိုက်လေသည်။

မေရီသည် ခေါင်းငုံ့၍ ပစ်လိုက်ရ၏။ ဤအချိန်တွင် မေရီ၏စိတ်သည် ဒေါက်တာဝပ်(ဒ်)၏ကျောင်းမှ တစ်နေ့အပြန်တွင် နီဂရိုးငွေဝယ်ကျွန်အား ဒဏ်ခတ်ကြသည့်နေရာကို သွား၍တွေ့မိလေသည်။ ထိုနေ့ဒဏ်ခတ်သည့်နေရာတွင် နီဂရိုးတစ်ယောက်အား လက်နှစ်ဖက်ကိုတုပ်၍ တိုင်တွင် ချည်နှောင်ထား၏။ ထိုနီဂရိုး၏ကျောပြင်တစ်ခုလုံးမှာ သွေးနှင့်ရဲရဲဖြစ်နေပေသည်။ တရားသူကြီးသည် ကြိမ်ဒဏ် ၃၉ ချက်ပေးပြီးကြောင်း မှတ်တမ်းတင်နေ၏။ ကြိုးကို ဖြတ်ချလိုက်သောအခါ အပြစ်ဒဏ်ခံရသောနီဂရိုးသည် နေရာတွင် ပုံ၍လဲကျသွား၏။ ဆက်၍အပြစ်ပေးခံရသောသူမှာကား နီဂရိုးမိန်းမတစ်ယောက်ဖြစ်လေသည်။ ကြိမ်ဒဏ်ပေးရန် လက်ကိုကြိုးနှင့်ချည်၍ တိုင်တွင် တုပ်နှောင်ထားလိုက်ပြီးနောက် ပါးကွက်သားသည် ထိုမိန်းမ၏ အင်္ကျီကို ခါးသို့ရောက်အောင် ဆွဲဆုတ်ချလိုက်၏။ ထိုအခါတွင် နီဂရိုးမရင်သားတစ်ဖက်ပေါ်၌ သံပူနှင့်ကပ်၍ တံဆိပ်အမှတ်အသားတစ်ခု ခတ်နှိပ်ထားသည်ကို မေရီမြင်ရလေသည်။ ထိုနောက်ကြိမ်ဒဏ်ပေး၏။ ကြိမ်ဒဏ်ပေးသည်ဟုဆိုသော်လည်း လက်နက်မှာ ကြိမ်လုံးမဟုတ်ပေ။ နွားသားရေပြားများကိုလိမ်၍ ဖွတ်မြီးထိုးထားသော ကျာပွတ်ဖြစ်လေသည်။ နီဂရိုးမအား ရိုက်လိုက်သည်နှင့်တစ်ပြိုင်နက် မေရီသည် ရောင်၍အော်လိုက်မိ၏။ ထို့နောက်အိမ်သို့ တန်း၍ကမူရှူးထိုး ပြန်ပြေးခဲ့ရလေသည်။ မေရီမှာ တက်ချက်မတတ်ဖြစ်၍နေသောကြောင့် အိပ်ရာထဲသို့ပို့လိုက်ရ၏။ ဆရာဝန်ဒေါက်တာဝါဖီးကိုပင် ခေါ်ရလေသည်။ မေရီသည် တော်တော်နှင့် အငိုမရပ်ဘဲရှိ၏။ သူ့ဖခင် ရောဘတ်တော့(ဒ်)လာသောအခါ သူမြင်ခဲ့ရသော

mgyoe.com

mgyoe.com


နီဂရိုးများအား အပြစ်ပေးပုံကို ရှိုက်ကြီးတငင်နှင့် ပြော၍ပြပြန်၏။

"ဖေဖေ ဘာဖြစ်လို့ ဒီလက်စင်တန်မြို့မှာ ဒီလိုအဖြစ်ဆိုးတွေ အဖြစ်ခံနေရတာလဲဟင်" ဟု မေရီက အသံတုန်ကလေးနှင့် မေးလိုက်၏။

"လူလူချင်း နှိပ်စက်တဲ့ဒီအဖြစ်မျိုးတွေ ဖြစ်နေရတာ တခြားဟုတ်ပါရိုးလားကွယ်။ တချို့လူတွေက နီဂရိုးတွေကို လူရယ်လို့ မထင်ကြဘူးကွဲ့။ မြင်းတို့၊ နွားတို့၊ ကျွဲတို့လို သံပူကပ်ပြီးတော့ တမင်အမှတ်အသားထားနိုင်တယ်လို့ ယူဆနေကြတယ်" ဟု ရောဘတ်တော့(ဒ်)သည် စိတ်မချမ်းသာသောအသံကြီးနှင့် ပြောလိုက်လေသည်။

"ဒီကျွန်စနစ်ကို မတားနိုင်တော့ဘူးလား ဖေဖေ"

"ဖေဖေတို့ တားဖို့ကြိုးစားနေပါတယ်ကွဲ့။ ကိုလိုနီအသင်းကဆိုရင် လွတ်လပ်တဲ့ ငွေဝယ်ကျွန်တွေကို အာဖရိက ပြန်ပို့ဖို့ ရန်ပုံငွေကောက်နေတယ်ကွဲ့"

"ငွေဝယ်ကျွန် ဘဝကလွတ်နေတဲ့ နီဂရိုးတွေက အရေးမကြီးပါဘူး ဖေဖေ"

ရောဘတ်တော့(ဒ်)သည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ...

"သမီးမသိဘူးကွဲ့၊ ပိုင်ရှင်ရှိနေတဲ့ ငွေဝယ်ကျွန်တွေဟာ ဒေါ်လာသန်းနဲ့ချီပြီးတော့ တန်တယ်ကွဲ့။ သူတို့အားလုံးကို ပိုင်ရှင်တွေဆီက ဝယ်ပြီးတော့ အာဖရိကတိုက်ကို ပြန်ပို့ရမယ်ဆိုရင် ဒေါ်လာသိန်းနဲ့ချီပြီးတော့ ကုန်လိမ့်မယ်။ အဲဒီငွေကို ဖေဖေတို့ ဘယ်လိုလုပ်ပြီးရှာရမှာလဲကွယ် ဟင်၊ ငွေဝယ်ကျွန်စနစ်ကို ဖျောက်ဖို့ဟာ တစ်ယောက်တည်း ကြိုးစားလို့ဖြင့် ဘယ်နည်းနှင့်မျှဖြစ်နိုင်မယ် မထင်ဘူးကွဲ့" ဟု ညည်းတွားလိုက်လေသည်။

"ဒါဖြင့် ဒီငွေဝယ်ကျွန်စနစ်ကြီးကို ကျွန်မတို့ မလိုလားဘူးဆိုတာကိုရော ကျွန်ပိုင်ရှင်တွေကို ပြောလို့မရဘူးလား"

"မရဘူးသမီးရေ၊ ဒီလိုပြောရင် ကျွန်ပိုင်ရှင်တွေက သူတို့ကို ပုဂ္ဂိုလ်အနေအရ စော်ကားတယ်လို့ ယူဆကြလိမ့်မယ်။ ကဲပါ ... သမီးရယ်ဒီကိစ္စကို စိတ်ထဲကဖျောက်ပစ်လိုက်စမ်းပါ။ သမီးမြင်ခဲ့ရသလို ဒဏ်ပေးတာဟာ တစ်ခါတစ်ရံမှပါကွယ်။ ကျွန်ပိုင်ရှင်တွေဟာ သူတို့ကျွန်တွေကိုဂရုစိုက်ကြပါတယ်။ ကျွန်တွေရှိမှ ခိုင်းလို့ရမယ်မဟုတ်လားကွဲ့။ ကဲ ... သမီး အသိမိတ်ဆွေတွေထဲကစဉ်းစားစမ်း ဘယ်သူများ သူတို့အိမ်က ကျွန်တွေကို ရိုက်နှက်နေတာရှိသလဲ"

mgyoe.com

မိမိအား ဤကဲ့သို့ ဖခင်ဖြစ်သူက နှစ်သိမ့်ခဲ့ရဖူးပုံကို မေရီသည် တွေး၍နေကာ သူ့မျက်စေ့ ရှေ့တွင်ရှိသော မြင်းကွင်းဆီသို့ စိတ်ပြန်၍ လည် လာပြန်လေသည်။ လေလံပွဲမှာ ဆက်လက်ကျင်းပလျက်ရှိ၏။ လေလံပထမ အတင်ခံရသော နီဂရိုးမကလေးအား ဒေါ်လာလေးရာနှင့် အရောင်းအဝယ် ဖြစ်သွားလေသည်။ ထို့နောက် ကလေးမကလေး၏အမေကို လေလံပစ်ပြန် ၏။ ထိုနီဂရိုးမကြီးကို လူတစ်ယောက်က ရပ်ဝေးသို့ သင်္ဘောဖြင့် တင်ပို့ ရောင်းချရန်ဒေါ်လာငါးရာပေး၍ ဝယ်သွားလေသည်။ ကလေးမကလေး၏ ဖခင်မှာလည်း ထို့အတူပင် ရပ်ဝေးသို့ သွား၍တစ်ဆင့်ရောင်းချရန် ဝယ်၍ သွားပြန်လေသည်။ ကလေးမကလေး၏မောင်ဖြစ်သူ နီဂရိုးကလေးမှာကား ဒေါ်လာနှစ်ရာနှင့် ဈေးတည့်သွားလေသည်။ မိသားစုလေးယောက် တကွဲ တပြားစီဖြစ်ကြတော့မည်ဟု သိကြသောအခါ နီဂရိုးများသည် တအီအီငို ကြလေသည်။ သူတို့၏ငိုသံများကြောင့် မေရီသည် ရင်ထဲ၌ ဘာမျှမရှိသကဲ့ သို့ ဟာ၍နေ၏။ မေရီသည် ချာခနဲထွက်ခဲ့မိလေ၏။ သို့သော် တစ်စုံ တစ်ယောက်က မေရီ၏လက်ကို ဖမ်း၍ဆွဲလိုက်ပြီးလျှင် အလွန်ထိန်းချုပ် ထားရသောအသံကြီးဖြင့် မသွားနဲ့ဦး မေရီ၊ ကြည့်စမ်း ဒါလောက်ရက်စက် တဲ့ကိစ္စကြီးကို အစအဆုံးကြည့်သွားစမ်း။ ဒါမှ မင်း တစ်သက်လုံး ဒီငွေ ဝယ်ကျွန် စနစ်ဆိုးကြီးပပျောက်ဖို့ နေ့တိုင်းကြိုးစားချင်လာအောင်ဟု ပြောသံ ကြားလိုက်ရ၏။ မေရီသည် နောက်သို့ လှည့်ကြည့်လိုက်သည်တွင် ပြော လိုက်သူမှာ ကက်စီရာကလေးဖြစ်၍ နေလေသည်။ ကက်စီရာကလေးသည် မေရီတို့နှင့် အလွန်ရင်းနှီးသောမိတ်ဆွေဖြစ်လေသည်။

အဆင်သင့်လိုက်တာရှင် ကံကောင်းလို့ ကျွန်မ သတိလစ်သွား တော့မလို့ဟု မေရီက ပြောလိုက်လေသည်။

အနီးတွင် ကက်စီရာကလေးရှိသောကြောင့် မေရီသည် အားတင်း ၍ထားမိ၏။ ကက်စီရာကလေးသည် ငွေဝယ်ကျွန်စနစ်ကို ပြောင်ပြောင် တင်းတင်းတိုက်ဖျက်၍နေသောသူဖြစ်လေသည်။ ကက်စီရာကလေးသည် မေရီတို့အိမ်တွင် ထမင်းလခပေး၍ စားလာဖူး၏။ ထိုစဉ်အခါက မေရီမှာ ၁၁ နှစ်သမီးမျှရှိသေး၍ ကက်စီရာမှာ အသက် ၂၀ ရှိပြီဖြစ်၏။ ကက်စီရာ သည် ယောက်ျားပီသ၍ ထွားကျိုင်းသောသူတစ်ယောက်ဖြစ်၏။ မေရီကလေး

mgyoe.com

mgyoe.com
အား ကလေးငယ်ကဲ့သို့ မဆက်ဆံဘဲ တကယ့်လူကြီးတစ်ယောက်ကဲ့သို့ လေးလေးစားစား ဆက်ဆံပေသည်။ မေရီတို့အိမ်တွင် တစ်နှစ်နေပြီး ကက်စီရာသည် ယေးလ်တက္ကသိုလ်တွင် ၂ နှစ်သွား၍ ပညာသင်ပြန်၏။ ဥပဒေပညာကို သင်ကြားပြီးနောက် လက်စင်တန်မြို့သို့ ပြန်လာကာ နိုင်ငံရေးလိုက်စား၏။ လွှတ်တော်အမတ်အဖြစ်ဖြင့် ၂ နှစ်တိုင်တိုင် ဆောင်ရွက်နေရင်း ငွေဝယ်ကျွန်စနစ်ပပျောက်ရေးနှင့်ပတ်သက်ပြီး အနယ်နယ်ကို လှည့်၍လည်း တရားဟော၏။

လက်တန်းများ၊ ဆောင်းပါးများကိုလည်း ရေးသားလေသည်။ ကက်စီရာသည် စိတ်နှစ်မျိုးရှိသောသူဖြစ်၏။ စိတ်သဘောကောင်းနေချိန်တွင် အလွန်နူးညံ့၍ ဒေါသဖြစ်လျှင်လည်း သူမတူအောင် ဒေါသထွက်တတ်သူဖြစ်ပေသည်။ ယေးလ်တက္ကသိုလ်မှ ပြန်မလာခင် ဂျိန်းပါသီဖိုးဆိုသော မိန်းကလေးနှင့် လက်ထပ်လိုက်လေသည်။

နီဂရိုးများကို ဆွဲခေါ်သွားသောအခါ ကက်စီရာနှင့် မေရီတို့သည် လူအုပ်ထဲမှ တိုးဝှေ့၍ ထွက်ခဲ့ကြ၏။ ကက်စီရာက ကြည့်စမ်း မေရီ မင်းမျက်နှာမှာ သွေးတစ်ပေါက်မှ မရှိဘူး။ ကဲလေ မာစီရာဂီရှန်းရဲ့ဆိုင်မှသွားပြီး ရေခဲမုန့်စားကြရအောင်ဟုဆိုကာ တွဲ၍ခေါ်ခဲ့လေသည်။

နှစ်ယောက်သား လျှောက်လာကြကာဈေးဆိုင်အမျိုးမျိုးကို ဖြတ်၍ လျှောက်ခဲ့ကြ၏။ နောက်ဆုံးတွင် မာစီရာဂီရှန်း၏ ဆိုင်သို့ရောက်လာခဲ့ကြပေသည်။ ကက်စီရာက တံခါးကို တွန်းဖွင့်လိုက်သောအခါ ခေါင်းလောင်းကလေးတစ်လုံးက မြည်လိုက်လေသည်။ ဆိုင်အတွင်းရှိ ဂုံးပေါ်တွင် မုန့်အမျိုးမျိုးကို မြင်ရ၏။ မေရီနှင့် မာစီရာဂီရှန်းတို့မှာ ခင်မင်သူများဖြစ်ကြ၏။ အထူးသဖြင့် မဒန်မင်တယ်၏ကျောင်းတွင် ပြင်သစ်စကားကို သင်ပြီးနောက် မာစီရာဂီရှန်းနှင့် မေရီက ပြင်သစ်စကားအပြောလေ့ကျင့်ကာ ပိုမို၍ခင်မင်ရင်းနှီးခဲ့ကြသည်။ ဂီရှန်းသည် နောက်ဘေးပိုင်းမှ ခန်းဆီးကိုပင့်၍ ထွက်လာခဲ့၏။ အရပ် ၅ ပေမျှသာရှိ၍ ခေါင်းတုံးပြောင်ကာ အလွန်ဝဖြိုးသောသူတစ်ယောက်ဖြစ်၏။ ကက်စီရာနှင့် မေရီတို့ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဂီရှန်းသည် လက်နှစ်ဖက်မြှောက်လိုက်ပြီးနောက် ပြင်သစ်စကားနှင့် "အလို မာစီရာကလေးနဲ့ မာရီတို့ပါလား။ လာကြ လာကြ၊ တွေ့ရတာ
mgyoe.com

ဝမ်းသာလိုက်တာ" ဟု နှုတ်ဆက်လိုက်၏။

ထိုအခါ မေရီက မာစီရာဂီရှန်းကို တွေ့ရတာလည်း ကျွန်မတို့ ဝမ်းသာပါတယ်ဟု ပြင်သစ်လို ပြန်ပြောလိုက်လေသည်။

"ကဲ ဘာစားကြမလို့လဲ ... ကက်စီရာနဲ့ မေရီ"

"ကျွန်မတို့ ရေခဲမုန့်စားမလို့ပါ"

ဂီရှန်းသည် ရေခဲမုန့်များကို ယူရန် နောက်ဘေးပိုင်းသို့ ပြန်ဝင်သွား၏။ ထိုအခါ မေရီက "ကျွန်မတို့ဘွားဘွား မာစီဟာန်ဂရီသေတော့ကာ သူပိုင်တဲ့ ငွေဝယ်ကျွန်တွေအားလုံးကို လွတ်လပ်ခွင့်ပေးခဲ့တယ်။ ဖေဖေနဲ့ မေမေတို့က လည်း သူတို့မရှိတဲ့နောက် ငွေဝယ်ကျွန်အားလုံးကို လွတ်လပ်ခွင့်ပေးဖို့ စိစဉ်ပြီးကြပြီ"

"ဒါပေမဲ့ စဉ်းစားကြည့်စမ်းပါ ကက်စီရာ။ ကျွန်မတို့ အိမ်မှာခိုင်းထားတဲ့ နီဂရိုးငွေဝယ်ကျွန်တွေကို လွတ်လပ်ခွင့်ပေးလို့ ဖြစ်ပါ့မလား။ ဥပမာ ဆိုလျှင် ကျွန်မတို့အိမ်က ဘဏ္ဍာစိုးကြီးနယ်လဆင်နဲ့ ဘားနေးတို့ဟာ အသက်ကြီးလှပြီ။ ကျွန်မတို့အိမ်က ထုတ်ပစ်လိုက်ရင် သူတို့ ဘယ်လိုလုပ်ပြီး နေကြစားကြမှာလဲ။ အဖေ့အိမ်က နီဂရိုးအခိုင်းအစေတွေကို တစ်ခါမှ ဒဏ် မခတ်ခဲ့ဘူး။ ဒါကိုနီဂရိုးကျွန်တွေက အချက်သိပေါ့ ကက်စီရာရဲ့။ တစ်လော တုန်းကဆိုလျှင် ကလေးထိန်းတဲ့ နီဂရိုးမကလေးဟာ အရက်တွေကိုသောက် ပြီး ညီမလေးအယ်မီလီနဲ့ လမ်းထွက်သွားလိုက်တာ ကလေးပျောက်နေလို့ မနည်းရှာယူရတယ်"

ထိုအခိုက်တွင် ဂီရှန်းသည် ရေခဲမုန့်နှစ်ခွက်နှင့် ပြန်၍ဝင်လာလေသည်။

မေရီက ရေခဲမုန့်ကို ကြည့်ရင်း "အိုနီဂရိုးတွေ ဒါလောက်ဒုက္ခ ရောက်နေတဲ့ကြားထဲမှာ ကိုယ်တို့က ရေခဲမုန့်စားရတာဟာ မျိုးကျနိုင်စရာရှိ သေးရဲ့လား ကက်စီရာရဲ့" ဟု မေးလိုက်၏။

"တို့ရေခဲမုန့်စားတာနဲ့ ဟိုနီဂရိုးတွေ ပိုပြီးဒုက္ခမရောက်နိုင်ပါဘူး ကွယ်။ နီဂရိုးတွေ ပိုပြီးဒုက္ခရောက်မှာကတော့ မေရီတို့လို ငွေဝယ်ကျွန်စနစ် မှာ ကောင်းတဲ့အချက်တွေလည်း ရှိသေးသားပဲလို့ ယူဆတဲ့သဘောထားပဲ"

"ဘယ်လိုပြောလိုက်တာလဲ ကက်စီရာရဲ့၊ ငွေဝယ်ကျွန်စနစ်မှာ

mgyoe.com

mgyoe.com


ဘယ်လိုကောင်းတာများ ရှိသေးလို့လဲ"

"အခုပဲ မေရီ ပြောခဲ့သေးတယ် မဟုတ်လား။ ငွေဝယ်ကျွန်တွေကို သာ လွတ်လပ်ခွင့်ပေးလိုက်ရင် ဘယ်လိုနေပြီး ဘယ်လိုစားကြမလဲလို့ ပူပင် နေတယ်ဆို သူတို့ နေရေး၊ စားရေးတွေ တခြားထားစမ်းပါဦး။ ငွေဝယ်ကျွန် တွေဟာ သူတို့အလုပ်မလုပ်ချင်ရင် အိမ်ကထွက်သွားခွင့် နည်းနည်းကလေး မှ ရှိရဲ့လား။ ဟုတ်ပါတယ်၊ ကိုယ့်အိမ်မှာ ကြီးပြင်းလာရတဲ့ ကျွန်တွေဆိုတော့ ဆွေလိုမျိုးလို ဖြစ်နေတယ်ဆိုတာတော့ မှန်တာပေါ့။ ဒါပေမဲ့ မေရီ၊ လောက မှာ အဆိုးဆုံးတွေရှိတယ်၊ အဲဒီအဆိုးဆုံးတွေဟာ အကောင်းဆိုလို့ တစ်စက် မှမပါတဲ့ အဆိုးဆုံးတွေပဲ။ ငွေဝယ်ကျွန်စနစ်ဟာ အဆိုးဆုံးတစ်ခုပဲ။ အဲဒီ စနစ်ကို စည်းကမ်းနဲ့ လက်ခံသည်ဖြစ်စေ၊ စည်းမဲ့ကမ်းမဲ့လက်ခံသည်ဖြစ်စေ ဘယ်နည်းနဲ့ပဲ လက်ခံလက်ခံ အဆိုးဆုံးကို လက်ခံတာနဲ့ အတူတူပဲ"

"ဒါဖြင့် ကက်စီရာက တစ်ယူသန်ကြီးပေါ့"

"တစ်ယူသန်ရတယ် မေရီ၊ ဒီကိစ္စမှာ တစ်ယူမသန်လို့ မဖြစ်ဘူး။ တဖြည်းဖြည်းမှာ ဒီငွေဝယ်ကျွန်စနစ်ပပျောက် သွားစေရမယ်ဆိုတဲ့ အယူအဆ ဟာ အင်မတန် နှေးကွေးတဲ့အယူအဆပဲ။ ကုန်ကုန်ပြောမယ်ကွယ် ဖြန်ခါ ကျရင် ငွေဝယ်နက်ကျွန်စနစ် ပပျောက်တော့မယ်ဆိုရင်တောင် ငါ့အဖို့မှာ တော့ အချိန်သိပ်နှောင်းသွားပြီလို့ ယူဆတယ်။ ငွေဝယ်စနစ်ဟာ အခု လောလောဆယ် ပပျောက်သွားရင် အကောင်းဆုံးပဲ"

ကက်စီရာပြောသော စကားများသည် မှန်လှသည်ဟု မေရီ တွေး၍ နေ၏။ မည်သို့ပင်ဖြစ်စေကာမူ မေရီ နေထိုင်ရာပြည်နယ်တွင်ကား ဥပဒေ အရ ငွေဝယ်ကျွန်စနစ်ပပျောက်ရေးကို ဥပဒေအတွင်းမှ ဆောင်ရွက်နိုင်ခြင်း သာဖြစ်၏။ ငွေဝယ်ကျွန်စနစ်ကြီးကို မဖြိုဖျက်နိုင်သေးဘဲ ငွေဝယ်ကျွန်များ ကိုသာ အခြားပြည်နယ်မှ တင်သွင်း၍မလာရဟူ၍ တားမြစ်ချက်လောက်မျှ သာဖြစ်သော ဥပဒေလောက်မျိုးကိုသာ ပြုလုပ်နိုင်ကြသေး၏။ ထိုဥပဒေ ပြုလုပ်နိုင်ခြင်းမှာလည်း တခြားကြောင့်မဟုတ် မေရီတို့နေထိုင်ရာပြည်နယ် တွင် ကြီးမားသော စိုက်ပျိုးခြံကြီးများ မရှိပေ။ အိမ်သုံးအစေခံများအဖြစ် ဖြင့်ထားသော ငွေဝယ်ကျွန်များသည် တဖြည်းဖြည်းနှင့် လွတ်လပ်ခွင့်ပေး လျက်ရှိကြ၏။ သို့သော် စတိသဘောမျှသာ ဖြစ်ပေ၏။ ငွေဝယ်ကျွန်စနစ်မှာ

mgyoe.com

mgyoe.com

ကား ရှိမြဲရှိ၍ နေလေသေးသည်။

မေရီ၏ဖခင် ရောဘတ်တော့(ဒ်)သည်လည်း ငွေဝယ်ကျွန်များ ပိုင်ဆိုင်သောသူ ဖြစ်လေသည်။ ကြေးကျွန်စနစ် ပပျောက်ရေးကို အားပေးသူ ဖြစ်သဖြင့် စိတ်သဘောတူအခြားကျွန်ပိုင်ရှင်များနှင့် အသင်းတစ်သင်း ဖွဲ့စည်းကာ အသင်းဝင်သူများသည် မိမိတို့ပိုင်ဆိုင်သော ငွေဝယ်ကျွန်များတွင် သမီးထွန်းကားပါက ထိုသမီးများကို ကျွန်မဖြစ်စေဘဲ လွတ်လပ်သော သူများ အဖြစ် အသိအမှတ်ပြုရန် ဆုံးဖြတ်ထားခဲ့လေသည်။

ကက်စီရာသည် မေရီအား စေ့စေ့ကြည့်လိုက်ပြီးနောက် "မေရီမင်း ငွေဝယ်ကျွန်စနစ်အကြောင်းကို ကောင်းကောင်း မသိသေးဘူး။ ဒီစနစ်ဟာ အင်မတန် ဆိုးတယ်။ ပြတ်ပြတ်တောက်တောက်လုပ်မှ ဒီစနစ် ပပျောက်နိုင်မယ်။ မင်းအဖေဟာ ဒီစနစ်ကို တဖြည်းဖြည်းနဲ့ ပပျောက်အောင် လုပ်နိုင်လိမ့်မယ်လို့ထင်နေတယ်။ အဲဒါ အမှားကြီးမှားတာပဲ။ တစ်နေ့ကျရင် မင်းအဖေဟာ ငွေဝယ်ကျွန်စနစ်နဲ့ပတ်သက်ပြီး စိတ်အကြီးအကျယ် ဆင်းရဲစရာအကြောင်း ပေါ်လာလိမ့်မယ်လို့ ငါတော့မြင်နေတာပဲ" ဟု ပြောလိုက်လေသည်။

မေရီသည် အိမ်သို့ပြန်ခဲ့၏။ ရောက်သောအခါ တစ်အိမ်သားလုံး ဆူညံစွာ စကားပြောနေသည်ကို တွေ့ရလေသည်။ အကြောင်းမှာကား မေရီ၏အစ်မဖြစ်သူ ပရက်စာထံမှ စာတစ်စောင်ရောက်၍လာ၏။ ထိုစာထဲတွင် ပရက်စာက သူသည် စပရင်းဖီးမြို့ရှိ ဆရာဝန်တစ်ဦးဖြစ်သူ ဝီလီလျံဝက်(စ်)လေ့ဆိုသူနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း ရေးသားလိုက်လေသည်။ ဖခင်ဖြစ်သူ ရောဘတ်တော့(ဒ်)သည် သူ၏ဒုတိယသမီး အိမ်ထောင်ကျ၍သွားသည့်အတွက် ဝမ်းသာခြင်းလည်းဖြစ်ရ၏။ သို့သော် မိမိအား မတိုင်ပင်ဘဲ ဤကဲ့သို့ လက်ထပ်လိုက်သည့်အတွက် သမီးဖြစ်သူအား ဒေါသထွက်၍ နေလေသည်။ ရောဘတ်တော့(ဒ်)သည် မိသားစုကို အလွန်ခင်မင်သူဖြစ်၏။ အိမ်ထောင်ပြုခြင်းတည်းဟူသော အရေးကြီးလှသည့်ကိစ္စအတွက် မိမိအား ကြိုတင်မတိုင်ပင်ဘဲ လက်ထပ်ပြီးခါမှ စာကလေးတစ်စောင်ရေးကာ အသိပေးခြင်းသည် မိမိအား စော်ကားခြင်းပင်ဖြစ်သည်ဟု ယူဆနေ၏။ ရောဘတ်တော့(ဒ်)သည် နီရဲသောမျက်နှာကြီးဖြင့် "ဒီ ဝီလီလျံဝက်(စ်)လေ့ဆိုတဲ့ လူ

mgyoe.com

mgyoe.com


ဟာ လူကောင်းတစ်ယောက်တော့ဖြစ်မှာပါပဲ။ ပရက်ဆာရဲ့စာထဲမှာ ဝီလီလျံဝက်(စ်)လေ့ဟာ ဆိုင်တစ်ဆိုင်ကိုလည်း ပိုင်တယ်လို့ပါလာတယ်။ ငါ့သမီးဟာ ငါ့ကိုမတိုင်ပင်ဘဲ သူ့မင်္ဂလာဆောင်ကိုမှ မဖိတ်ဘဲနဲ့ အခုလို လက်ထပ်လိုက်တာကိုတော့ ငါအသည်းနာလှသကွယ်" ဟု ပြောနေလေသည်။

မေရီသည် ဖခင်ကြီး စိတ်ပြေစေလိုသောအားဖြင့် "ဖေဖေရဲ့၊ ဒီကနေပြီး စပရင်းဖီးကို အသွားအပြန်ခရီးဟာ သတင်း ၃ပတ် ကြာတယ်မဟုတ်လား။ ဖေဖေ အလုပ်များနေမှန်းသိလို့ ပရက်ဆာကကာ မဖိတ်တာနဲ့တူပါတယ်" ဟု ပြောလိုက်၏။

"အေး ... ငါ အလုပ်များတယ်ဆိုပေမဲ့ ငါ့သမီးရဲ့မင်္ဂလာဆောင်ကို မသွားဘဲ နေရလောက်အောင် အလုပ်များတာမှမဟုတ်ဘဲ။ ငါ့ပထမ မိန်းမရဲ့ကလေးတွေဟာ အားလုံးအပျိုပဲဖြစ်ကုန်ပြီ။ မင်္ဂလာဆောင်တာတောင်မှ ဖအေကို အသိမပေးချင်ကြတော့ဘူး" ဟု အော်၍ပြောလိုက်၏။ သူအော်ပြောပုံမှာ အရပ်ဝေးတွင် ရှိနေသော ပရက်ဆာ ကြားအောင် အော်၍ပြောသယောင် ထင်ရလေသည်။

မေရီသည် ဖခင်စိတ်ပြေအောင် ထပ်၍ကြိုးစားသောအားဖြင့် "ခုခေတ်ကလေးတွေက အိမ်ထောင်ပြုဖို့ဆုံးဖြတ်ရင် ခြေမြန်လက်မြန်လက်ထပ်ကြတယ်။ တစ်ဦးသဘောကို တစ်ဦးသိပြီး ကျေနပ်ကြတာနှင့် တစ်ပြိုင်နက် လက်ထပ်လိုက်ကြတာပဲ။ အယ်လီဇဘက်ဆီကို ကျွန်မသွားပြီးလည်တုန်းက လူငယ်တွေ လက်ထပ်ကြတာ တချို့များ လက်ထပ်ဖို့ ဘုရားရှိခိုးကျောင်းကို သွားကြတော့မှ လက်ထပ်ဖို့ လိုင်စင်ရကြတယ်" ဟု ပြောလိုက်၏။

"ဒါပေမဲ့ ငါတော့ မြန်လွန်းလှတယ်လို့ ထင်တာပဲ။ အေးလေ ဒါတော့ ထားပါတော့၊ ပရက်ဆာတို့လင်မယားက ဟိုတယ်မှာ နေကြတယ်လို့ စာရေးလိုက်တယ်ဆိုတာလည်း ခပ်ဆန်းဆန်း" ဟု ပြောရင်း သူ့ဖခင်က ပြောရင်း လေသံပျော့၍လာ၏။

"ဒီအရပ်မှာ ဟိုတယ်ဆိုတာ အရက်သောက်တဲ့နေရာ ဖြစ်နေတယ် ဖေဖေရဲ့။ ပရက်ဆာတို့နေတဲ့ စပရင်းဖီးအရပ်မှာ ဟိုတယ်ဆိုတာ တကယ့် ဂုဏ်သရေရှိတဲ့လူတွေစုပြီးနေတဲ့ အဆောက်အဦကြီးကို ခေါ်တာဖေဖေ။

mgyoe.com

mgyoe.com

သူတို့နေတဲ့ ကမ္ဘာလုံးဟိုတယ်ဟာ မကြာခင်ကမှ ဆောက်တဲ့ဟိုတယ်ပဲ။ တစ်မြို့လုံးက အထက်တန်းလူမှုဆက်ဆံရေး ကိစ္စတွေဟာ အဲဒီဟိုတယ်မှာ အများဆုံးပေါ့" ဟု မေရီကဆို၏။

ဖခင်ကြီးသည် မေရီအား ကြည့်လိုက်ပြီးနောက် "ကဲအစ်မ နှစ်ယောက်က လက်ထပ်သွားပြီ။ မင်းအလှည့်ပဲကျန်တော့တယ်။ အယ်လီဇဘက်ဟာ ပရက်ဆာကို လက်မထပ်မချင်း သူ့အိမ်မှာ ခေါ်ထားခဲ့တယ်။ အခု ပရက်ဆာ လက်ထပ်ပြီး အိမ်ထောင်ကွဲသွားတော့ အယ်လီဇဘက်က ငါ့သမီး မေရီကို စာရေးပြီးခေါ်ဦးမှာ ထင်ပါရဲ့"

မေရီသည် မျက်နှာနီလာပြီးနောက် ကျွန်မကို အယ်လီဇဘက်က လည်း စာရေးမခေါ်သေးပါဘူး။ ပြီးတော့ ဒါလောက် လောလောဆယ်ကြီး အိမ်ထောင်ပြုဖို့လည်း ကျွန်မစိတ်မကူးသေးပါဘူး" ဟုပြောလိုက်လေသည်။

မေရီ၏အသံမှာ သြ၍နေသည်။ မေရီ စိတ်ဆိုးမှန်းသိသောကြောင့် ဖခင်ကြီးသည် သမီးဖြစ်သူအား သူ့အနီးသို့ခေါ်၍ အထိုင်ခိုင်းပြီးနောက် "စိတ်မဆိုးပါနဲ့သမီးရယ်၊ဖေဖေက ငါ့သမီးကို ချစ်လွန်းလို့ပြောတာပါကွယ်။ ဖေဖေ့စိတ်မှာ ငါဟာ ငါ့သားကြီး၊ သမီးကြီးတွေနဲ့ တဖြည်းဖြည်း စိတ်ချင်း ဝေးဝေးသွားနေတယ်လို့ ထင်နေတော့။ ဥပမာဆိုပါတော့ကွယ်၊ သမီးရဲ့ မမအယ်နီရဲ့စိတ်ထဲမှာ ဘာတွေရှိနေတယ် ဘယ်လို ဖြစ်နေတယ်ဆိုတာ ဖေဖေ ဘာမှမသိပါဘူး။ ပြီးတော့တစ်ခါ သမီးရဲ့ မောင်နှစ်ယောက် ကလည်း ဖေဖေ့ကို ဘာမှမတိုင်ပင်ဘူး။ တခြားမှာ သွားပြီး သီးသီးခြားခြား နေချင်တယ်လို့ချည်း ပြောနေတာပဲ" ဟု ပြောလိုက်၏။

မေရီသည် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့၍ ထိုင်နေလိုက်၏။

ဖခင်ကြီးက "သမီး ဒီအိမ်မှာ နေရတာပျော်ရဲ့လား" ဟု မေးလိုက် လေ၏။

"ပျော်ပါတယ် ဖေဖေ"

"သလိုဆိုရင် ဖေဖေ၊ ဝမ်းသာပါတယ်ကွယ်။ မင်းတို့မိထွေးဟာ မင်းတို့အပေါ်မှာ စိတ်ရင်းကောင်းရှာပါတယ်။ ငယ်ငယ်ကလေးကတည်းက သစ္စာရှိရှိ တာဝန်သိသိနဲ့ ထိန်းကျောင်းလာခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ၊ မိထွေးပေမယ့် ကျွန်မနဲ့ အယူအဆချင်းတူ

mgyoe.com

mgyoe.com


တာတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့ တစ်ခါတစ်ရံ စိတ်အခန့်မသင့်တာကလွဲလို့ ဘာမျှတစ်ယောက်နဲ့တစ်ယောက် ပြောစရာမရှိပါဘူး။ ဖေဖေ့မှာ ဒီအိမ်ထောင်ကို ဦးစီးမယ့်ဇနီးသည်ရှိမှ ဖြစ်တယ်ဆိုတာ သမီးနားလည်ပါတယ်...."

ဖခင်ကြီးသည် ကျေနပ်သွားပြီး "သမီးအခုဆောင်းတွင်းမှာ စာတွေသိပ်ပြီးကျက်ခဲ့တဲ့အတွက် သမီးလည်း အပန်းဖြေရအောင် ဖေဖေတို့ မိသားစုတစ်စုလုံး နောက်တစ်ပတ်အတွင်း ဘူနာဖစ်စတာ လယ်တောဘက်ကို သွားပြီးနေဖို့ စိတ်ကူးထားတယ်" ဟု ပြောလိုက်လေသည်။

မေရီသည် အပြင်ဘက်သို့ လှမ်း၍ကြည့်လိုက်၏။ နှင်းဆီဖူးကလေးများ ပွင့်အာစပြုနေသည်ကို မြင်ရလေသည်။ နွေဦးသည် ပေါက်၍လာလေပြီ။ တောနယ်သို့ သွားရောက်ပြီး ရွှေသိုက်မျိုးသိုက်များနှင့် တွေ့ရမည်ဖြစ်၏။ မိမိတစ်ဦးတည်း အေးအေးဆေးဆေး နေထိုင်ရမည့်အချိန်ရမည်မဟုတ်ဟု မေရီ တွေးမိလိုက်လေသည်။

မေရီသည် ဖခင်အား ခေါင်းပေးလိုက်ပြီးနောက် "သမီးတော့ ဒီလက်စင်တန်မြို့မှာပဲ ဒီနွေရာသီမှာ နေချင်တယ်။ ဒါမှ ဒီအိမ်ကအလုပ်တွေလည်း မပျက်ဘဲနေမှာ။ ဖေဖေ ဒီမြို့ပေါ်ကို ပြန်တက်လာရင် ကြည့်မယ့်စောင့်ရှောက်မယ့်လူလည်းရှိမှာ၊ သမီးကိုယ်တိုင်ကလည်း စဉ်းစားစရာတွေ အများကြီးရှိနေပါတယ်" ဟု ပြောလိုက်လေသည်။

× × ×

(၆)

ဇွန်လထဲသို့ ရောက်၍လာ၏။ နေအလွန် ပူသောအခါ နယ်တစ်ဝိုက်တွင် ရေရှား၍ နေလေသည်။ ပြောင်းခင်းများနှင့် ဂုန်လျှော်ခင်းများတွင် အသီးအနှံများ လှိုလှိုကင်းကင်းဖြစ်၍ နေကြလေသည်။ လက်စင်တန်မြို့ပေါ်မှလူများသည် တောနယ်များတွင်ရှိသော အိမ်များသို့ ပြောင်းရွှေ့သွားရောက်နေထိုင်ကြလေ့ရှိကြသည်။

မေရီသည် ဂျော့နှင့်အတူ လက်စင်တန်မြို့ပေါ်တွင် ကျန်ရစ်၏။

mgyoe.com

mgyoe.com

ဂျော့အား ဂရုစိုက်သည့်အချိန်မှတစ်ပါး မေရီသည် သူတစ်ယောက်တည်း နေလေ့ရှိပေသည်။ မေရီသည် ဆင်ဒီ၏ ချစ်ရေးဆိုခြင်းကို ပယ်ချခဲ့ပြီးကတည်းက သူ၏အိမ်ထောင်ရေးကို လေးနက်စွာ တွေးတောလျက်ရှိသည်။ နံနက်အိပ်ရာထ ခေါင်းဖြီးအချိန်၌လည်းကောင်း၊ ညနေလမ်းလျှောက်ချိန်၌လည်းကောင်း မေရီသည် မိမိအဖို့၌ အိမ်ထောင်မပြုဘဲနေသွားရမည်လား၊ သို့တည်းမဟုတ် အချိန်ရှိတုန်း အိမ်ထောင်ပြုလိုက်ရမည်လားဟု တွေး၍နေလေသည်။ သို့သော် မေရီသည် မည်သို့မျှ ဆုံးဖြတ်ချက်မချနိုင်ဘဲ ရှိနေလေသည်။ ချီတုံချတုံဖြစ်၍ နေရသောရက်ပေါင်းများစွာ ရှိ၍လာသောအခါ မေရီသည် အိမ်ထောင်ရေးကိစ္စကို ဆက်လက်၍ မစဉ်းစားတော့ဘဲ မိတ်ဆွေများကို ဖိတ်ကြားပြီးလျှင် ပျော်ပွဲစားထွက်ခြင်း ထိုအခါတွင်မှ မေရီသည် စိတ်လက်ပေါ့ပါး၍ သွားလေသည်။

နောက်တစ်နေ့မနက်တွင် မေရီသည် ဘွားဘွားပါကာထံမှ စာတစ်စောင်ရ၏။ ထိုစာထဲတွင် ဘွားအေကြီးက သူ့အားလာ၍ တွေ့ဆုံရန်ခေါ်ထားပေသည်။ မေရီသည် ပန်းရောင်အင်္ကျီကိုဝတ်၍ ခေါင်းကို ဖဲပြာစီးလိုက်ပြီးလျှင် ကော်ဖီတစ်ခွက်ကို သောက်ပြီးနောက် အဘွား၏အိမ်သို့ ထွက်ခဲ့လေသည်။

အဘွား၏အိမ်သို့ သွားရာလမ်းမှာ လမ်းမတော်အတိုင်းတစ်ပြလျှောက်ခဲ့ပြီးနောက် ကွေ့ချိုးကာ နောက်တစ်ပြလျှောက်ရပြန်လေသည်။ အဘွား၏အိမ်မှာ မေရီ မွေးခဲ့သော အိမ်နှင့်ကပ်လျက်ရှိသော အိမ်ဖြစ်လေသည်။ အဘွား၏ နေအိမ်မှာ လက်စင်တန်မြို့တွင် ပထမဦးစွာ ဆောက်လုပ်သောတိုက်အိမ်များအနက် တစ်အိမ်ဖြစ်လေသည်။ အလွန်ကြီးမားကျယ်ဝန်းသော အိမ်ကြီးဖြစ်လေသည်။ အိမ်ခန်းအပေါ်ဘက်တွင် မျှော်စင်ကြီးနှစ်ခုရှိလေသည်။ ထိုမျှော်စင်များမှာ သင်္ဘောမာလိန်မှူးအိမ်မှ မျှော်စင်များကဲ့သို့ဖြစ်၏။ မာလိန်မှူးတို့၏ ဇနီးတို့သည် မိမိတို့ခင်ပွန်းများ ဦးစီးသော သင်္ဘောများ လာ မလာကို ကြည့်လေ့ရှိကြပေသည်။ ဘွားဘွားပါကာသည် မျှော်စင်ပေါ်သို့တက်၍ မိုးကုပ်စက်ဝိုင်းဆီသို့ကြည့်လေ့ရှိ၏။

တစ်ခါတွင် မေရီက "ဘွားဘွားရယ် ကျွန်မတို့မှာ သင်္ဘောလည်း မရှိဘဲနဲ့ ဘာဖြစ်လို့ မျှော်စင်ပေါ် တက်တက်ကြည့်ရတာလဲ" ဟု မေးဖူး၏။

mgyoe.com

ထိုအခါ အဘွားက "ငါအခု မြို့ကိုကြည့်တာမြေးရဲ့၊ မြို့ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို ငါအကုန်လုံးသိတယ်" ဟု ပြန်၍ပြောလိုက်လေသည်။

မြို့ထဲ၌ဖြစ်သမျှအကြောင်းများကို ဘွားဘွားသိသည်ဆိုသည်မှာ အမှန်အတိုင်းပင် ဖြစ်လေသည်။ ထိုအကြောင်းကို မေရီတို့မိသားစု အားလုံးသိကြပြီးဖြစ်လေသည်။ မေရီသည် ဘွားအေထံသို့ ထွက်လာခဲ့ပြီးနောက် မိမိက ဆင်ဒီကို ပယ်ချလိုက်သည့်အကြောင်းကို အဘွားသိ၍ စာရေးခေါ်ဟန်တူသည်ဟု တွေးနေမိလေသည်။ နွေရာသီတွင် အခြားအိမ်သားများနှင့် တောသို့လိုက်မသွားဘဲ တစ်ယောက်တည်း စိတ်ညစ်နေသည့်အကြောင်းကိုပါ သိဟန်တူသည်ဟုလည်း မေရီ ဆက်၍ တွေးနေမိပြန်လေသည်။

ဘွားအေအိမ်သို့ရောက်ခဲ့၏။ ခန်းကျယ်ကြီးများကို ဖြတ်သန်းလျှောက်ခဲ့ပြီးနောက် မေရီသည် အပေါ်ထပ်သို့ တက်ခဲ့၏။ အိမ်ပေါ်ထပ်မှ တစ်ဆင့်မျှော်စင်သို့ တက်ခဲ့လေသည်။ ထုံးစံအတိုင်းပင် အဘွားသည် မျှော်စင်တွင် ရပ်ခါမြို့ဘက်သို့ လှမ်းကြည့်နေသည်။ မေရီသည် အဘွား၏ကျယ်ပြန့်လှသော ကျောပြင်ကြီးနှင့် ဖွတ်မြီးထိုး၍ ဆံပင်များကို ခွေထားသောအဘွား၏ ခေါင်းကို တိတ်ဆိတ်စွာစိုက်ကြည့်နေမိလေသည်။ အဘွား၏အသက်မှာ ၇၀ ရှိပြီဖြစ်၏။ အဘွားသည် အဘိုးဖြစ်သူ မေဂျာရှေ့ဘတ်ပါတာနှင့် ၁၁ နှစ်သာပေါင်းလိုက်ရ၏။ အဘိုးသေဆုံးသွားသောအခါ အဘွားမှာ ၃၁ နှစ်သာရှိလေသေးသည်။ သို့သော် အဘိုးဆုံးသည့်အချိန်မှစ၍ မည်သည့် ယောကျ်ားနှင့်မျှ အရောတဝင်မရှိတော့ပေ။ တကယ့်မိန်းမဆိုတာဟာ ... တစ်သက်မှာ တစ်ခါပဲ ချစ်တယ်ဟု တစ်ခါတွင် ပြောဖူး၏။ တစ်သက်တွင် တစ်ကြိမ်သာ အိမ်ထောင်ပြုရမည်ဟူသော အယူအဆကို အဘွားသည် ခိုင်မြဲစွာ ယုံကြည်သူဖြစ်၏။ မိန်းမများသာမဟုတ် ယောကျ်ားများသည်လည်း တစ်သက်တွင် တစ်ခါသာ အိမ်ထောင်ပြုသင့်သည်ဟု အဘွားကယူဆလေသည်။ ထိုယူဆချက်ကြောင့်ပင်လျှင် မေရီ၏ဖခင်ရောဘတ်တော့(ဒ်) ဘက်ဆီဟန်ဖရီနှင့် နောက်အိမ်ထောင်ပြုလိုက်သောအခါ အဘွားသည် သမက်ကို ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးခဲ့လေသည်။

အဘွားသည် နောက်ကိုလှည့်၍မကြည့်ဘဲ "ဟို မစ္စက်စ်ဖီး ပြည်နယ်က သူငယ်ကို ငါ့မြေး လက်မခံလိုက်ဘူးဆို" ဟု မေးလိုက်လေသည်။

mgyoe.com

mgyoe.com

"မေရီက ကျွန်မသူ့ကို မချစ်လို့ပေါ့" ဟု ပြန်၍ပြောလိုက်၏။

"ဘွားဘွားပါကာသည် မေရီကို လှည့်၍ကြည့်လိုက်ပြီးနောက် ဒီသူငယ်ဟာ တော်တော် စိတ်သဘောကောင်းတယ်။ ဖော်ရွေတယ်။ ငါ့မြေး ကိုလည်း ခင်ရက်ထဲမှာမှ အခု သူပြန်သွားတော့ ငါ့သမီးစိတ်ဆင်းရဲပြီး ကျန်ရစ်ခဲ့ရပြီ မဟုတ်လား" ဟု ပြောလိုက်၏။

မျှော်စင်ထဲတွင် ကုလားထိုင်တစ်လုံးရှိ၏။ မေရီသည် အင်အားချည့် နဲ့စွာဖြင့် ထိုကုလားထိုင်ဆီသို့ သွားရောက်၏။

"ဘွားဘွား ပြောတာမှန်ပါတယ် ဘွားဘွားရယ်။ ကျွန်မ အထီးကျန် နိုင်တာ အမှန်ပါပဲ။ ကျွန်မစိတ်ကို ကျွန်မ မပိုင်လို့ နည်းနည်းတောင် ကြောက်သလိုဖြစ်နေမိပါတယ်"

"ဘာဖြစ်လို့ ကြောက်ရမှာလဲ ငါ့မြေးရဲ့။ မင်းဟာ ကျန်းမာတယ်။ ချစ်စရာကောင်းတယ်။ ငါ့မြေးဟာ မိထွေးကို အောက်ကျမခံရဘူးနော်။ ဘက်ဆီဆိုတဲ့ ကောင်မက ငါ့မြေး ပရက်ဆာကို အိမ်မှာ မနေနိုင်အောင် လုပ်သလို ငါ့မြေးကိုလည်း အလုပ်မခံနဲ့" ဟု ဘွားအေကြီးက ပြောလိုက်လေ သည်။

"ဒီလိုလည်း မဟုတ်ပါဘူး ဘွားဘွားရဲ့"

အဘွားကြီးသည် အဝေးသို့မျှော်ကြည့်ရင်းမှ "ဒီလက်စင်တန်မြို့ တစ်ဝိုက်မှာ ငါ့မြေးရဲ့အိမ်ထောင်ဖက် တစ်ယောက်ယောက်တော့ ရှိရမှာပေါ့" ဟု ပြောလိုက်၏။

မေရီသည် ရယ်ချင်နေသောလေသံဖြင့် "ဒါပေမဲ့ ဘွားဘွားရဲ့ မေရီရဲ့ ခင်ပွန်းလောင်း ဘယ်နေရာမှာ ရှိပါသည်ဆိုပြီး ဆိတ်တစ်ကောင်ကို ကြော်ငြာ ပြီး ရောင်းသလိုသတင်းစာထဲမှာ ကြော်ငြာလျှောက်ထည့်တော့လည်း မေရီ ဘယ်နဲ့လုပ်ပြီးသိမလဲ။ ပြီးတော့ မေရီဟာ တော်ရုံတန်ရုံ ယောကျ်ားတစ် ယောက်ကို ခင်ပွန်းသည်အဖြစ်နဲ့မရွေးချယ်ချင်ဘူး။ မေရီ လိုချင်တာတွေက လောကမှာ အများကြီးပဲ" ဟု ပြောလိုက်၏။

ဤအချိန်တွင် မေရီ၏မျက်နှာမှာ နီ၍နေပြီဖြစ်၏။ မေရီသည် ထိုင်ရာမှ ထလိုက်ပြီးနောက် တောက်ပြောင်နေသော မျက်လုံးအစုံဖြင့် အဘွား ကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။ ပြီးမှ စကားဆက်၏။

mgyoe.com

mgyoe.com

"ကျွန်မ လက်ထပ်ချင်တဲ့ခင်ပွန်းဟာ ကျွန်မကိုသူနဲ့တန်းတူ ဆက်ဆံနိုင်တဲ့လူဖြစ်ရမယ်။ ကျွန်မ ခင်ပွန်းဟာ ကျွန်မကို အရည်အချင်းရှိတဲ့ မိန်းမတစ်ယောက်ရယ်လို့ လုံးဝယုံကြည်ရမယ်။ လောကတိုက်ပွဲဆင်နွှဲရာမှာ ကျွန်မကို ရဲဘော်ကောင်းတစ်ယောက်အနေနဲ့အားကိုးတဲ့လူဖြစ်ရမယ်။ ဘယ်ကိစ္စမဆို မင်းနဲ့မဆိုင်ပါဘူးကွာဆိုပြီး ဘေးဖယ်ထားတဲ့လူစားမျိုး ကျွန်မ မလိုချင်ပါဘူး။ ကျွန်မလက်ထပ်ချင်တဲ့လူဟာ မိန်းမချော တစ်ယောက်ကို မယားအဖြစ်နဲ့ လိုချင်တဲ့လူစားမျိုးမဟုတ်ဘူး။ ကျွန်မရဲ့ခင်ပွန်းလောင်းဟာ ဉာဏ်ရည်ထက်ရမယ်။ စိတ်ထက်ရမယ်။ ရည်ရွယ်ချက် မြင့်ရမယ်။ ပြီးတော့ သတ္တိရော၊ ဗျတ္တိရောရှိတဲ့လူတစ်ယောက်ဖြစ်ရမယ်" ဟု ဆက်တိုက်ပြော လိုက်လေသည်။

"ထိုအခါတွင် အဘွားက ငါ့မြေးက ဒီသူငယ်တွေနှင့် ပတ်သက်ပြီး သိပ်ပြီးတော့ အတွေးခေါင်နေတာကိုး။ စဉ်းစားမယ်ဆိုရင် ဒီသူငယ်တွေဟာ မိန်းမတစ်ယောက်ဆီက ဘယ်လိုအရည်အချင်းတွေ လိုချင်တယ်ဆိုတာ သူတို့ကိုယ်တိုင်တောင် သူတို့သိကြတာမဟုတ်ဘူး။ ဒီတော့ အိမ်ထောင်ပြုတော့မယ်ဆိုရင် ယောကျ်ားတစ်ယောက်ကို သူ့လက်ရှိသဘောထားအတိုင်း ယူဖို့မလိုဘူး။ ကိုယ့်ကို လာပြီးလက်ထပ်ချင်တယ်လို့ ပြောတဲ့လူတွေထဲက အတော်ဆုံးလို့ထင်ရတဲ့ သူငယ်တစ်ယောက်ကို ရွေးပေါ့။ ကိုယ်ဟာ သူအလိုချင်ဆုံး အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက်လို့ အထင်ခံရအောင် လုပ်ပေးရမယ်။ အဲဒီအခါကျရင် ဒီယောကျ်ားတွေဟာ နဖားကြိုးတပ်ပြီးသား ဖြစ်သွားပါလေရော၊ သလိုဖြစ်တဲ့အခါမှာ ကိုယ့်လင်ကို ကိုယ်ကြိုက်တဲ့ပုံစံအတိုင်း ပုံသွင်းပြီး ယူရတယ်ကွဲ့" ဟု ပြောလိုက်၏။

ထို့နောက် အဘွားကဆက်၍ "ငါ့မြေးက ယောကျ်ားတစ်ယောက်ရဲ့ ရည်ရွယ်ချက်တွေထဲမှာ ဝေစုချက်ချင်းပါချင်နေတာကိုးကွဲ့။ ယောကျ်ားဆိုတာ ချက်ချင်းလက်ထပ်ပြီးတဲ့နောက် အဲဒီလိုဝေစုတောင်းလို့ မရဘူးကွဲ့။ ယောကျ်ားဆိုတာမျိုးဟာ တဖြည်းဖြည်းနဲ့ ပြုပြင်ယူမှရမှာပေါ့။ ငါ့မြေးမှာ ဘယ်လိုအရည်အချင်းတွေရှိတယ်၊ ဘယ်လိုစဉ်းစားဉာဏ်ရှိတယ်ဆိုတဲ့ အချက်တွေကို လင်သားဖြစ်သူက သိလာအောင် တဖြည်းဖြည်းလုပ်ရမှာ။ တစ်ချက်တည်း ကိုယ့်အရည်အချင်းကို တင်ပြလိုက်လို့ ရတာမဟုတ်ဘူး။

mgyoe.com

mgyoe.com
အိမ်ထောင်ကျလို့ ငါးနှစ် သို့မဟုတ် ဆယ်နှစ်လောက်ကြာမှ ကိုယ့်ခင်ပွန်းသည်ဟာ ကိုယ့်သဘောကျလူတစ်ယောက် ဖြစ်လာနိုင်မှာ။ ကမ္ဘာဦးကစပြီး မိန်းမတွေဟာ အိမ်ထောင်သာယာရေးအတွက် ဒီသမားရိုးကျစနစ်ကြီးကို သုံးခဲ့ကြရတယ်" ဟု ပြောပြန်လေသည်။

"ဒါဖြင့် ဘွားဘွားဟာ ဘိုးဘိုးကိုလည်း အစုပြောသလိုပဲ ပြုပြင်ခဲ့တာပေါ့ ဟုတ်လား"

"ဒါပေါ့ ငါ့မြေးရဲ့၊ မင်းဘိုးဘိုးနဲ့ အိမ်ထောင်ကျတော့ သူဟာ ဘွားဘွားအလိုချင်ဆုံး ခင်ပွန်းမျိုးတော့ မဟုတ်သေးဘူးပေါ့ကွယ်။ ဒါပေမဲ့ သူ့စိမ်းတွေရှေ့မှာဆိုရင် ဘွားဘွားဟာ မားမားမတ်မတ် သူ့ဘက်က အမြဲနေခဲ့တယ်။ အဲကိုယ့်အိမ်တွင်းရေးမှာကျတော့ အတိုက်အခံ လုပ်သင့်ရင် လုပ်ပြီး အယူအဆတွေကို တဖြည်းဖြည်း ညှိယူလာခဲ့ရတယ်။ အဲဒီတော့မှ ဘိုးဘိုးဟာ ဘွားဘွားအတွက် ခင်ပွန်းကောင်းကြီးတစ်ယောက်ဖြစ်လာခဲ့တယ်။ အိမ်ထောင်ရေးဆိုတာ ဘာနဲ့တူသလဲဆိုတော့ အပြေးပြိုင်ပွဲတစ်ခုနဲ့တူတယ်။ မသေမချင်း သတိကောင်းကောင်းနဲ့ သဘောကွဲလွဲချက်တွေကို ညှိနှိုင်းပြီး သွားကြရတဲ့ပြိုင်ပွဲတစ်မျိုးပဲ။ စိတ်ရှည်ဖို့ သိပ်အရေးကြီးတယ်။ ငါ့မြေးအိမ်ထောင်ပြုမယ်ကြံရင် ငါ့မြေးစာအုပ်ထဲက ဖတ်ထားတဲ့အတွေးအခေါ် အယူအဆတွေကို အသာဘေးဖယ်ထား၊ ငါ့မြေးမှာ အင်မတန်လှတဲ့ မျက်လုံးတွေရှိတယ်။ ရင်သားလည်း လှတယ်။ ငါ့သမီးရဲ့အလှကို လက်နက်တစ်ခုပြုပြီးတော့ ကိုယ်လိုချင်တဲ့ခင်ပွန်းလောင်းကို ရအောင်ယူပေါ့။ ယူပြီးလို့ရှိရင် ငါ့မြေးလိုချင်တဲ့ပုံစံမျိုး သွင်းယူပေါ့ကွယ်"

မေရီသည် အိမ်သို့ပြန်ခဲ့သော လမ်းတစ်လျှောက်လုံးတွင် အဘွား၏စကားများကို တစိမ့်စိမ့်တွေး၍လာ၏။ အဘွားသည်လည်း မိမိအိမ်ထောင်မပြုသည့်အတွက် ရင်လေးနေသောသူတစ်ယောက်ပင်ဖြစ်သည်ဟု မေရီ တွေးမိလေသည်။

အိမ်ပေါက်ဝသို့ရောက်သောအခါ မာမီဆယ်လီသည် မေရီအား စာတစ်စောင်ကို ဆီးကြို၍ပေး၏။ ထိုစာမှာ အစ်မဖြစ်သူ အယ်လီဇဘက်ထံမှ ရောက်လာသောစာဖြစ်လေသည်။ စာထဲ၌ သတင်းမျိုးစုံပါ၏။ ဖရန့်စစ်လက်ထပ်ရာတွင် ပိုးဂါဝန်အဖြူဝတ်ပုံ၊ အယ်လီဇဘက် ကိုယ်တိုင်ဖရန့်စစ်၏

mgyoe.com

လက်ထပ်ပွဲအတွက် အဆင့်ငါးဆင့်ပါသော ကိတ်မုန့်ဖုတ်ပေးရပုံစသဖြင့် လက်ထပ်ပွဲ၏အကြောင်းမျိုးစုံပါရှိပေသည်။ စာတစ်ကြောင်းကိုမူ မေရီ ဖတ်ရင်း အံ့အားသင့်၍နေလေသည်။ ထိုစာကြောင်းမှာကား ...

"ဖရန့်စစ်ဟာ လက်ထပ်ပြီးတော့ အခုကမ္ဘာလုံးဟိုတယ်သို့ ပြောင်းသွားပြီကွဲ့။ ဒီတော့ တို့အိမ်မှာ မေရီအတွက် နေရာလွတ်တစ်ခု ရှိနေပြီကွယ်" ဟူသော စာကြောင်းပင် ဖြစ်လေသည်။

မေရီသည် "နေရာလွတ်" ဟူသော အသုံးအနှုန်းကို စိတ်ထဲက တစ်မျိုးကြီးဖြစ်၍နေလေသည်။ အိမ်ထောင်ကျနှင့်ပြီးဖြစ်သော အစ်မဖြစ်သူ အယ်လီဇဘက်သည် ညီမများကို တဖြည်းဖြည်း အိမ်ထောင်ချပေးရန် စီစဉ်သူတစ်ဦးကဲ့သို့ဖြစ်၍ နေလေသည်။

မေရီသည် ယခင် ၂ နှစ်ခန့်အချိန်က အယ်လီဇဘက်ထံသို့သွား၍ လည်ပတ်ခဲ့စဉ်ကအကြောင်းများကို ပြန်ပြောင်း၍ တွေးတောနေမိလေသည်။ အယ်လီဇဘက်နေထိုင်သော စပရင်းဖီးမြို့ကလေးမှာ ရွာကြီးတစ်ခုမျှသာဖြစ်၍ လူဦးရေထောင့်ငါးရာပင် မပြည့်တတ်ပေ။ မြက်ခင်းပြင်ကြီး၏ အလယ်ကောင်တွင် တည်၍ထားသော ရွာဖြစ်သဖြင့် ရွာအစပ်တွင် ပြောင်းခင်းကြီးများရှိ၏။ ကောင်းကင်မှာ မိုးသားတိမ်တိုက်နည်းပါးပြီး အလွန်နေပူသော အရပ်ဖြစ်လေသည်။ လမ်းများမှာ ကျောက်မခင်းရသေးဘဲ အရောင်းအဝယ်စည်ကားသောရပ်ကွက်နှင့် လူနေအိမ်ခြေရပ်ကွက်များမှာ သီးသန့်ခြားနားထားခြင်းမရှိသေးပေ။ ရေလည်း အလွန်ရှား၏။ အနီးဆုံးမြစ်မှာ ရွာနှင့် ၆ မိုင်ဝေးသော ဆန်ဂါမုံမြစ် ဖြစ်လေသည်။ ရေရှားလွန်းသောကြောင့် မေရီသည် အယ်လီဇဘက်ထံသို့သွား၍ လည်ပတ်နေထိုင်စဉ်အခါက မိမိတို့ ဥယျာဉ်အနီမ့်ပိုင်းရှိ စမ်းချောင်းကလေးကို မကြာခဏတွေးမိခဲ့လေသည်။ စပရင်းဖီးမြို့၏ အရောင်းအဝယ် အချက်အချာဌာနမှာ မြို့လယ်ရှိပန်းခြံဖြစ်လေသည်။ ပန်းခြံအတွင်း၌ စိမ်းလဲ့သော မြက်ခင်းရှိ၏။ ပန်းခြံကို ပတ်လည်ဝိုင်းကာ ကုန်ခြောက်ဆိုင်များ၊ကုန်စုံဆိုင်များ၊ဘယဆေးဆိုင်များ၊အထည်ဆိုင်၊ စာအုပ်ဆိုင်များ ဖွင့်လှစ်၍ထား၏။ အရောင်းအဝယ်သွက်လက်၍ စည်ကားသော စပရင်းဖီးမြို့သည် လက်စင်တန်မြို့လောက်မလှပဟု မေရီ၏စိတ်တွင် ထင်မြင်မိလေသည်။

mgyoe.com

mgyoe.com

မည်သို့ပင်ဖြစ်စေကာမူ အယ်လီဇဘက်ထံသို့ သွားရောက်နေထိုင်ခဲ့သောနွေရာသီတွင် မေရီသည် အတော်အတန် ပျော်ပိုက်ခဲ့လေသည်။ စပရင်းဖီးမြို့တွင် နေထိုင်လျက်ရှိကြသော မြို့သူမြို့သား ခပ်များများတို့မှာ လက်စင်တန်မြို့မှ ပြောင်းရွှေ့လာကြသောသူများဖြစ်၍ နေကြပေသည်။ ထိုသူများသည် လက်စင်တန်မြို့၏အကြောင်း သတင်းများကို များစွာကြားချင်၍ နေကြလေသည်။ မေရီသည် စပရင်းဖီးမြို့၌ အစ်မဖြစ်သူ အယ်လီဇဘက်နှင့် ဖရန်စစ်တို့အပြင် ခဲအိုဖြစ်သူကိုလည်း တွေ့၏။ ထို့ပြင် ရှေ့နေလိုက်ရန် အကြံဖြင့် စပရင်းဖီးမြို့သို့ရောက်နေကြသော မောင်ဝမ်းကွဲ ဂျွန်တော့(ဒ်) စတူးဝပ်၊ ဂျွန်ဂျေဟာတင်နှင့် စတီးဖင်ဒီလိုဂင်တို့ ၃ ဦးကိုလည်း တွေ့ရလေသည်။ ထို့ပြင် မေရီ၏အချစ်ဆုံးဦးလေးတစ်ယောက်ဖြစ်သော ဒေါက်တာ ဂျွန်တော့(ဒ်)သည်လည်း စပရင်းဖီးမြို့တွင် ဆရာဝန်လုပ်လျက်ရှိ၏။ မေရီ၏ ခဲအိုနီနီယန်းအက်ဒဝပ်သည် အီလီနိုးအစ်(စ်)ပြည်နယ်ဘုရင်ခံ၏သားဖြစ်ပြီး၊ မြေပိုင်ရှင်ကြေးရတတ်တစ်ယောက်ဖြစ်လေသည်။ အက်ဒဝပ်၏ အိမ်သည် စပရင်းဖီးမြို့တွင် အကြီးဆုံးအလှဆုံးအိမ်ဖြစ်သည်သာမကသေး လူကုံထံအသိုင်းအဝိုင်းတို့ တွေ့ဆုံရာ ဌာနတစ်ခုလည်း ဖြစ်၍နေလေသည်။ ထို့ကြောင့် ခဲအို၏အိမ်သို့ရောက်ပြီးနောက် ရက်အနည်းငယ်ကြာလျှင်ပင် မေရီသည် ပူပြင်းလှသော ရာသီဥတုဒဏ်ကို မေ့ပျောက်စွာ ပျော်ပိုက်စပြုခဲ့လေသည်။

မေရီရောက်သည့်အချိန်မှစ၍ ဧည့်ခံပွဲကပွဲများကို နေ့တိုင်း တွေ့၍နေရ၏။ မြို့ပေါ်ရှိ အမျိုးသမီးများမှာ အဝတ်အစား လှလှပပဝတ်ဆင်ကြပြီး၊ ဘာဂီရထားကိုယ်ပိုင်ရှိသူများကြလေသည်။ များသောအားဖြင့် အသိအလိမ္မာနှင့် ပြည့်စုံသူများဖြစ်၏။ လူငယ်များ အသင်းစကားရည်လုပွဲများသို့ မေရီ တက်ရောက်နားထောင်ကြည့်ရာ လက်စင်တန်မြို့က လူငယ်များထက်ပင် အတွေးအခေါ် အယူအဆ လေးနက်ပုံရသည့်အချက်ကို တွေ့ခဲ့ရလေသည်။ စပရင်းဖီးမြို့တွင် သတင်းစာနှစ်စောင် ထုတ်ဝေလျက်ရှိ၏။ ထိုသတင်းစာများသည် လက်စင်တန်မြို့ထုတ် သတင်းစာများထက်ပင် နိုင်ငံရေးကို အသားပေး၍ ရေးသားလျက်ရှိကြောင်း မေရီ သတိထားမိလေသည်။ မေရီသည် နိုင်ငံရေးတွင် စိတ်ဝင်စားသူဖြစ်လေရာ တစ်မြို့လုံးပင်

mgyoe.com

mgyoe.com


တစ်နေ့တစ်နေ့တွင် နိုင်ငံရေးကိုသာ ဦးစားပေး၍နေကြသည်ကို တွေ့ရသော အခါ၌ မေရီသည် စပရင်းဖီးမြို့သူမြို့သားများအပေါ်တွင် ပိုမို၍အာရုံ စူးစိုက် လျက်ရှိနေရပေသည်။ မြို့သူမြို့သားများသည် များသောအားဖြင့် (ဝှစ်)ပါတီ ဝင်များဖြစ်ကြ၏။ သို့သော် ဒီမိုကရက်တစ်ပါတီဝင်များလည်း တစ်ဖက်က အတော်များများရှိလေသည်။ ဒီမိုကရက်တစ်ပါတီဝင်များသည် အပြော အဟောကောင်းသူများဖြစ်ပြီး ရပ်ရွာတွင် ဩဇာအာဏာရှိသောသူများဖြစ်ကြ လေသည်။ မေရီရောက်မသွားမီ ၄ လအချိန်က စပရင်းဖီးမြို့တည်ရာဖြစ် သော အီလီနိုးအစ်(စ်)ပြည်နယ် ဥပဒေပြုလွှတ်တော်က ပြည်နယ်၏မြို့တော် အဖြစ်ဖြင့် ဗင်ဒေးလီးယားမြို့ကို မသတ်မှတ်ဘဲ စပရင်းဖီးမြို့ကိုသာ သတ်မှတ်ဖို့မဲနှင့် ဆုံးဖြတ်ခဲ့လေသည်။ ထို့ကြောင့် စပရင်းဖီးမြို့သည် အစိုးရရုံးစိုက်ရာမြို့တော်ကြီးအဖြစ်သို့ရောက်ခဲ့လေသည်။ မေရီသည် စပရင်း ဖီးမြို့မှ ၁၈၃၇ ခုနှစ် ဆောင်းဦးပေါက်တွင် ပြန်ခဲ့၏။ မေရီ မပြန်မီမှာပင် မြို့လယ်ပန်းခြံကိုပတ်၍ အစိုးရရုံးကြီးများဆောက်ရန်လုပ်ငန်းများ စတင် နေသည်ကို တွေ့မြင်ခဲ့ရပြီး ဖြစ်လေသည်။

မေရီသည် အမှတ်ရသဖြင့် သတင်းစာဖိုင်တွဲကို သွား၍လှန်လေ သည်။ အော့(ဖ်)ဘဇားဗားသတင်းစာထဲ၌ စပရင်းဖီးမြို့အစိုးရရုံးအဆောက် အဦကြီးများနှင့် ပတ်သက်၍ အော့(ဖ်)ဘဇားဗားသတင်းစာက အောက်ပါ အတိုင်းရေးသားထားလေသည်ကို မေရီ ဖတ်ရပေသည်။

အီလီနိုးအစ်(စ်)ပြည်နယ်အစိုးရရုံးအဆောက်အဦသည် ယခုအခါ ဆောက်လုပ်နေဆဲဖြစ်၏။ ကုန်ကျသည့်ငွေမှာ ဒေါ်လာပေါင်းသိန်းနှစ်သောင်း ငါးရာဖြစ်ပြီး အဆောက်အဦကြီးသည် သုံးဧက ကျယ်ဝန်းသော မြေကွက်၏ အလယ်ကောင်တွင် တည်ရှိပေသည်။ အလျား ၁၃၂ ပေ၊ အနံ ၈၉ ရှိပြီး အမြင့်မှာ ၄၄ ပေဖြစ်၏။

မေရီ၏ခဲအို နီနီယမ်းအက်ဒဝပ်သည် လည်းကောင်း၊ အစ်ကိုဝမ်းကွဲ ဖြစ်သူ ဂျွန်ဂျေဟာတင်သည် လည်းကောင်း အီလီနိုးအစ်(စ်)ဥပဒေပြုလွှတ်တော် တွင် လွှတ်တော်အမတ်များဖြစ်ကြလေသည်။

ခဲအိုနှင့်အစ်ကိုတို့သည် မေရီအား ဒယ်နီရယ် ဝစ္စတားအမည်ရှိ နိုင်ငံကျော်ပုဂ္ဂိုလ်ကြီး တရားဟောရာသို့ခေါ်သွားကြ၏။ နိုင်ငံရေးနှင့်ပတ်

mgyoe.com

mgyoe.com

သက်၍ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲကြီးများသို့လည်း အတူခေါ် သွားလေ့ရှိကြပေသည်။

ထိုပွဲကြီးလမ်းကြီးများမှာ မေရီသည် အမေရိကန်ပြည်ထောင်စု ဒေသ အနှံ့အပြားမှ လာရောက်ကြသောလူငယ်များကိုလည်း တွေ့ရလေသည်။ လူငယ်များလည်း အားလုံးလိုပင် နိုင်ငံရေးကိစ္စနှင့် ပတ်သက်၍ တက်ကြွနေကြသောလူငယ်များဖြစ်ကြ၏။ အီလီနိုးအစ်(စ်)ပြည်နယ်သည် နယ်သစ်ဖြစ်ရန် တကယ်ကြိုးစားသောသူများ၏အဖို့တွင် နိုင်ငံရေးနယ်ပယ်၌ ကြီးပွား ပျိုးသန်လာကြ၍ နေပေသည်။

မေရီသည် စပရင်းဖီးမြို့သို့ ပထမအကြိမ်ရောက်စဉ်က အထက်ပါ အရာများကို ယခုထက်တိုင်အောင် ကောင်းစွာ မှတ်မိနေသေးသည်။ တွေ့ဆုံခဲ့ဖူးသူတို့ကိုလည်း သတိရနေသေး၏။ မေရီသည် ဗာမေကာစတီးဗင် ဒေါက်ကလပ်ကို သတိရမိသည်။ ဒေါက်ကလပ်သည် အသက် ၂၄ နှစ်ရွယ် ဖြစ်၍ အလွန်စကားပြောကောင်းသူဖြစ်လေသည်။ သူနှင့် အလားတူ ဒီမိုကရက်တစ်ဂိုဏ်းဝင် အခြားလူငယ်နှစ်ဦးမှာကား ဂျိမ်းရှီးနှင့် လိုင်းမင်းတရပ်ဘူး(န်)တို့ဖြစ်၏။ ထို့ပြင် မေရီသည် ဘွန်းပါတီဝင် ဂျူးရှူးအားစပိတ်(ထ်) ဆိုသူကိုလည်း သိကျွမ်းခဲ့ရလေသည်။ ဂျူးရှူးအာစပိတ်(ထ်)သည် မြို့ထဲတွင် အချောဆုံးလူငယ်တစ်ယောက်ဖြစ်ပြီး ကြီးပွားနေသော ကုန်စုံဆိုင်ကြီးတစ်ဆိုင်ကိုလည်း ပိုင်သူဖြစ်၏။ စပိတ်(ထ်)၏မိတ်ဆွေစစ်မှာ ဂျိမ်းမာသင်နီ ဆိုသူဖြစ်၏။ မာသင်နီမူကား အေးအေးဆေးဆေး နေတတ်၍အလုပ်ကို ကျိတ်ကျိတ်ကလေးလုပ်တတ်သူဖြစ်လေသည်။ တစ်နည်းဆိုလျှင် မာသင်နီသည် မေရီ၏ဖခင် ရောဘတ်တော့(ဒ်)နှင့် အလုပ်လုပ်ပုံခြင်း တူကြလေသည်။

ဤလူငယ်ပိုင်းနှင့် စပရင်းဖီးမြို့တွင် တွေ့ကြုံခွင့်ရခဲ့သည့်အတွက် မေရီသည် များစွာစိတ်ဝင်စားခဲ့ရလေသည်။ လူငယ်များသည် မေရီအား တန်းတူပေါင်းသင်းဆက်ဆံကြ၏။ မိတ်ဆွေအဖြစ် ခင်မင်ကြ၏။ နိုင်ငံရေးကို ဝါသနာပါသော သူငယ်တစ်ဦးဟုလည်း ယူဆကြပေသည်။ ထို့ပြင် မေရီတို့မိသားစုသည် ဝှစ်ပါတီကို ထောက်ခံသူများဖြစ်ကြ၏။ ပါတီခေါင်းဆောင်ဟင်နရီကလေးနှင့်လည်း ခင်မင်သူများဖြစ်ကြ၏။ ထို့ကြောင့် စပရင်းဖီးမြို့ ဝှစ်ပါတီကို ထောက်ခံသူလူငယ်များသည် မေရီအား မိမိတို့၏

mgyoe.com

mgyoe.com


ဘက်တော်သားတစ်ဦးအနေဖြင့် ကြည်ဖြူစွာလက်ခံကြပေသည်။

ထိုအခိုက်တွင် စပရင်းဖီးမြို့သို့ရောက်စဉ်က မေရီသည် ၃ လနေခဲ့၏။ သို့သော်လည်း မေရီသည် ဖူးစာဖက်နှင့်မတွေ့ခဲ့ချေ။ လူငယ်များသည် မိမိတို့ကြီးပွားဖို့ကိုသာ ဝီရိယစိုက်နေကြသဖြင့် အိမ်ထောင်ရေးကို မတွေးကြသေးပေ။ မေရီကိုယ်၌ကလည်း မိထွေး၏ဆန္ဒကိုသိ၏။ မိထွေးသည် မိမိအစ်မ ဖရန့်စစ်လက်ထပ်ပြီးမှ မိမိအားလက်ထပ်စေလို၏။ စပရင်းဖီးမြို့တွင် ဖရန့်စစ်နှင့် ပခုံးချင်းယှဉ်၍ ဖူးစာဖက်ရှာရန် မသင့်ဟု မေရီက ဆုံးဖြတ်ထားလေသည်။ ထို့ကြောင့် မေရီသည် ဖူးစာဖက်မရှာဘဲ ခပ်အေးအေးနေခဲ့ဖြစ်၏။ နွေရာသီကုန်ဆုံးသောအခါတွင် မေရီသည် စပရင်းဖီးမြို့ ရှိမိတ်ဆွေများနှင့် ဆွေမျိုးများကို နှုတ်ဆက်ကာ လက်စင်တန်မြို့သို့ ပြန်လာခဲ့လေသည်။

ဤအချိန်တွင်မူကား ဖရန့်စစ်သည် အိမ်ထောင်ကျ၍သွားပေသည်။ မေရီ၏အဖို့တွင် အိမ်ထောင်ပြုရန် အလှည့်ကြုံ၍ လာခဲ့ပေသည်။

× × ×

(၇)

ရောဘတ်တော့(ဒ်)နှင့် မိသားစုတို့သည် ဘူနာဘက်စတာတော အိမ်မှ စက်တင်ဘာလတွင် ပြန်လာကြ၏။ ထိုလတွင် ပြန်ခဲ့ကြဖို့မဟုတ်သေးသော်လည်း ရောဘတ်တော့(ဒ်)အုပ်ချုပ်ရသောဘဏ်တိုက်တွင် အရေးတကြီးကိစ္စဖြစ်သဖြင့် ပြန်လာရခြင်းဖြစ်လေသည်။ မေရီသည် တစ်သက်နှင့်တစ်ကိုယ်တွင် ဤအကြိမ်မျှလောက် ဖခင်ဖြစ်သူ စိတ်ညစ်ပုံကို မမြင်ဖူးခဲ့ချေ။ ဖခင်၏ မျက်နှာကြီးမှာ ညစ်မည်း၍နေ၏။မေရီ၏ဖခင် ရောဘတ်တော့(ဒ်)သည် ဘဏ်၏ဥက္ကဋ္ဌဖြစ်သည့်အတိုင်း အကြီးဆုံးသောတာဝန်ကိုယူရ၏။ ရောဘတ်တော့(ဒ်)သည် စတီးဗင်ဆိုသူ ယာခင်းရှင်ကြီးအား ဘဏ်မှ ငွေအမြောက်အမြား ထုတ်၍ချေးငှားရန် သဘောတူညီကာပေးခဲ့၏။ စတီးဗင်သည် ရုတ်တရက် သေဆုံး၍သွားရာ ဘဏ်မှ ချေးယူထားသော ငွေများကို ပြန်၍ မဆပ်ခဲ့ချေ။ စတီးဗင်၏ လုပ်ငန်းများမှာ အလွန်ရှုပ်ထွေး၍ ကျန်ရစ်ခဲ့၏။

mgyoe.com

mgyoe.com

တစ်နေ့တွင် မေရီသည် ဆိုင်တစ်ဆိုင်၌ ဝင်ရောက်ပြီး ပစ္စည်းများ ဝယ်ယူနေစဉ် ကက်စီရာကလေးနှင့်သွား၍ ဆုံကြ၏။ ကက်စီရပ်သည် မေရီကို နှုတ်ဆက်ပြီးနောက် "မေရီရဲ့ မင်းအဖေ အခုလိုစတီးဗင်နဲ့ပတ်သက်ပြီး အလုပ်ရှုပ်သွားတဲ့အကြောင်းကို ငါကြားရတော့ စိတ်မချမ်းသာပါဘူး ကွယ်။ ဒါပေမဲ့ မင်းအဖေဟာ ဒီကိစ္စကို ပြုသင့်တာထက် ပိုပြီးပြုနေတယ်လို့ ငါတော့ထင်တာပဲ" ဟု ပြောလိုက်၏။

"သည်လိုဆိုလျှင် ကက်စီရာရဲ့ ကိုယ်နှင့်အတူ အိမ်ကို လိုက်လာပြီးတော့ ဖေဖေ့ကို ဖျောင်းဖျပေးပါလားကွယ်" ဟု မေရီက တောင်းပန်လိုက်၏။

"မဖြစ်ပါဘူး မေရီ၊ ကိုယ်နဲ့မင်းအဖေဟာ ဒီအချိန်မှာအကြီးအကျယ် ပဋိပက္ခဖြစ်နေကြပြီ"

"ဟင် ... ဘာဖြစ်လို့လဲ ကက်စီရာရဲ့"

"ဘာဖြစ်ရမှာလဲ မေရီရဲ့၊ မင်းအဖေကလေ အခုသေသွားတဲ့ စတီးဗင်ရဲ့ ငွေဝယ်ကျွန်တွေကို လေလံတင်ပြီးရောင်းချဖို့ အမိန့်ပေးလိုက်ပြီတဲ့။ ငွေဝယ်ကျွန်မိသားစုတွေကို တကွဲတပြား မဖြစ်စေရဆိုတဲ့ စည်းကမ်းမျိုးလည်း မသတ်မှတ်ဘူး။ ပြီးတော့ ဒီငွေဝယ်ကျွန်တွေကို တောင်ပိုင်းပြည်နယ်တွေကို မပို့ရဘူးဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်မျိုးလည်း မထားဘူး မေရီရဲ့"

မေရီသည် တိတ်ဆိတ်စွာရပ်၍ နားထောင်နေပြီးနောက် ကက်စီရပ်၏စကားဆုံးသောအခါ "လေလံပွဲနှင့် ပတ်သက်ပြီး ကက်စီရာ စိတ်မချမ်းသာဖြစ်ရတာကို မေရီ ဝမ်းနည်းပါတယ်" ဟု ပြောပြီး ဝယ်မည့်ပစ္စည်းကို မဝယ်တော့ဘဲ အိမ်သို့တိုက်ရိုက်ပြန်၍လာလေသည်။

အိမ်တွင် ဖခင်ကြီးမရှိပေ။ မေရီသည် သူ့အခန်းသို့ တက်လာခဲ့ပြီးလျှင် စိတ်မကောင်းဖြစ်၍ နေရလေသည်။ ဖခင် ရောဘတ်တော့(ဒ်)သည် ညနေ ၆ နာရီထိုးလျှင် အိမ်သို့ပြန်၍လာ၏။ သူသည် ခြေကုန်လက်ပန်းကျ၍ စိတ်အကြီးအကျယ် မချမ်းမသာဖြစ်နေပုံရသည်။

မေရီက "ဖေဖေ ကျွန်မ ဒီနေ့ ကက်စီရာနဲ့တွေ့တယ်။ သူက ဖေဖေ နီဂရိုးတွေကို လေလံတင်ပြီးရောင်းလိမ့်မယ်လို့ပြောတယ်၊ ဟုတ်သလား"ဟု မေးလိုက်၏။

mgyoe.com

"မရောင်းရင် မဖြစ်ဘူး မေရီ"

"အရင်တုန်းကတော့ ဖေဖေဟာ သည်လိုလေလံတင်ရောင်းတဲ့နည်းကို အမြဲအတိုက်အခံပြုခဲ့တယ်။ သည်လိုလေလံတင်ရောင်းတာ လူမဆန်ဘူးဆို"

ဖခင်ဖြစ်သူသည် ကိုယ်တလှုပ်လှုပ် လက်တယမ်းယမ်းဖြစ်လာပြီးနောက် "စတီးဗင် သေသွားပြီးတဲ့အခါမှာ ငွေမကျန်ရစ်ဘူး မေရီရဲ့။ ဒါကြောင့် သူပိုင်ပစ္စည်းတွေကို ဝရမ်းကပ်ပြီး လေလံတင်ရတာ ဒါတောင် တို့ငွေ ဘယ်လောက် အဆုံးခံရဦးမယ် မသိသေးဘူး။ ဒီတော့ သူ့ငွေဝယ်ကျွန်တွေကို ရောင်းရာမှာ ဈေးအကောင်းဆုံးရတဲ့နည်းနဲ့ ရောင်းရလိမ့်မယ်။ ဒါမှဘဏ်က အရှုံးသက်သာမှာပေါ့" ဟု ပြောလိုက်၏။

"နီဂရိုးမိသားစုတွေကို အစုလိုက် ဝယ်ရမယ်လို့ စည်းကမ်းမလုပ်ခိုင်းဘူးလား ဖေဖေ။ ပြီးတော့လည်း ကျွန်ကုန်ကူးတဲ့လူတွေ မဝယ်ရဘူးလို့ ရော မတားမြစ်ခိုင်းဘူးလား ... ဟင်"

"အဲဒီလို မိသားစုလိုက် ဝယ်ရမယ်လို့ စည်းကမ်းသတ်မှတ်လိုက်ရင် ဈေးတစ်ဝက်လောက် နည်းသွားလိမ့်မယ် သမီးရဲ့။ အခု စတီးဗင်ကို ချေးလိုက်တဲ့ငွေတွေဟာ ဖေဖေပိုက်ဆံချည်းသက်သက်ဆိုရင်လား ဖေဖေလေ သမီးပြောသလို နီဂရိုးတွေ ဒုက္ခမရောက်တဲ့နည်းနဲ့ ရောင်းဖို့ပဲ။ အခုတော့ ချေးလိုက်တဲ့ငွေတွေက ဘဏ်က ငွေတွေပဲကွယ်။ ဘဏ်ဆိုတာ သမီးသိတဲ့အတိုင်း လူတွေအများကြီးက စုပြီး အပ်ထားတဲ့ ငွေတွေဆိုတော့ ဖေဖေ့မှာ ဘဏ်အစုရှင်တွေ၊ ငွေအပ်သူတွေရဲ့ မျက်နှာကိုလည်း တစ်ဖက်က ကြည့်ရသေးတယ် သမီးရဲ့"

ဖခင်ကြီးသည် ပြောပြောဆိုဆိုနှင့် လေးလံထိုင်းမှိုင်းစွာ ထိုင်၍ချလိုက်လေသည်။ ထို့နောက် သူ့မျက်နှာကို လက်ဝါးနှင့်အုပ်၍ ထားလိုက်၏။ မေရီသည် ဖခင်ကြီး၏ အနီးသို့လာ၍ ထိုင်လိုက်ပြီးနောက် ပခုံးကိုဖက်၍ "သိပ်လည်း စိတ်ညစ်မနေပါနဲ့ ဖေဖေရဲ့၊ တစ်နည်းတစ်လမ်းတော့ ရှိပါလိမ့်ဦးမယ်" ဟု နှစ်သိမ့်လိုက်လေသည်။

"တခြား ဘာနည်းလမ်းမှမရှိဘူး မေရီ။ အခု စတီးဗင်ရဲ့ပစ္စည်းတွေဖြစ်ကြတဲ့ မြေတို့၊ ရေတို့၊ ထွန်ကိရိယာတို့ ဈေးအများဆုံးပေးဝယ်တဲ့ လူကို

mgyoe.com

mgyoe.com

ရောင်းရသလို သူ့နိဂရိုးတွေကိုလည်း ရောင်းရလိမ့်မယ် မေရီ။ ဖေဖေ ဘာမှ မတတ်နိုင်ဘူး။ ဖေဖေဟာ ဘဏ်ရဲ့ဥက္ကဋ္ဌဖြစ်တဲ့အတွက် ဘဏ်ကို ပြန်ပြီး ညှာရမယ့်တာဝန်ကြီးရှိတဲ့ ဖေဖေဟာ ဘာမျှမတတ်နိုင်ဘူး။ ဘဏ်လုပ်ငန်းရဲ့ သဘောဟာ ဒီအတိုင်းပဲ မေရီ"

"ဒီလိုဆိုရင် ဖေဖေ ဘဏ်ဥက္ကဋ္ဌလုပ်ရတာ သိပ်ပြီးအကျိုးထူးတာ ပေါ့နော်" ဟု မေရီက ရယ်၍ပြောလိုက်၏။

ထိုအခါ ဖခင်ကြီးသည် မေရီ၏မျက်နှာကို ဖျတ်ခနဲလှမ်းကြည့် လိုက်ပြီးနောက် "သမီး စကားပြောတာ ကလေးဆန်လိုက်တာကွယ်... သမီး လူကြီးဖြစ်ပြီး ... လူကြီးစကားပြောစမ်းပါ ... သမီး စဉ်းစားတတ်ဖို့.... အချိန်တော်ပြီ ... စကားတတ်တာကိုရဲရဲဝံ့ဝံ့ ရင်ဆိုင်တတ်ဖို့အချိန်တော်ပြီ။ ဒီကိစ္စမှာ ဖေဖေ ဘာမျှမတတ်နိုင်ဘူး သမီး။ ကင်တပ်ကီနယ်ကို ဖေဖေ ငွေဝယ်ကျွန်စနစ်သွင်းလာခဲ့သလားဟင်။ ငွေဝယ်ကျွန်စနစ် ပပျောက်အောင် ဖေဖေ ဘယ်လောက်ကြိုးစားနေတယ်ဆိုတာကို သမီး အသိပဲမဟုတ်လား။ ပြီးတော့ ဒီကိစ္စကြီးဖြစ်လာစေရအောင် ဖေဖေက စတီးဗင်ကို သတ်ပစ် သလားဟင်။ ဖေဖေ သူ့ကို ဘဏ်တိုက်က ငွေအများကြီး ချေးငှားခွင့်ပေး လိုက်တာပဲရှိတယ်။ ဖေဖေ ခွင့်ပေးလိုက်တာဖြစ်လေတော့ ဒီချေးငွေနဲ့ ပတ် သက်လာတဲ့ တာဝန်တွေကို ဖေဖေ ယူရပေလိမ့်မယ်။ ဖေဖေ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တာဝန်ဝတ္တရားအတိုင်းတော့ လုပ်ရမယ်။ သမီး ကြိုက်ကြိုက် မကြိုက်ကြိုက် ဖေဖေ့တာဝန်ကိုတော့ အစွမ်းကုန်ကျေပွန် ရမှာပဲ"

သားအဖနှစ်ယောက်ကား အချီအချ စကားပြောဆိုနေကြရင်း စိတ်တုန်လှုပ်နေကြသဖြင့် အခန်းထဲသို့ မိထွေးဖြစ်သူ ဘက်ဆီ ဝင်လာသည် ကို မသိလိုက်ကြဘဲရှိ၏။ ဘက်ဆီသည် မေရီအနီးသို့ ချက်ချင်းရောက်လာ ပြီးလျှင် ဒေါသမီးရောင်တောက်လောင်နေသော မျက်လုံးအစုံဖြင့် စူးစူးဝါးဝါး ကြည့်ရင်းပြောလိုက်၏။ "မေရီ ညည်းက ညည်းအဖေကို ဘာဖြစ်လို့ အပြစ် တင်နေရတာလဲ။ ညည်းက ညည်းအဖေ အပြစ်မှာ အခုလိုမှတ်ချက်ချနိုင် လောက်အောင် ဘယ်လိုအခွင့်အရေးများရှိလို့တုန်း။ ညည်းက ညည်းအဖေ ထက်စိတ်ထားမြင့်မြတ်တယ်ဆိုတဲ့ အချိုးမျိုးလုပ်နေရအောင်ဟာက ညည်း

mgyoe.com

mgyoe.com


မှာ ဘယ်လိုအခွင့်အရေးတွေများ ရှိနေလို့တုန်း” ဟု ကက်ကက်ပါအောင် ရန်တွေ့လိုက်လေသည်။

ဖခင်ကြီးက “တော်ပါတော့ ဘက်ဆီရဲ့”ဟု တားမြစ်ရ၏။ သို့သော် မိထွေးဖြစ်သူသည်ဒေါသကိုမချုပ်တည်းနိုင်ဘဲ “မတော်နိုင်သေးဘူးရောဘတ် ရေ၊ ရှင့်မှာ အရှုပ်ဖြစ်နေရတဲ့ရှင့်မှာ စိတ်ညစ်ရတဲ့အထဲ ဒီကလေးမက ရှင့်ကို ပိုပြီးစိတ်ညစ်ရအောင် လုပ်တာကို ကျုပ်ဒီအတိုင်း ကြည့်မနေနိုင်ဘူး” ဟု ပြောကာ မေရီ၏ လက်မောင်းကို ဆွဲ၍ ထိုင်ရာမှ ထစေ၏။ ထို့နောက် မေရီ၏မျက်နှာကို စေ့စေ့ကြည့်ကာ “ညည်းအဖေ စိတ်ညစ်ရတဲ့အထဲမှာ ညည်းကပိုပြီးတော့ စိတ်ညစ်ရအောင်လုပ်တာဟာ ညည်းကို ညည်းမရှက် ဘူးလားဟင်။ ညည်းရဲ့စိတ်ကူးယဉ် အယူအဆတွေကို နားမထောင်ရဘဲနဲ့တောင် ညည်းအဖေဟာ ဘယ်လောက်စိတ်ရှုပ်နေရတယ်ဆိုတာကို ညည်း မသိဘူးလားဟင်။ ညည်းဟာ ဒီမိသားစုရဲ့ ခေါင်းဆောင်လား ညည်း ဘာ အလုပ်လုပ်သလဲ။ ညည်းဘာတာဝန်တွေများ ယူထားသလဲ။ ညည်းမှာ အလုပ်လည်းမရှိဘူး။ တာဝန်လည်းမရှိဘူး။ ညည်းမကြိုက်တဲ့ ကိစ္စတစ်ခုခု ရှိလာရင်သာ ညည်းဝင်ပြီး ရှုပ်ဖို့တတ်တာပဲ။ ညည်းလိုပါပဲအေ တို့လည်းပဲ ငွေဝယ်ကျွန်စနစ်တွေကို မကြိုက်ပါဘူး။ စတီးဗင်သေတာကိုလည်း မကြိုက် ဘူး။ အခုလို ဘဏ်ငွေတွေ ရှုံးရတာကိုလည်း မကြိုက်ပါဘူး။ ဒါပေမဲ့ တာဝန်ဝတ္တရားအတိုင်း လုပ်စရာရှိတာတွေ ကို လုပ်ရမှာပဲ။ တို့ဟာ ညည်းလို တစ်ယောက်နဲ့တစ်ယောက် အပြစ်ပြောမနေ ကြပါဘူး။ ကိုယ့်ပခုံးပေါ်ကျ လာတဲ့တာဝန်တွေကို တစ်ယောက်နဲ့တစ် ယောက် ကူညီပြီးထမ်းကြဖို့ပဲ ရှိတယ်။ အပြစ်တင်နေဖို့မဟုတ်ဘူးဆိုတာကို ဒီအချိန်ကစပြီး ညည်းကောင်း ကောင်းနားလည်ထား” ဟု ဆက်တိုက်ကြီး ကြိမ်းမောင်းနေလေသည်။

ကြိမ်းမောင်းပြီးသည့်နောက် ဒေါသမီးတောက်သည်အရှိန်ကုန်၍ သွား၏။ မိထွေးဖြစ်သူသည် စကားဆက်ပြတ်၍ သွားလေသည်။ ရောဘတ် တော့(ဒ်)သည် မိမိဇနီးသည်၏ လက်မောင်းကို ပွေ့ဖက်လိုက်ရင်း “ဘက်ဆီ မင်း သည်လောက်ဒေါသမကြီးပါနှင့်ကွယ်” ဟု ပြောလိုက်၏။ မေရီသည် ဖခင်၏ နောက်ဆက်တွဲစကားများကို မကြားနိုင်လောက်အောင်ဖြစ်၍သွား ၏။ မိထွေးဖြစ်သူဘက်ဆီသည် ကိုယ်ဝန်ရှိ၍ နေပြန်လေသည်။ သူ့ကိုယ်ဝန်

mgyoe.com

mgyoe.com

သည် အငယ်ဆုံးကလေး ဖ လရှိသေးစဉ်ဦတည်လာသော သန္ဓေပေတကား။ လူကြီးများသည် ထိုပဋိသန္ဓေအကြောင်း မိမိအား အသိမပေးချေ။ အို ဘာပြောစရာလိုသလဲ။ ဒီပဋိသန္ဓေတည်ခဲ့တာ ငါနှင့်ဘာဆိုင်သလဲ အနေသာကြီးဟု တွေး၍နေလေသည်။

မေရီသည် မိထွေး၏ အနီးသို့ကပ်သွားပြီးနောက် "အမေပြောတာမှန်ပါတယ်။ အဖေဟာ အတတ်နိုင်ဆုံးကြိုးစားပြီး သူ့တာဝန်ကိုထမ်းဆောင်နေတယ်ဆိုတာကို ကျွန်မ သိပါပြီ" ဟု ပြောလိုက်လေသည်။

"အေး ... မြဲမြဲမှတ်ထား ညည်းအဖေဟာ သူအတတ်နိုင်ဆုံးကို အမြဲလုပ်ခဲ့တယ်။ နောင်ကိုလည်း သူတာဝန်ကျေပွန်ဖို့ သူအတတ်နိုင်ဆုံးဆောင်ရွက်မှာပဲ" ဟု မိထွေးဖြစ်သူက မာကျောလှသော အသံကြီးဖြင့် ပြောလိုက်လေသည်။

မေရီသည် မိထွေး၏မျက်နှာကို စိန်းစိန်းကြည့်ရင်း အံ့သြ၍နေ၏။ မိန်းမသားတစ်ဦးသည် ယောကျ်ားတစ်ယောက်အား မိမိ၏ကိုယ်ထက်ပင် ပိုမိုချစ်ပုံမှာ ဆန်းလှသည်။ မိမိ၏အယူအဆများထက် ခင်ပွန်းဖြစ်သူ၏ အယူအဆများကို ပိုမိုလက်ခံနိုင်ခြင်းမှာ ထူးဆန်းလှသည်။ မိမိ၏ဆန္ဒကို ချုပ်ထိန်း၍ ခင်ပွန်းဖြစ်သူ၏ဆန္ဒကို တစ်ဖက်သတ်လိုက်လျောနိုင်ခြင်းမှာ ထူးဆန်းလှ၏။ ခင်ပွန်းသည်ကို ထိလာလျှင် ကြက်ခေါင်းဆိတ်မခံဘဲ ဆတ်ဆတ်ခါနာလေ့ရှိသော ဇနီးသည်တို့၏စိတ်မှာ ထူးဆန်းသည်ဟု စသဖြင့် မေရီသည် တအံ့တသြ တွေးတောနေပြီးနောက် မိထွေးဖြစ်သူ၏ နဖူးကို နမ်းရှုပ်လိုက်ပြီးနောက် "ကျွန်မမှားပါတယ် အမေ။ နောက်ကိုလေ မမှားစေရပါဘူး" ဟု တောင်းပန်စကား ပြောကြားလေသည်။

ရက်အတန်ငယ်ကြာသောအခါ မေရီသည် အယ်လီဇဘက်၏ ပေးစာအတိုင်း စပရင်းဖီးမြို့သို့ ခရီးထွက်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်၍သွားပေသည်။ ဘဏ္ဍာစိုးကြီးနယ်လဆင်သည် မေရီ၏သေတ္တာများကို မြင်းရထားပေါ်သို့ တင်နေ၏။ မေရီသည် ဖအေတူ မအေကွဲများဖြစ်ကြသော မောင်ညီမများအား နှုတ်ဆက်၍နေ၏။ အယ်မိလီသည် မေရီနှင့်ခွဲရမည်ဖြစ်သဖြင့် ငိုယိုကာနေ၏။ မေရီ၏စိတ်မှာ ငါ့ညီမလေးဟာ ငါ့ကို သိပ်ချစ်ပါသလားဟု တွေးမိလေသည်။ မာဂရက်နှင့် မာသာတည်းဟူသော ညီမ

mgyoe.com

mgyoe.com


ငယ်နှစ်ဦးကလည်း ဝမ်းနည်း၍နေ၏။ ဆယ်မြူရယ်နှင့် ဒေးဗစ်တည်းဟူသော မောင်ကလေးနှစ်ယောက်တို့က လက်စင်တန်တွင် မနေဘဲ စပရင်းဖီးမြို့သို့သွားခြင်းသည် အဓိပ္ပာယ်မရှိ လက်စင်တန်ကပို၍ ပျော်စရာမကောင်းပါလားဟု မေးမြန်း၍နေကြလေသည်။ မြင်းရထားထွက်ခါနီးတွင် ဂျော့သည် ဥယျာဉ်ထဲမှ ပြေးထွက်လာပြီးနောက် ရထားပေါ်သို့ ခုန်တက်ကာ သူ့အစ်မ မေရီအား ဖက်၍ငိုလေသည်။ ဖခင်ကြီးသည် မေရီကိုကြည့်ကာ စိတ်မချမ်းမသာဖြစ်၍နေလေသည်။ အဘယ်ကြောင့်ဆိုသော် မေရီသည် စပရင်းဖီးမြို့သို့သွားရာတွင် ပစ္စည်းအားလုံးကို ထုပ်ပိုးယူငင်၍သွား၏။ စာအုပ်များကိုပင် မချန်ခဲ့ပေ။ သို့ဖြစ်ရာ မေရီသည် စပရင်းဖီးမြို့၌ ထာဝစဉ် မနေသည့်တိုင်အောင် လက်စင်တန်မြို့ကိုကား ပြန်လာတော့မည်မဟုတ်ဟု ဖခင်ကြီးသည် နားလည်ထားပြီးဖြစ်လေသည်။

ဘဏ္ဍာစိုးကြီး နယ်လဆင်သည် မြင်းဇက်ကို တုံ့၍ ဆွဲလိုက်၏။ မာမီဆယ်လီနှင့် အခြားသော အိမ်ဖော်များသည် တံခါးဝတွင် ရုံးစုကာ မေရီအား လက်ပြနှုတ်ဆက်လျက်ရှိကြပေသည်။ ရထားလည်း ထွက်၍ သွား၏။

ရထားသည် ရွှေဦးလမ်းတစ်လျှောက် မောင်းလာပြီးနောက် တောင်ဘက်သို့ ကွေ့ချိုးကာ စက်ရုံလမ်း၊ ရေလမ်းများကို ဖြတ်ကျော်ခဲ့ပြီးနောက် ဘူတာရုံသို့ ဆိုက်ရောက်လာ၏။ ဘူတာရုံတွင် မီးရထားထွက်မည့်ဆဲဆဲဖြစ်၏။ အချို့သောသူများပင်လျှင် တွဲပေါ်သို့ ရောက်နေကြလေပြီ။ ရောက်နေနှင့်သောသူတို့သည် နောက်ကျသောခရီးသည်များကို လှမ်းကြည့်နေကြ၏။

ဂျော့နှင့် နယ်လဆင်တို့သည် မေရီ၏ သေတ္တာများကို မီးရထားအမှုထမ်းတစ်ဦးသို့ ပေးလိုက်၏။ ထိုသူသည် သေတ္တာများကို အခြားခရီးသည်တို့၏ သေတ္တာများနှင့်အတူ ထားလိုက်လေသည်။ ဤမီးရထားသည် ဖရန့်ဖို့(ထ်)မြို့သို့ရောက်သောအခါ မေရီသည် ရထားမှဆင်း၍ အငှားမြင်းလှည်းဖြင့် ၅၂ မိုင်ဝေးကွာသော လူဝီဘီးမြို့သို့ သွားရမည်ဖြစ်၏။ လူဝီဘီးမြို့သို့ ရောက်သောအခါ သင်္ဘောဖြင့် အိုဟိုင်ယိုမြစ်ကို စုန်ဆင်းရမည်ဖြစ်သည်။ ကိုင်းရိုးမြို့သို့ရောက်သောအခါ မေရီသည် သင်္ဘောပြောင်းစီး

mgyoe.com

mgyoe.com

ပြီးနောက် စိန့်လူဝီနှင့် အယ်(လ်)တန်မြို့အထိ သွားရမည်ဖြစ်လေသည်။ အယ်(လ်)မြို့မှနေ၍ အငှားမြင်းရထားဖြင့် တစ်ဖန်ခရီးဆက်ကာ ၂ ရက်ကြာမျှ သွားပြီး စပရင်းဖီးမြို့သို့ ရောက်မည်ဖြစ်လေသည်။ လက်စင်တန်မြို့မှ စပရင်ဖီးမြို့အထိ ခရီးအကွာအဝေးမှာ မိုင်ရှစ်ရာနီးပါးဖြစ်ရာ ခရီးလမ်းပန်း ကောင်းမွန်ပါမှ ၉ ရက်နှင့် ရောက်နိုင်လေသည်။

ရထားထွက်၍ မြို့အထွက်လမ်းကွေ့တွင် မေရီသည် မီးရထားပေါ်မှနေ၍ လက်စင်တန်မြို့ကို နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် မျှော်ကြည့်လိုက်မိလေသည်။ သကြားရေပင်များ၊ ကော်ဖီပင်များ၊ ထင်းရှူးပင်များ ကွက်တီကွက်ကျား မြင်ရသော လက်စင်တန်မြို့နှင့် တဖြည်းဖြည်း ကွာဝေးခဲ့ရလေပြီ။ မေရီ၏ မျက်လုံးများတွင် မျက်ရည်ဖြင့် ပြည့်လျှံ၍လာ၏။

မီးရထားမောင်းသူသည် ဥသြဆွဲလိုက်၏။ ဥသြသံသည် ညီမ အယ်နီ၏ စူးရှသောအသံနှင့် ခပ်ဆင်ဆင်တူလေရာ မေရီသည် အယ်နီမှာကြားလိုက်သော စကားတစ်ခွန်းကို သတိရမိ၏။ အယ်နီ၏ စကားမှာကား သိပ်ပြီးအချိန်ကုန်မခံနဲ့မေရီရေ။ မေရီပြီးရင် ကိုယ့်အလှည့်ပဲဟူ၍ဖြစ်သတည်း။

■

mgyoe.com

mgyoe.com

# အခန်း (၂)
## မေတ္တာအစ

(၁)

မေရီသည် ဖယောင်းတိုင်ကို ထွန်း၍ ပြတင်းပေါက်တွင် စိုက်ထားလိုက်ပြီးနောက် ပြုံးလိုက်လေသည်။ စပရင်းဖီးမြို့ဓလေ့ထုံးစံအရ ယနေ့ ဖယောင်းတိုင်ထွန်းထားခြင်းသည် မိမိအိမ်တွင်ရှိကြောင်း လူငယ်လူရွယ်များ သိအောင် အချက်ပေးလိုက်ခြင်းပင်ဖြစ်လေသည်။ ဤဓလေ့ထုံးစံကို လက်စင်တန်မြို့သူမြို့သားများက အထူးအဆန်း မှတ်ယူနေကြလိမ့်မည်ဟု မေရီ တွေး၍နေ၏။ မေရီသည် ခန်းမဆောင်ကြီးသို့ လျှောက်လာ၏။ အဆောင်ကြီးမှာ ပေ ၄၀ မျှ ကျယ်ဝန်းလေသည်။ ဤအဆောင်တွင် တစ်အိမ်သားလုံး လက်ဖက်ရည် သောက်ကြ၏။ မိတ်ဆွေများနှင့် တွေ့ဆုံကြ၏။ ကပွဲများ ကျင်းပကြသည်။ အခန်းအနီး၌ ရှေးကျသော အိမ်ထောင်ပရိဘောဂများ၊ ဆီဆေးပုံတူကားကြီးများ ရှိ၏။ အချို့သော အိမ်ထောင်ပရိဘောဂများမှာမူ ခေတ်မီပရိဘောဂများ ဖြစ်ကြလေသည်။ ရှေးခေတ်အသုံးအဆောင်များနှင့် ခေတ်သစ်အသုံးအဆောင်များ ရောနှောနေပုံမှာ တစ်မျိုးအားဖြင့်ဆိုလျှင် အလွန်ကြည့်၍ ကောင်းပေသည်။

မေရီသည် ဂါဝန်အဖြူကို ဝတ်၍ထား၏။ သို့သော် လည်စည်းမှာ

mgyoe.com

mgyoe.com


အနက်ဖြစ်ပေသည်။ မေရီသည် ဖန်ချိုင့်တစ်ခုထဲ၌ ထည့်ထားသော ဗာဒံစေ့များကို ကြည့်နေစဉ် အယ်လီဇဘက်သည် ခန်းမဆောင်ကြီးထဲသို့ ဝင်၍လာလေသည်။ သူ၏ လက်ထဲ၌ ကိတ်မုန့်တစ်လုံးပါ၍လာ၏။ ထိုကိတ်မုန့်မှာ အဆင့်ငါးဆင့်ရှိသော ကိတ်မုန့်ဖြစ်လေသည်။ ထိုကိတ်မုန့်မျိုးကို ကွယ်လွန်သူ မိခင်ရင်းက အမြဲဖုတ်တတ်သဖြင့် မေရီသည် ခဏတာမျှ စိတ်မကောင်းဖြစ်၍ သွားရှာလေသည်။ ထို့ပြင် အယ်လီဇဘက်နှင့် မိခင်ရင်းတို့သည် ရုပ်ခြင်းခပ်ဆင်ဆင်တူကြ၏။ စင်စစ်တွင်မူ အယ်လီဇဘက်သည် မေရီထက်ပင် အရပ်ပို၍ မြင့်နေလေသည်။ ပခုံးကျယ်၍ ဆံပင်ကို အလယ်တည့်တည့်မှ ခွဲတတ်သူဖြစ်၏။ မေရီထက် အယ်လီဇဘက်သည် အသက် ၅ နှစ်ကြီးလေသည်။ အယ်လီဇဘက်မှာ ယခုအခါတွင် ကိုယ်ဝန်နှင့် ဖြစ်လေသည်။

အယ်လီဇဘက်နှင့် နီနီယန်းအက်ဒဝပ်တို့သည် အီလီနိုးအစ်(စ်)မြို့တွင်ကျင်းပသော ဝှစ်ပါတီပထမညီလာခံ၌ ဆုံးဖြတ်ခဲ့ကြပုံများတွင် မကျေမနပ်ဖြစ်နေကြ၏။ ထိုအကြောင်းကို မေရီသည် ကောင်းစွာသိရှိလေသည်။ ဝှစ်ပါတီညီလာခံ၌ ပြည်ထောင်စုသမ္မတရွေးကောက်ပွဲအတွက် ဆော်သြသူများအဖြစ် ပုဂ္ဂိုလ် ၅ ဦးရွေးချယ်ခဲ့လေသည်။ အကယ်၍ ဝှစ်ပါတီမှ သမ္မတအရွေးခံရလျှင် ဆော်သြသူများသည် ဝန်ကြီးများဖြစ်လာနိုင်ဖို့ အကြောင်းရှိလေသည်။ ဆော်သြသူ ၅ ဦးတို့အနက်တွင် နီနီယန်း အက်ဒဝပ်သည် မပါနိုင်ခဲ့ချေ။

မေရီက အယ်လီဇဘက်အား နီနီယန်း အက်ဒဝပ်ဟာ နောက်တစ်ဆင့် အီလီနိုးအစ်(စ်)ပြည်နယ်ဘုရင်ခံ ဖြစ်သင့်တယ်ဟု ပြောလိုက်လေသည်။

ကိုယ့်ကို ဘယ်သူက ရာထူးကြီးများ ခန့်နေပါလိမ့်ဟုပြောရင်း နီနီယန်းအက်ဒဝပ်သည် အခန်းထဲသို့ရောက်လာလေသည်။ နီနီယန်းအက်ဒဝပ်သည် အသက် ၃၀ မျှသာရှိသေးသော်လည်း ပြည်နယ်၏အစိုးရရှေ့နေကြီးဖြစ်နေခဲ့ရာ ပြည်နယ်လွှတ်တော်တွင်လည်း ပထမအကြိမ်လွှတ် တော်အမတ်အဖြစ် ဆောင်ရွက်နေရပေသည်။ နီနီယန်းသည် သူ၏ဖခင်ထံမှ ကြီးမားများပြားလှစွာသော အမွေပစ္စည်းများကို ရလိုက်၏။ လယ်များ၊ စတိုးဆိုင်များ၊ ယာတောများ၊ မြို့ပေါ်ရှိ တိုက်တာအိမ်ခြေအများအပြားပါရှိပေသည်။

mgyoe.com

နီနီယန်းသည် လူချောတစ်ယောက်ဖြစ်၍ အရပ် ၆ ပေရှိလေသည်။ နီနီယန်း၏ဖခင်သည် ၁၈၀၉ ခုနှစ်က သမ္မတနစ်ဒီဆန်၏ စာချွန်ဖြင့် အီလီနိုး‌အစ်(စ်)ပြည်နယ်ကို ဘုရင်ခံအဖြစ် အုပ်ချုပ်ခဲ့ရလေသည်။ နီနီယန်း၏ ဖခင်လက်ထက်၏ အီလီနိုးအစ်(စ်)ပြည်နယ်သည် တစ်ဟုန်ထိုးကြီးပွားတိုးတက်၍လာခဲ့ရပေသည်။

"ကိုယ်သာ ဒီပြည်နယ်ရဲ့ ဘုရင်ခံဖြစ်မယ်ဆိုရင် အစိုးရအိမ်တော်ကို လက်ဦးဆုံးလာရမယ့် ပုဂ္ဂိုလ်ဟာ မေရီ ကိုယ်တိုင်ဖြစ်ရပါစေ့မယ်ကွယ်"ဟု နီနီယန်းက ရယ်စရာပြောလိုက်လေသည်။

နီနီယန်း အက်ဒဝပ်သည် မာနကြီးသောသူတစ်ယောက်ဖြစ်သည်ဟု အချို့သော သူများက ယူဆကြ၏။ အီလီနိုးအစ်(စ်)ပြည်နယ်သို့ အခြားနယ်များမှ ပြောင်းရွှေ့လာသည့်လူသစ်များသည် ထူးချွန်သောသူများ မဟုတ်ကြပေဟု နီနီယန်း အက်ဒဝပ်က ယူဆထားသယောင် အတင်းအဖျင်း ပြောပုံများကိုလည်း မေရီ ကြားခဲ့ဖူးလေသည်။ လွှတ်တော်ထဲ၌ နီနီယန်း အက်ဒဝပ်သည် အယူအဆတွင် မဟာမျိုး မဟာနွယ်ဆန်သည်ဟု ဝေဖန်ပြောဆိုခြင်းလည်း ခံခဲ့ရလေသည်။ သို့သော် မေရီ၏အဖို့တွင်မူကား နီနီယန်း အက်ဒဝပ်သည် မာနကြီးသောသူတစ်ယောက် မဟုတ်ကြောင်း အသေအချာနားလည်၍ထား၏။ ထို့ပြင် နီနီယန်း အက်ဒဝပ်သည် အီလီနိုးအစ်(စ်)ပြည်နယ်တွင်းသို့ ငွေဝယ်ကျွန်စနစ် ဝင်ရောက်ထွန်းကားခြင်းမရှိအောင် ကြိုးစား၍ တွန်းလှန်နေသူလည်း ဖြစ်လေသည်။ အီလီနိုးအစ်(စ်)ပြည်နယ်တွင် ရှေးဦးပထမရောက်လာကာ နေထိုင်ကြသော မိသားစုများမှာ များသောအားဖြင့် ငွေဝယ်ကျွန်စနစ်ကို အားပေးကြသော တောင်ပိုင်းပြည်နယ်များမှ လူများဖြစ်ကြပေရာ ငွေဝယ်ကျွန်စနစ်မှာ အလိုအလျောက်ပင် အီလီနိုးအစ်(စ်)ပြည်နယ်ထဲသို့ ရောက်၍လာခဲ့ပေသည်။ သို့တိုင်အောင် နီနီယန်း အက်ဒဝပ်သည် အစေခံအဖြစ်ဖြင့် နီဂရိုး ၄ ယောက်တို့ကို အလုပ်ပေးထား၏။ ၎င်းတို့အား လစဉ်ကြေးများ ထောက်ပံ့၍ထား၏။ ငွေဝယ်ကျွန်သဘောမထားဘဲ လွတ်လပ်သောလခစား အစေခံများအဖြစ်ဖြင့် ထားရှိပေသည်။ နီနီယန်း အက်ဒဝပ်သည် စာချုပ်အလုပ်သမားစနစ်ဟူသော စနစ်ကိုလည်း ဆန့်ကျင်နေသူဖြစ်လေသည်။ စပရင်းဖီးမြို့၌ရှိသော ကြေးရတတ်များသည် ငွေဝယ်

mgyoe.com

mgyoe.com

ကျွန်စနစ်ကို မလိုလားကြသော်လည်း ငွေဝယ်ကျွန်များကို လွတ်လပ်ခွင့်ပေးလိုက်ပြီးသည့်နောက်တွင်မူ ငွေတစ်လုံးတစ်ခဲတည်း ထုတ်ပေးပြီးနောက် နိဂရိုးများအား တစ်သက်လုံး မိမိတို့ အလုပ်လုပ်၍ သွားပါမည် အဘယ်ကိုမျှ မသွားပါဟူသော စာချုပ်များကို လက်မှတ်ထိုးစေလေသည်။ ထိုနည်းဖြင့် ငွေဝယ်ကျွန်များမှာ လွတ်လပ်ရေးရပြီးသည့်တိုင်အောင် ဆိုင်ရာ အရှင်သခင်တို့၏ ရာသက်ပန်အစေကျွန်များဖြစ်၍ နေကြရလေသည်။

နီနီယန်း အက်ဒဝပ်သည် မေရီ ထွန်း၍ထားသော မီးတိုင်ကို ကြည့်လိုက်ပြီးနောက် "ဒီကနေ့တော့ မေရီ့ဆီကို ဧည့်သည်တွေအများကြီး လာလိမ့်မယ်" ဟု ပြောလိုက်လေသည်။

"စတီးဗင်ဒေါက်ကလပ် ဒီကိုလာမယ် ထင်သလား" ဟု မေရီက မေးလိုက်လေသည်။

"ကိုယ်တော့ သိပ်မထင်ပါဘူး။ ဟိုတစ်လောက သူဟာ ပြည်သူ့ပန်းခြံထဲမှာ ဂျွန်စတူးဝပ်နဲ့ လူသိနတ်ကြား အရက်မူးပြီး ရန်ဖြစ်ခဲ့တယ် သူ့ရှက်လို့လာမှာ မဟုတ်ဘူး" ဟု နီနီယန်းက ပြောလိုက်၏။

"ဂျွန်စတူးဝပ် ကိုယ်တိုင်က မူးနေတာပဲ မေရီရဲ့ သူတို့ရန်ဖြစ်တာကို ဒါလောက်ရေးကြီးခွင်ကျယ် လုပ်မနေပါနဲ့။ စတီးဗင်ဒေါက်ကလပ်ဟာ တကယ့်လူချောတစ်ယောက် ဒီမိုကရက်တစ်ပါတီဝင်ဖြစ်ပေမဲ့ အင်မတန်တော်ပါတယ်။ ကျွန်မတို့နဲ့ မိတ်ဆွေဖြစ်နေရင် ကောင်းတာပေါ့" ဟု အယ်လီဇဘက်က ဝင်၍ ပြောလိုက်လေ၏။ မေရီဘက်သို့ လှည့်၍ "စတီးဗင်ဒေါက်ကလပ် လာမှာပါပဲ မေရီ။ မေရီ့အကြောင်းကို သူက ခဏခဏ မေးတယ်" ဟု ပြောလိုက်လေသည်။

ထိုသို့ ပြောနေကြစဉ်ပင် တံခါးခေါက်သံ ကြားရ၏။ မကြာမီ စတီးဗင်အခန်းထဲသို့ ဝင်လာလေသည်။ ဒေါက်ကလပ်သည် အရပ်ပုပုနှင့် ခေါင်းကြီးကြီး လူတစ်ယောက်ဖြစ်လေသည်။ ကိုယ်လုံးကိုယ်ထည် ကြီးမားသောသူလည်း ဖြစ်၏။ အယ်လီဇဘက်သည် စတီးဗင်ဒေါက်ကလပ်ကို နှုတ်ဆက်လိုက်၏။ ထို့နောက် ဒေါက်ကလပ်သည်လည်း မေရီအား လက်ဆွဲနှုတ်ဆက်လိုက်ပြီးနောက် "မေရီ အခု စပရင်းဖီးမြို့ကို ပြန်လာတာကို သိပ်ဝမ်းသာတာပဲကွယ်။ ဒီတစ်ခါတော့ ရာသက်ပန်နေတော့မယ် မဟုတ်

mgyoe.com

လား” ဟု မေးလိုက်လေသည်။

ထိုအခါ မေရီက “ဆိုပါတော့လေ ... လာထိုင်ပါဦး။ ကျွန်မလည်း လက်စင်တန်မှာ ပြန်ပြီးနေတုန်း ရှင်ဘာတွေလုပ်နေသလဲဆိုတာ ပြောပြစမ်းပါဦး။ ကျွန်မကြားရသမျှကတော့ ရှင်ဟာ မြေယာဌာနမှာ မှတ်ပုံတင်အရာရှိဖြစ်ပြီး ကွန်ဂရက်လွှတ်တော်အမတ်လည်း အရွေးခံသေးတယ်ဆို ကျွန်မအစ်ကိုဂျွန်စတူးဝပ်နှင့်လည်း ပဋိပက္ခဖြစ်ကြသေးတယ်ထင်ပါရဲ့” ဟု မေးလိုက်သည်။

စတီးဗင် ဒေါက်ကလပ်နှင့် မေရီတို့သည် အခန်းထဲ၌ ထိုင်၍ စကားပြောရင်း ကျန်ရစ်ခဲ့ကြ၏။ အယ်လီဇဘက်နှင့် နီနီယန်းတို့သည် အခြားအခန်းတစ်ခန်းသို့ ကူး၍သွားကြလေသည်။

စတီးဗင် ဒေါက်ကလပ်မှာ ဗားမောင့်ပြည်နယ် မရမ်းဒုံးမြို့တွင် မွေးဖွား၍ ဖခင်မှာ ဆရာဝန်တစ်ဦးဖြစ်လေသည်။ ငယ်ရွယ်စဉ်ကပင် ဖခင်သေဆုံးသွားရာ စတီးဗင် ဒေါက်ကလပ်သည် အရွယ်ရောက်လာသောအခါ၌ အိမ်ထောင်ပရိဘောဂ ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ပြီးနောက် ပညာကိုတတ်နိုင်သမျှ ဆည်းပူးလာခဲ့လေသည်။ ထို့နောက် အလုပ်ဆက်လုပ်ရင်း ဥပဒေပညာကို လိုက်စားခဲ့၏။ ၁၉ နှစ်သားအရွယ်သို့ရောက်သောအခါ ပြည်ထောင်စု အနောက်ပိုင်းသို့ စွန့်စားထွက်ခွာလာပြီး ကျောင်းဆရာလုပ်ရင်း ရှေ့နေ့စာမေးပွဲဖြေဆိုရာ ၂ နှစ်နှင့် ရှေ့နေလိုင်စင်ရခဲ့လေသည်။ သူ၏ကြိုးပမ်းမှုကြောင့် မကြာမီလွှတ်တော်အမတ်ဖြစ်ပြီး အစိုးရရှေ့နေကြီး ဖြစ်၍လာခဲ့လေသည်။

ဒေါက်ကလပ်သည် ခပ်တိုးတိုးရယ်လိုက်ပြီးနောက် “ဂျွန်စတူးဝပ်နဲ့ ကိုယ်နဲ့ ရန်ဖြစ်ကြတာဟာ တခြားဟုတ်ပါရိုးလားကွယ်။ နိုင်ငံရေးငြင်းရင်းခုန်ရင်းရန်ဖြစ်ကြတာပေါ့။ ဒီကိစ္စက ပြီးသွားပါပြီ” ဟု ပြောလိုက်လေသည်။

မေရီသည် ပြုံး၍နေရင်း အစွန်အဖျားကျသော ပြည်နယ်များ၏ နိုင်ငံရေးပါတီအခြေအနေများကို တွေးနေမိလေသည်။

“နိုင်ငံရေးငြင်းတာနဲ့ပဲ ရန်ဖြစ်ကြရရောလား” ဟု မေရီက မေးလိုက်၏ ။

mgyoe.com

"ဖြစ်တာပေါ့မေရီ။ လူထု အများဆုံးအပိုင်းက ကိုယ့်ကို လွတ်တော်အမတ်ဖြစ်စေချင်နေကြတာ။ စတူးဝပ်ကလည်း အတင်းဝင်ပြီးတော့ ကိုယ်နဲ့ ပြိုင်ပြီး အရွေးခံသေးတယ်။ အရွေးခံပြီး သူက ပြည်နယ်လွှတ်တော်အမတ် လုပ်တယ်။ ကိုယ့်ကိုတော့ မဲလိမ်တွေနဲ့ ကွန်ဂရက် လွှတ်တော်အမတ်ဖြစ်အောင် ခြေထိုးလိုက်တယ်။ ဒီကိစ္စ မအေးသေးဘူး မေရီ။ ကိုယ် ဝါရှင်တန်ကို သွားပြီး ကန့်ကွက်ဦးမယ်။ မင်းကိုလည်း အားနာပါရဲ့။ ဒါပေမဲ့ မင်းမိသားစုတွေပါဝင်တဲ့ ဝှစ်ပါတီမှာဆိုရင် အက်ဗေးလင်ကွန်းတစ်ယောက်သာ အတော်ဆုံး အရိုးသားဆုံးလူ၊ တခြားပါတီဝင်တွေကတော့ ခြေထိုးသမားချည်းပဲ" ဟု စတီးဗင် ဒေါက်ကလပ်က ပြောလိုက်လေသည်။

အက်ဗေးလင်ကွန်းဟူသော အမည်ကို မေရီသည် ယခင်တစ်ခါ လာစဉ်ကပဲ ကြားခဲ့ဖူး၏။ ၁၉၈၃ ခုနှစ်က စပရင်းဖီးမြို့သို့ မေရီလာခဲ့စဉ်တွင် သူ၏အစ်ကိုဝမ်းကွဲစတူးဝပ်နှင့် အက်ဗေးလင်ကွန်းတို့သည် အတူတူ တွဲ၍ ရှေ့နေလိုက်ကြသည်ကို သိရလေသည်။ သို့သော် လင်ကွန်းဆိုသူအား မေရီသည် ထိုစဉ်က မတွေ့ခဲ့ဖူးချေ။ ယခုထက်တိုင် ဂျွန်စတူးဝပ်နှင့်တွဲ၍ အလုပ်လုပ်နေဆဲဖြစ်သည့်အပြင် မေရီ မသိရချေ။

"ဒီမှ စတီးဗင် ကျွန်မက ကျွန်မအစ်ကိုဝမ်းကွဲ ဂျွန်စတူးဝပ်ကို ကာကွယ်ချင်လို့ ပြောနေတာမဟုတ်ပါဘူး။ စတူးဝပ်က မဲလိမ်လို့ ရှင် ဝါရှင်တန်ကို သွားပြီးကန့်ကွက်မယ်ဆိုရင် ရှင်က မစားရတဲ့အမဲ သဲနဲ့ပက်တယ်လို့ လူထုက ပြောကုန်မှာပေါ့။ ရှင် မဲရှုံးပေမဲ့ မဲတွေ အများကြီးရသေးတယ်။ နောက်တစ်ချီ ရွေးကောက်ပွဲကျရင် ရှင်အနိုင်ရမှာပေါ့။ ရှင်ဟာ ဒီမိုကရက်တစ်ပါတီထဲမှာဆိုရင် အတော်ဆုံး လူတစ်ယောက်ပဲ မဟုတ်လား" ဟု မေရီက ပြောလိုက်၏။

စတီးဗင် ဒေါက်ကလပ်သည် ကျေနပ်သွားပြီးနောက် "ဟုတ်တယ် မေရီ၊ ဝါရှင်တန်ကို တက်ပြီးကန့်ကွက်မယ်ဆိုရင် ငွေကုန်လူပန်း ဖြစ်ကုန်မယ်။ ဒါပေမဲ့ မေရီရဲ့ ငါဟာ ၂ နှစ်လုံးလုံး ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး မဲဆွယ်ခဲ့ရတယ်။ ဒါကြောင့်မို့လို့ ငါအရွေးမခံရတာကို မချင့်မရဲဖြစ်မိပါတယ်ကွယ် ..." ဟု ပြောလိုက်၏။

"ကိုယ့်အချိန်ကိုလည်း ကိုယ်စောင့်ပါဦး စတီးဗင်ရဲ့။ တစ်နေ့

mgyoe.com

mgyoe.com


ကျရင် ရှင်ဟာ သမ္မတတောင် ဖြစ်ချင်ဖြစ်နိုင်တဲ့လူပါ"

စတီးဗင်သည် မေရီ၏စကားကို အံ့အားသင့်၍ နေ၏။ ပြီးမှ တဖြည်းဖြည်း ပြုံးလာပြီး "မေရီက ကိုယ့်ကို သိပ်ပြီး အထင်ကြီးတာပဲ"ဟု ဆိုလိုက်၏။

× × ×

(၂)

နောက်တစ်နေ့ မွန်းလွဲအချိန်ဖြစ်၏။ မေရီသည် သူ၏အိပ်ခန်းထဲတွင် အဝတ်အစားလဲ၍ နေလေသည်။ သူ့အိမ်မှာ တောင်ဘက်သို့ မျက်နှာမူသော အခန်းဖြစ်၍ အိမ်ပေါ်ထပ်တွင်ရှိလေသည်။ ပြတင်းပေါက်မှနေ၍ ကြည့်လိုက်လျှင် လီဗာရားမိသားစုတို့ နေထိုင်သောအိမ်ကို လှမ်း၍မြင်ရပေသည်။ ယခု အိမ်ခန်းမှာ လက်စင်တန်မြို့ မိဘအိမ်က၊ အိမ်ခန်းနှင့်များစွာ ကွာခြားလှပေသည်။ အိမ်ထောင်ပရိဘောဂများ၊ ခန်းဆီးများမှာ မိဘအိမ်မှာ လောက်မကောင်းချေ။ သို့သော် အခန်းထဲတွင် ချစ်စဖွယ်ကောင်းသော မှန်တင်ခုံတစ်ခုနှင့် စာအုပ်စင်များ၊ စားပွဲငယ်တစ်လုံးအပြင် မီးလင်းဖိုလည်း ရှိ၏။ မိဘအိမ်တွင် အယ်လီဇဘက် နေထိုင်စဉ်အခါက အယ်လီဇဘက်သည် သူ့အခန်းကို ထိုနည်းနှင်နှင်ပင် ပြင်ဆင်၍ နေထိုင်ခဲ့ဖူးကြောင်း မေရီ သတိရမိပေသည်။

မေရီ ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်လိုက်၏။ မြင်းလှည်းတစ်စီးမောင်းလာသည်ကို တွေ့ရပေသည်။ မောင်းလာသူမှာ ဂျိမ်းကွန်းကရင်းဆိုသူ အသက် ၂၃ နှစ်အရွယ် လူငယ်တစ်ဦး ဖြစ်လေသည်။ ကွန်ကရင်းသည် မာစီလီဖရင်းဆိုသူ မိန်းကလေးအား စည်းဝေးပွဲတစ်ခုသို့ သွားရန် ရထားနှင့်ရောက်လာခြင်းဖြစ်လေသည်။ ယမန်တစ်နေ့က စည်းဝေးပွဲတစ်ခု၌ ကွန်ကရင်းသည် မာစီယာအား မျက်စေ့ကျ၍နေကြောင်း မေရီ အကဲခတ်မိခဲ့ပေသည်။ မာစီသည် ဂျော့တောင်းမြို့မှ တရားသူကြီးတစ်ဦး၏ သမီးငယ် ဖြစ်ပြီး အထက်တန်းလွှာ၌ ကြီးပြင်းလာခဲ့ပြီးနောက် သူ့အစ်ကိုနှင့် ယောက်မ ရှိရာ ဤစပရင်းဖီးမြို့သို့ လာရောက်လည်ပတ်နေသူ ဖြစ်လေသည်။

mgyoe.com

"မေရီရေ တို့တစ်တွေ နောက်ကျနေလိမ့်မယ်ဟေ့" ဟု အောက်ထပ်မှနေ၍ နီနီယန်းက အော်ပြောလိုက်လေသည်။ မေရီသည် ခြုံစောင်နှင့် သိုးမွေးလည်ပတ်တစ်ခုကို ပခုံးပေါ်တင်လိုက်လေသည်။ သူတို့သွားမည့် အစည်းအဝေးမှာ နိုင်ငံရေးအစည်းအဝေး ဖြစ်လေသည်။ စပရင်းဖီးမြို့တွင် လူတိုင်းပင် နိုင်ငံရေးကို ဝါသနာကြီးကြ၏။ ဘုရားရှိခိုးသော တနင်္ဂနွေနေ့မှ တစ်ပါး အခြားနေ့များတွင် နိုင်ငံရေးဟောပြောပွဲများ နေ့စဉ် လိုလိုရှိနေ၏။ ထိုဟောပြောပွဲများမှာ ၁၈၄၀ ပြည့်နှစ်တွင် ကျင်းပမည့် ပြည်ထောင်စု ရွေးကောက်ပွဲအတွက် ရှေ့ကကြို၍ ဟောပြောမဲဆွယ်နေကြသော စည်းဝေးပွဲများ ဖြစ်ကြလေသည်။

မေရီသည် မှန်ထဲ၌ သူ့ကိုယ်သူ ကြည့်လိုက်မိပြန်၏။ မိထွေးဖြစ်သူနှင့် ခွဲခွာ၍လာခဲ့ရသည်တွင် မေရီသည် အယ်လီဇဘက်တို့အိမ်၌ ပျော်၍နေ၏။ သူနှင့်အလားတူ နိုင်ငံရေးဝါသနာပါသော လူငယ်စုနှင့် တွေ့ဆုံဆွေးနွေးနေရသဖြင့် မေရီသည် ယခင်ကထက်ပို၍ လန်းလာပေသည်။ စိတ်ချမ်းသာမှုလည်းရ၍နေပေသည်။

မေရီ အိမ်မှထွက်၍လာသောအခါ အယ်လီဇဘက်နှင့် နီနီယန်းတို့သည် မြင်းရထားထဲသို့ ရောက်၍နေကြပေသည်။ မေရီနှင့် အယ်လီဇဘက်တို့က ယှဉ်၍ထိုင်ကြ၏။ ရှေ့မျက်နှာချင်းဆိုင်တွင် နီနီယန်းတို့က ထိုင်ကြပေသည်။ မြင်းလှည်းစ၍ ထွက်လာပြီးလျှင် မြင်းလှည်းသည်မြို့၏ တောင်ဘက်ပိုင်း သစ်ပင်ရိပ်များရှိသော လမ်းများကို မောင်း၍လာခဲ့လေသည်။ လှမ်းမျှော်၍ကြည့်လိုက်လျှင် နီနီယန်းပိုင်မြေဖြစ်သော လယ်ကွင်းပြင်ကြီးများကို မြင်ရပေသည်။

မြင်းလှည်းမောင်း၍လာခဲ့ရာ မကြာမီ မြို့လယ်ပန်းခြံသို့ရောက်၍လာခဲ့လေသည်။ မြို့လယ်ပန်းခြံ၏ လေးဘက်လေးတန်တွင် အသစ်စက်စက်ဆောက်လုပ်ထားသောတိုက်များ ရှိလေသည်။ စပရင်းဖီးမြို့သည် အစိုးရရုံးစိုက်ရာ မြို့သစ်ဖြစ်သောကြောင့် အဆောက်အဦသစ်များကို အမြန်ဆုံးဆောက်လုပ်၍နေကြ၏။ ဟိုတယ်များ၊ ဈေးဆိုင်များနှင့် အစိုးရရုံးများသည် နေ့ချင်းညချင်း ပေါ်ပေါက်၍လာကြ၏။

မေရီတို့မြင်းရထားသည် အဆောက်အဦကြီးတစ်ခုရှေ့၌ ရောက်

mgyoe.com

လာ၏။ အဆောက်အဦထဲသို့ ဝင်ခဲ့ရာတွင် ခန်းဆောင်ကြီးတစ်ခုထဲသို့ ရောက်၍လာကြလေသည်။ ခန်းဆောင်ကြီးထဲတွင် ခုံရှည်ကြီးများ စီတန်း၍ချထား၏။ ခုံများတွင် မေရီ၏အသိမိတ်ဆွေများဖြစ်ကြသော စတီးဗင်ဒေါက်ကလပ်၊ ဂျိမ်းမာသင်နီ၊ တရားသူကြီး ဆယ်မြူရယ်ထရီ၊ ဂျိမ်းရှိဂ္ဂရှူးအာစပိတ်၊ ဂျွန်မက္ကလာနာ၊ ဂျွန်စတူးဝပ်၊ စတီးဗင်လူဂျင်နှင့် ဂျွန်ဂျေအာတင်တန်တို့ ထိုင်နေကြသည်ကို မေရီ မြင်ရလေသည်။ မေရီ၏ဦးလေးဖြစ်သူ ဒေါက်တာ ဂျွန်တော့(ဒ်)သည် သူ့သမီးနှစ်ယောက်ဖြစ်ကြသော လစ်စီနှင့် ဖရန်စစ်တို့နှင့်အတူ ဒေါင့်တစ်ဒေါင့်တွင် ထိုင်၍နေကြလေသည်။

အခန်းမှာ အသက်ရှူ ကျပ်လှ၏။ စတီးဗင် ဒေါက်ကလပ်သည် သူထိုင်နေသော ခုံ၌ သုံးယောက်စာနေရာ ယူထားပြီး မေရီတို့ကို လက်ပြ၍ ခေါ်လိုက်လေသည်။

ပထမဦးစွာ တရားဟောသောသူမှာ အက်ဒဝပ်ဗေကာဆိုသူဖြစ်လေသည်။ မေရီသည် ပြည်ထောင်စုလုံးဆိုင်ရာနှင့် ပြည်နယ်ဆိုင်ရာ နိုင်ငံရေးစကား အသုံးအနှုန်းများကို ဆက်တိုက်ကြီးကြား၍ နေရလေတော့သည်။ အက်ဒဝပ်ဗေကာမှာ ဝှစ်ပါတီမှဖြစ်ရာ နီနီယန်းအက်ဒဝပ်နှင့် ဝှစ်ပါတီတို့သည် မကြာခဏလက်ခုပ်တီးကာ သြဘာပေး၍ နေကြလေသည်။ စတီးဗင်ဒေါက်ကလပ်၊ ဂျိမ်းရှီးနှင့် အခြားဒီမိုကရက်တစ်ပါတီဝင်တို့ကမူ မျက်နှာထားတည်တည်ကြီးနှင့် နားထောင်၍ နေကြလေသည်။

အက်ဒဝပ်ဗေကာသည် ခြေမြန်လက်မြန်ဖြင့် မြေယာရုံးရယ်လို့ ရှိရင် အဲဒီရုံးကို ယူချင်သူတွေကို ဖုံးကွယ်ဖို့ ဒီမိုကရက်သတင်းစာတစ်စောင်တော့ရှိမြဲပဲဟု ဟန်ပါပါပြောလိုက်၏။

စတီးဗင် ဒေါက်ကလပ်သည် ထိုင်ရာမှ လျင်မြန်စွာ ထလိုက်သည်ကို မေရီ လှမ်း၍မြင်လိုက်၏။ ထိုစကားသည် မြေယာဌာနအရာရှိဖြစ်၍နေသော စတီးဗင် ဒေါက်ကလပ်အား တိုက်ရိုက်ထိခိုက်သော စကားဖြစ်လေသည်။ သို့သော် စတီးဗင် ဒေါက်ကလပ်က ဘာမျှမပြောချေ။ ဒီမိုကရက်ပါတီကို ထောက်ခံသော ရယ်ဂျီစတာသတင်းစာပိုင်ရှင်၏အစ်ကို ဒီမိုကရက်ဂိုဏ်းဝင်ဂျွန်ဘီဝယ်ဖာက အက်ဒဝပ်ဗေကာအား လက်ညှိုးထိုး၍ ဒီလူကို ဆွဲချကြဟု အော်လိုက်လေသည်။

mgyoe.com

များမကြာမီ ဒီမိုကရက်ပါတီဝင်များက အက်ဒဝပ်ဗေကာအား စင်မြင့်ပေါ်မှ ဆွဲချကြဖို့ ကြိုးစားကြ၏။ ဝှစ်ပါတီဝင်များကလည်း အက်ဒဝပ် ဗေကာကို ကာကွယ်ရန်ကြိုးစားကြရာ တစ်ဖက်နှင့်တစ်ဖက် အဓိကရုဏ်း ဖြစ်ပွားတော့မည်ကဲ့သို့ရှိနေတော့သည်။

ထိုခဏတွင် ခန်းဆောင်၏ အပေါ်ထပ်မှ အပေါက်တစ်ပေါက် ပွင့်သွားပြီး ထိုအပေါက်မှနေ၍ ရှည်လျားသော ခြေထောက်တစ်စုံသည် တဖြည်းဖြည်းနှင့် ကျဆင်းလာကာ လူတစ်ကိုယ်လုံးဆင်းမိသည်၌ အရပ် ရှည်ရှည် နိုပ်နိုပ်လူတစ်ယောက်သည် တရားဟောစင်မြင့်ပေါ် ဗေကာနှင့် အတူယှဉ်၍ ရပ်မိလျက်သားဖြစ်နေလေသည်။ မိုးပေါ်က ကျလာသလို ထိုသူ တရားဟောစင်မြင့်ပေါ်သို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ထွေးလုံး သတ်ပုတ်မလိုဖြစ်နေကြသောလူများသည် ရုတ်တရက် ငြိမ်သက်၍ သွား လေသည်။ အရပ်ရှည်ရှည်နှင့်လူသည် နှာသံပါပါနှင့် "ကိုယ့်ဒေါသကို ချုပ်တည်းကြပါ။ မိတ်ဆွေတို့ ဒီတိုင်းပြည်ဟာ လွတ်လပ်စွာ စကားပြောခွင့် ရှိတဲ့တိုင်းပြည်ဖြစ်တယ်။ ဗေကာမှာ စကားပြောဖို့ အခွင့်အရေးရှိတယ်။ သူ့ကို တရားဟောစင်ပေါ်က ဆွဲချကြမယ်ဆိုရင် ကျုပ်ကိုပါ ခင်ဗျားတို့ဆွဲချ ရပါလိမ့်မယ်"

အရပ်ရှည်ရှည်နှင့် လူ၏အသံတွင် ဒေါသလည်းမပါ၊ ခြိမ်းခြောက် သံလည်း မပါပေ။ သို့သော် အသံသြဇာလေးနက်လှပေ၏။ သူ့အား မည်သူကမျှ ယှဉ်တုပြီး စင်မြင့်ပေါ်မှ ဆွဲချဝံ့မည်မဟုတ်ကြောင်းကို မေရီသည် ကောင်းစွာ သတိထားမိပေသည်။ အခန်းတစ်ခုလုံး ငြိမ်သက်၍နေ၏။ နောက်ဆုံးတွင် စတီးဗင် ဒေါက်ကလပ်က "ကဲ နောက်ပြီး မိတ်ဆွေတို့ အားလုံးပြန်ထိုင်ပြီး ပါက စကားပြောပါရစေ" ဟု ဆိုလိုက်လေသည်။ အက်ဒဝပ်ဗေကာသည် စကားဆက်၍ပြော၏။ သို့သော်သူ့အသံသည် ယခင်ကလောက်တရားမှာ ပြောင်လျောင်ခြင်းမရှိတော့ပေ။ အရပ်ရှည်ရှည်နှင့် လူသည် တရားဟော စင်မြင့်ပေါ်၌ ထိုင်၍နေ၏။ မေရီသည် ထိုအရပ်ရှည် ရှည်နှင့်လူကို စိုက်၍ ကြည့်နေမိပေ၏။ ပြီးမှ "အဲဒီလူဘယ်သူလဲ နီနီယန်းအက်ဒဝပ်"ဟု တိုးတိုး မေးလိုက်၏။ ထိုအခါ နီနီယန်းက "သူဟာဖြင့် အစ်ကိုဝမ်းကွဲ ဂျွန်စတူးဝပ်နဲ့ ရှေ့နေလိုက်ဖက် ဟာဗေးလင်ကွန်းဆိုတဲ့လူလေ၊ သူတို့ အလုပ်ရုံးကိုက

mgyoe.com

mgyoe.com


ဒီအခန်းရဲ့အပေါ်တည့်တည့်မှာဖွင့်ထားတယ်"ဟု ပြောလိုက်၏။

"သူဘယ့်နှယ့် လုပ်ပြီး အလယ်ပေါက်က ဆင်းလာနိုင်တာလဲ"

"လင်ကွန်းဟာ အဲဒီအလယ်ပေါက်နားမှ အိပ်ပြီးတော့ အောက်က တရားဟောတာတွေကို နားထောင်တတ်တယ်ကွဲ့"

"သူနဲ့နီနီယန်းနဲ့ သိသလားဟင်"

"အသိမိတ်ဆွေရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံရေး သမားချင်းဆိုတော့ သိကြတာပေါ့"

"အိမ်ကိုတစ်ခါမှ လာတာ မမြင်ပါလား"

"လင်ကွန်းက သိပ်ပြီး လမ်းထွက်တဲ့လူ မဟုတ်ဘူး"

"တစ်ခါမှ သူ့ကို မဖိတ်ဖူးဘူးလားဟင်"

"သူက တို့အသိုင်းအဝိုင်းမျိုးထဲမှာ ပျော်တတ်တဲ့လူ မဟုတ်ဘူးကွဲ့။ လူကတော့ လူကောင်းပါပဲ။ ဒါပေမဲ့ တို့မိသားစုတွေက သူ့ကိုသိပ်ပြီး စိတ်မဝင်စားကြပါဘူး"

× × ×

(၃)

မေရီသည် သူ့အချစ်ဆုံးသူငယ်ချင်းဖြစ်သူ မာဂရက်ဝက်ကလစ်နှင့် တစ်ခါက ရန်ဖြစ်ဖူးခဲ့ကြောင်းကို ပြန်၍တွေးနေမိလေသည်။ ရန်ဖြစ်ကြသော နေ့မှာ ဖောင်းလားဥယျာဉ်ထဲတွင် အောင်ပွဲကျင်းပသောနေ့ဖြစ်၏။ ထိုစဉ်က မေရီမှာ ၁၄ နှစ်သမီးအရွယ်မျှ ရှိလေသေးသည်။ သမ္မတဂျက်ကဆန်သည် ဥယျာဉ်ထဲသို့ မြင်းစီး၍ဝင်လာ၏။ မေရီသည် သမ္မတမင်းအား အသေအချာ ကြည့်ပြီးနောက် "ဒီသမ္မတကြီးကို ငါဩဘာမပေးဘူးလို့ စိတ်ကူးထား တယ်။ ဒါပေမဲ့ ငါထင်သလောက်တော့ အရုပ်မဆိုးဘူး" ဟု မှတ်ချက်ချ လိုက်၏။ ဂျက်ကဆန်မှာ မေရီတို့ မထောက်ခံသော နိုင်ငံရေးပါတီမှဖြစ်၏။

ထိုအခါ မာဂရက်ဝက်ကလစ်က "သမ္မတဂျက်ကဆန်ဟာ အရုပ် ဆိုးတယ်ထင်ရင် မစ္စတာဟင်နရီကလေးကိုလည်း ပြန်စဉ်းစားကြည့်ပါဦး" ဟု ငေါ့တော့တော့ပြောလိုက်၏။ မာဂရက်တို့မိသားစုသည် ဂျက်ကဆန်

mgyoe.com

mgyoe.com

ပါဝင်သော ဒီမိုကရက်တစ်ပါတီကို ထောက်ခံသူများဖြစ်ကြလေသည်။

"ဟင်နရီကလေးဟာ ငါ့အဖေက လွဲရင် ဒီမြို့မှာ အလှဆုံးလူပဲ" ဟု မေရီကဆို၏။

"ဟင်နရီကလေးနဲ့ မင်းအဖေနှစ်ယောက်စလုံးပေါင်းတာထက် တောင်မှ အင်ဒရူးဂျက်ကဆန်က လှသေးတယ်" ဟု မာဂရက်က ချေပ ပြန်လေသည်။

နောက်ဆုံးတွင် မေရီနှင့် မာဂရက်တို့သည် နိုင်ငံရေးနှင့် ပတ်သက် ၍ အငြင်းအခုံ မလုပ်ကြစတမ်းဟု ဆုံးဖြတ်ကာ ရန်ပွဲကို အဆုံးသတ်လိုက် လေသည်။

ထိုအဖြစ်အပျက်ကလေးကို ပြန်၍တွေးစဉ် မေရီသည် မိမိယခု ရောက်ရှိနေသော စပရင်းဖီးမြို့သို့များ မာဂရက်လာလျှင် ကောင်းမှာပဲဟု တွေးလိုက်၏။ ဤမြို့သည် နိုင်ငံရေးကို အလွန်ဝါသနာကြီးသော မြို့ဖြစ် လေသည်။

နိုင်ငံရေးတရားပွဲပြီးသောအခါ မာဂရက်သည် အစ်ကိုဖြစ်သူ ဂျွန်ဂျေဟာတင်နှင့်အတူ ဂျွန်စတူးဝပ်၏အိမ်သို့လာခဲ့လေသည်။ ဂျွန်ဂျေဟာ တင်သည် ရှေ့နေတစ်ဦးဖြစ်ပြီး ဝှစ်ပါတီဝင် လွှတ်တော်အမတ်တစ်ယောက် ဖြစ်လေသည်။ စပရင်းဖီးမြို့တည်ရှိရာ အီလီနွိုးအစ်(စ်)ပြည်နယ် လွှတ်တော် အမတ်ထဲတွင် မေရီ၏ဆွေမျိုးများ များပြားစွာပါဝင်၍ နေပေသည်။

ဂျွန်စတူးဝပ်၏အိမ်မှာ အတော်လှပသော အိမ်ဖြစ်လေသည်။ အခန်းတိုင်းတွင် ဖယောင်းတိုင်များစွာ ထိန်လင်းနေအောင် ထွန်းညှိထား၏။ ထိုညက ပါတီကျင်းပရာ ဆွေမျိုးများသာမက အလွန်ရင်းနှီးသော မိတ်ဆွေများ ကိုလည်း ပါတီတွင် မေရီတွေ့ရလေသည်။ ည ၁၀နာရီထိုးကျမှပင် မေရီသည် လူစေ့တက်စေ့ နှုတ်ဆက်၍ပြီးစီးလေသည်။ မေရီသည် အနည်းငယ်စိတ်ပျက် မိ၏။ အကြောင်းမှာမူ ဂျွန်စတူးဝပ်၏အလုပ်လုပ်ဖက်ဖြစ်သော အေဘရာ ဟင်လင်ကွန်းသည် ထိုပါတီကို ရောက်မလာသောကြောင့်ဖြစ်လေသည်။

ဂျွန်စတူးဝပ်သည် ပခုံးကျယ်၍ မျက်နှာထားချိုသောသူတစ် ယောက်ဖြစ်၏။ သူသည် ဗဟိုကောလိပ်ကျောင်းမှ ဘွဲ့ရခဲ့ပြီး ဥပဒေကို ၂ နှစ်သင်ကာ ၁၈၂၈ ခုနှစ်တွင် စပရင်းဖီးမြို့၌ ရှေ့နေလာ၍လုပ်လေသည်။

mgyoe.com

mgyoe.com


ထိုအခါက စပရင်းဖီးမြို့မှာ တည်ထောင်ကာစ ရွာကြီးတစ်ရွာမျှသာ ဖြစ်လေသေးသည်။ နှစ်ပေါင်းအတော်ကြာလာသောအခါ ဂွျန်စတူးဝပ်သည် ထင်ရှားသော ရှေ့နေကြီးတစ်ဦးအဖြစ်သို့ ရောက်လာခဲ့လေသည်။ ဥပဒေပြုလွှတ်တော်တွင်လည်း ပါတီ၏ ခေါင်းဆောင်ဖြစ်သဖြင့် ဤညအဖို့တွင် ဂွျန်စတူးဝပ်သည် အလွန်စိတ်အား တက်ကြွ၍နေ၏။ အဘယ်ကြောင့်ဆိုသော် ဂွျန်စတူးဝပ်သည် နောက်တစ်နေ့တွင် ဝါရှင်တန်မြို့သို့သွား၍ ကွန်ဂရက်လွှတ်တော်ကို တက်ရောက်ရမည်ဖြစ်သောကြောင့်တည်း။

မေရီသည် ဂွျန်စတူးဝပ်နှင့် ဒေါင့်တစ်ဒေါင့်တွင် တွေ့သောအခါ "အစ်ကို ဝါရှင်တန်ကို သွားရင် ဒီက ရှေ့နေအလုပ်တွေ ဘယ်နဲ့လုပ်မလဲ"ဟု မေးကြည့်မိ၏။

ဂွျန်စတူးဝပ်က "ဒီကိစ္စတွေကို လင်ကွန်းက အားလုံးတာဝန်ယူပြီး လုပ်ပါလိမ့်မယ်။ သူ့ရုပ်ကတော့ ရှေ့နေရုပ်မဟုတ်ဘူးကွဲ့။ ဒါပေမဲ့ သူစကားပြောရင် တရားသူကြီးနဲ့ ဂျူရီလူကြီးတွေဟာ သူ့ဘက်ကို အများဆုံးအနိုင်ပေးကြတယ်" ဟု ပြောပြ၏။

"ကျွန်မ လင်ကွန်းကို ရုံးမှာတစ်ခါမှ မတွေ့ဖူးပါဘူး။ တကယ်ပြောရရင် ကျွန်မ သူ့ကို ကောင်းကောင်းတောင်မှ မမြင်ဖူးသေးဘူး"

"အော် ... မေရီမတွေ့ဖူးသေးဘဲကို ... အေးလေ ဟုတ်ပါရဲ့ လင်ကွန်းဟာ ယောကျ်ားတွေချည်းရှိတဲ့ ပွဲမှန်သမျှကိုတော့ တက်ပါရဲ့။ မိန်းမသားတွေပါတဲ့ ပွဲကိုဆိုရင် အင်မတန်တက်ခဲတယ်။ ဒီနေ့ည သူ့ကို ဖိတ်သားပဲ။ ဒါပေမဲ့ တမင်တကာ မလာဘဲနေတာထင်ပါရဲ့။ ဒီအချိန်မှာဆိုရင် ဂျိုးစပိတ်ရဲ့ ကုန်စုံဆိုင်မှာ သူ့သူငယ်ချင်းတွေနဲ့ နိုင်ငံရေးငြင်းနေရောပေါ့"

"ဒီမှာ အစ်ကို .... သူ့ကို ဘာဖြစ်လို့ အလုပ်လုပ်ဖက်အဖြစ်နဲ့ ရွေးတာလဲ ... ဟင်"

ဂွျန်စတူးဝပ်သည် မေရီအား ဝရန်တာဘက်သို့ခေါ်ခဲ့လေသည်။ လူရှင်းရာသို့ရောက်သောအခါ ဂွျန်စတူးဝပ်က စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။

"သူနဲ့ငါနဲ့ စတွေ့တာဟာ ၃၂ ခုနှစ်က သိန်းနက်စစ်ပွဲကြီး ဖြစ်တုန်း

mgyoe.com

mgyoe.com


ကပေါ့။ သူ့ကိုကြည့်ရတာ မသေမသပ်နဲ့၊ ကြောက်လန့်တတ်ပြီး အင်မတန်တောဆန်တဲ့ရုပ်ပဲ။ ဒါပေမဲ့ စကားပြောတဲ့အခါကျရင် သူ့မှာ တကယ့်သဘာဝကျတဲ့ စိတ်ကောင်းရှိတယ်ဆိုတာကို သိရတယ်။ သူ့ကို သူ့ရဲဘော်တွေက တပ်ဖွဲ့ဗိုလ်အဖြစ် ရွေးခဲ့ကြတယ်။ တစ်ခါတုန်းက သူဟာ လူမိုက်တစ်သင်းကို ကောင်းကောင်းနှိမ်နင်းဖူးတာနဲ့ သူ့ကိုအားကိုးကြဟန်တူပါရဲ့။ အဲဒီတုန်းက တို့တပ်ဖွဲ့တွေဟာ လူရိုင်းတွေနဲ့ တစ်ချိန်မှ မတိုက်ခဲ့ကြရပါဘူး။ ကိုယ်မှတ်မိသေးတယ်ကွဲ့။ တစ်နေ့မှာ လင်ကွန်းဟာ သူ့တပ်ဖွဲ့ကလေးကို စစ်ချီစစ်တက်လေ့ကျင့်ပေးခဲ့တယ်။ ချီတက်သွားရင်း ဝင်းထရံတစ်ခုနဲ့ တိုးနေပါလေရော အဲဒီအခါမှာ ကိုယ်တို့ကတော့ ဘယ်လို အမိန့်ပေးရမှန်းမသိကြဘူး။ ဒါပေမဲ့ လင်ကွန်းကတော့ (ရပ်လိုက်ကြဟေ့၊ ပြီးတော့ တပ်ဖွဲ့ဟာ တန်းစီဖျက်ပြီးတော့ ဝင်းထရံရဲ့ ဟိုဘက်မှာ ချက်ချင်း ပြန်ပြီးတန်းစီရမယ်) လို့ အမိန့်ပေးတော့တာပဲ။ တို့မှာဖြင့် ရယ်လိုက်ရတာ အူနှိပ်နေတာပဲ"

မေရီသည် အသံထွက်အောင် ရယ်၍ "ဥပဒေကို ကွေ့ရှောင်တာမျိုးနဲ့တူပါရဲ့" ဟု ပြောလိုက်လေသည်။

"အဲဒီအချိန်တုန်းက လင်ကွန်းဟာ ရှေ့နေမဟုတ်သေးဘူးကွဲ့။ သူဟာ အဲဒီအချိန်တုန်းက နယူးဆလမ်မြို့မှာ ကုန်စုံဆိုင်က စာရေးတစ်ယောက်ပေါ့။ ဒါပေမဲ့ အင်မတန်စာဖတ်ပြီး ပညာလိုချင်တဲ့လူ တစ်ယောက်ဖြစ်တယ်။ သူက တစ်ခါပြောဖူးတယ်။ သူနေတဲ့အိမ်နဲ့ တော်တော်ဝေးတဲ့နေရာမှာ ယာတောရှင်တစ်ယောက်ရှိတယ်။ အဲဒီယာတောရှင်မှာ သဒ္ဒါစာအုပ်တစ်အုပ်ရှိသတဲ့။ အဲဒီသဒ္ဒါစာအုပ်ကို သူဟာ ခြေကျင်သွားပြီး ငှားဖတ်ရသတဲ့။ လပေါင်းအတော်ကြာမှ သဒ္ဒါကို သူတတ်သတဲ့။ ဒါနဲ့ သူ့စိတ်ထဲမှာ ဘယ်ပညာမဆို တကယ်တမ်းကြိုးစားရင် တတ်နိုင်တာချည်းပဲလို့ ထင်ခဲ့သတဲ့။ ဒီနေရာမှာ ကိုယ်က "ခင်ဗျား ဥပဒေပညာကိုရော တတ်အောင်သင်ပါလား" လို့ပြောလိုက်တော့၊ လင်ကွန်းက သူဟာအခြေခံပညာ နည်းပါးခဲ့တဲ့အကြောင်းပြန်ပြီးပြောတယ်။ ပြောမယ်ဆိုရင် ပြောစရာတွေပေါ့။ လင်ကွန်းဟာ အသက် ၁၅ နှစ်အရွယ်ထိအောင် ခဲတံတစ်ချောင်း ဗလာစာအုပ် တစ်အုပ်ကိုယ်ပိုင်မရှိခဲ့ဘူးတဲ့။ ဒီတော့ ကိုယ်က "ခင်ဗျား စပရင်းဖီးမြို့ကို လာနိုင်မယ်ဆိုရင် ကျုပ်မှာရှိတဲ့ ဥပဒေစာအုပ်တွေကို ငှားမယ်" လို့ ပြောပြီး အားပေးရ

mgyoe.com

mgyoe.com


တာပေါ့။ လင်ကွန်းဟာ သဘောကျသွားပြီး သူနေတဲ့ နေရာက မိုင် ၂၀ ဝေးတဲ့ ဒီစပရင်းဖီးမြို့ကို ခြေကျင်လာလာပြီးတော့ ကိုယ့်ဆီက ဥပဒေစာအုပ်တွေကို ငှားငှားပြီးဖတ်တယ်။ ဒါနဲ့ကွယ် သိန်းနက်စစ်ပွဲကြီး ဖြစ်ပြီးတော့ လင်ကွန်းဟာ သူ့စစ်မှုထမ်းလခကို စုထားပြီး ယေးဆလမ်မြို့မှာ သူပိုင် ကုန်စုံဆိုင်ကလေး တစ်ဆိုင်ထောင်တယ်။ ဒါပေမဲ့ ဆိုင်က သိပ်အရောင်းအဝယ်ပါးတော့ သူပညာကို ဆည်းပူးချင်တိုင်း ဆည်းပူးနိုင်ဖို့ အချိန်ရနေတာပေါ့။ အံ့ဩစရာတစ်ခုကောင်းတာက မေရီရေ လင်ကွန်းဟာလေ ကိုယ့်ဆီက ဥပဒေစာအုပ်ငှားပြီးလို့ သူ့အိမ်ကိုပြန်တဲ့အခါမှာ မိုင် ၂၀ လမ်းလျှောက်ရင်း တစ်လမ်းလုံး စာဖတ်သွားတယ်။ သူ့အိမ်ကိုလည်း ရောက်ကရော စာမျက်နှာ ၃၀ – ၄၀ လောက်တော့ ဖတ်ပြီးသွားတာပဲ"

"အစ်ကိုက သူများကို သိပ်ပြီးတော့ ကူညီတတ်တာပဲနော်။ သူ့ကို သနားတာနဲ့ပဲ ကူညီတာ မဟုတ်လား"

ဂျွန်စတူးဝပ်သည် ခေါင်းကို ခါလိုက်ပြီးမှ ဆက်၍ပြောပြ၏။

"လင်ကွန်းဟာ လူတစ်မျိုးပဲကွဲ့။ သူ့ကို ကြည့်လိုက်ရင် အင်မတန်ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေလို့ သူ့ကိုယ်သူ သတ်သေတော့မလောက်ဖြစ်နေတဲ့လူတစ်ယောက်လို အမြင်အားဖြင့် ထင်ရတယ်။ ဒါပေမဲ့ အဲသည်လို ထင်နေတုန်းမှာပဲ လင်ကွန်းဟာ ရုတ်တရက် ပြုံးလာပြီးတော့ ရယ်စရာပုံတိုပတ်စတစ်ခုခုကို ပြောတတ်တယ်။ သူ့ပုံတိုပတ်စတွေကို ကြားရတဲ့လူတိုင်း အူလှိုက်အသည်းလှိုက် ရယ်ကြရတာချည်းပဲ"

ဂျွန်စတူးဝပ်သည် ရှေးဟောင်းနောက်ဖြစ်များကို ပြန်၍တွေးဟန်ဖြင့် ငြိမ်သက်၍နေလေသည်။ မေရီသည် အချမ်းသက်သာစေရန် လက်ကလေးနှစ်ဖက်ကို ပိုက်၍ထားလိုက်လေသည်။ စတူးဝပ်သည် စကားဆက်ပြန်၏။

"လင်ကွန်းဟာ တော်တော် လောကဓံလှိုင်းတံပိုးတွေနဲ့ တွေ့ရတဲ့လူပေပဲ။ သူ့ကုန်စုံဆိုင်က စားလောက်သောက်လောက်အောင် မရတော့ စာတိုက်ဗိုလ်လည်း လုပ်ရရှာတယ်။ အဲဒီကြားထဲမှာ သူက မြေတိုင်းပညာကို လေ့လာလိုက်သေးသကွဲ့။ ဒါနဲ့ပဲ သူဟာ မြေတိုင်းစာရေးဖြစ်လာပြန်ပါရော။ အဲဒီလိုနေရင်းကပဲ နယ်ကလူတွေဟာ သူ့နိုင်ငံရေးအယူအဆတွေကို သဘောကျကြတာနဲ့ပဲ ၁၈၃၈ ခုနှစ်မှာ သူ့ကို လွှတ်တော်အမတ်အဖြစ်နဲ့ ရွေးလိုက်

mgyoe.com

ကြတယ်။ အဲဒီတော့မှ သူဟာ ကိုယ်နဲ့အတူ ဗန်ဒေးလီးယား ရပ်ကွက်မှာ တစ်ခန်းတည်းလာနေတယ်။ သူနဲ့ ကိုယ်နဲ့ တစ်ခန်းတည်းအိပ်တော့မှ သူ့အကြောင်းကို ကိုယ်ကောင်းကောင်း သိရတာပေါ့ကွယ်။ ကိုယ်က သူ့ကို ကိုယ့်မိတ်ဆွေတွေနဲ့ မိတ်ဖွဲ့ပေးပြီးတော့ ကော်မတီအဖွဲ့အစည်းတွေမှာလည်း ပါဝင်ပြီးတော့ အလုပ်လုပ်ခိုင်းရတယ်။ ကိုယ်တတ်သမျှ မှတ်သမျှနိုင်ငံရေး လုပ်ငန်းတွေကို သူ့သင်ပေးရတော့တာပေါ့ကွယ်။ လင်ကွန်းဟာ သင်စရာရှိရင် သိပ်ပြီးတော့ မြန်မြန်တတ်တဲ့သူတစ်ယောက်ပဲ။ လင်ကွန်းဟာ ကိုယ့်အလုပ်ရုံးခန်းမှာရှိတဲ့ ဥပဒေစာအုပ်တွေရော စပရင်းဖီးမြို့မှာရှိတဲ့ စာအုပ်တွေကို အကုန်လုံးဖတ်ပြီးတဲ့နောက် မကြာမီပဲ ရှေ့နေလိုင်စင်ရတော့တာပဲ။ အဲဒီအချိန်တုန်းက ကိုယ်နဲ့တွဲပြီးအလုပ်လုပ်နေတဲ့ရှေ့နေက တစ်နယ်ကို ပြောင်းပါလေရော။ ဒါနဲ့ ကိုယ်ဟာလည်း လင်ကွန်းကို ကိုယ်နဲ့တွဲပြီး အလုပ်လုပ်ဖို့ ခေါ်လိုက်ရတာပဲ"

မေရီသည် သူ့အစ်ကို ဂျွန်စတူးဝပ်၏မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်၍ နေရင်းက စတူးဝပ်၏ စကားအဆုံးတွင် ဝင်၍ "မစ္စတာ လင်ကွန်းရဲ့ အကြောင်းကိုတော့ တော်တော်ကြီးသိရပါပြီ။ ဒါပေမဲ့ ဘာဖြစ်လို့ သူ့ကို အစ်ကိုက ဒါလောက်ခင်ရတာလဲ" ဟု မေးလိုက်လေသည်။

စတူးဝပ်သည် မေရီအား စေ့စေ့စပ်စပ်ပြန်၍ ကြည့်လိုက်ပြီးနောက် "သူ့ကို ခင်မင်မိတာဟာ တခြားကြောင့် မဟုတ်ဘူး။ လင်ကွန်းဟာ အင်မတန် နက်ရှိုင်းတဲ့ အောက်ခြေကနေပြီး စတက်လာခဲ့ရတဲ့လူပဲ။ လူကလည်း အရုပ်ဆိုးပြန်လေတော့ မိန်းမတစ်ယောက်ရဲ့အချစ်ကို ဘယ်တော့မှ ရမယ့်လူမဟုတ်ဘူးလို့တောင် ထင်စရာဖြစ်နေခဲ့တယ်။ ပြီးတော့ကာ သူဟာ လောကမှာ တော်တော်အထီးကျန်နိုင်တဲ့လူတစ်ယောက်ပဲ။ သူ့ကို ဘယ်သူကမှ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ပေါင်းမယ့်လူမရှိခဲ့ဘူး။ အဲဒါကြောင့်မို့ပဲ လင်ကွန်းဟာ ရယ်စရာ ပုံတိုပတ်စတွေကို ကြံဖန်ပြီး ပြောတတ်တာပဲ။ သူပြောတဲ့ ပုံတိုပတ်စတွေကို လူတွေက ဝိုင်းပြီး ရယ်ကြ မောကြရင် သူနဲ့ လူတွေဟာ ပိုပြီးနီးစပ်လာတယ်လို့ အမှတ်ထားတယ်ထင်ပါရဲ့" ဟု ပြောလိုက်လေသည်။

မေရီသည် လင်ကွန်း၏သဘာဝကို ကောင်းစွာရိပ်စားမိသွား၏။

mgyoe.com

mgyoe.com


မေရီကိုယ်တိုင်သည်ပင်လျှင် စပရင်းဖီးမြို့၌နေစဉ်က မိသားစုများ၊ မိတ်ဆွေများအလယ်၌ နေခဲ့ရဖူးပါ၏။ သို့သော် သူ၏သဘာဝအတွင်းစာတ်ကို မည်သူကမျှ မသိကြချေ။ ဤနည်းဖြင့် မေရီမှာ တကယ်စဉ်းစားကြည့်ပါလျှင် အထီးကျန်နိုင်၍ နေခဲ့လေသည်။

မေရီအိပ်ရာဝင်သောအခါတွင် မျက်စိထဲ၌ မြင်ယောင်နေသော အရာဝတ္ထုများမှာကား တရားဟောပွဲတွင် ဝရန်းသုန်းကားဖြစ်မည်ရှိခိုက် အထပ်ခိုးအပေါက်မှ တဖြည်းဖြည်းကျဆင်း၍လာသော ခြေထောက်ရှည်ကြီး တစ်စုံပင်ဖြစ်၍နေပေသည်။

× × ×

(၄)

နောက်တစ်နေ့မနက်တွင် မေရီသည် ကမ္ဘာလုံးဟိုတယ်သို့ လမ်းလျှောက်၍ လာခဲ့လေသည်။ ရောက်လျှင် အောက်ထပ်ရှိ သန့်ရှင်းစွာ ဆင်ယင်မွမ်းမံထားသော အခန်းကြီးများကို ဖြတ်၍ လျှောက်ခဲ့ပြီးနောက် မေရီသည် သူ၏အစ်မ ဖရန့်စစ်ရှိရာအပေါ်ထပ် အခန်းများရှိရာသို့ တက်ခဲ့လေသည်။ ဖရန့်စစ်သည် အသားအရေလှပ၍ မျက်လုံးတောက်ပြောင်သော သူဖြစ်လေသည်။ ဖရန့်စစ်တို့၏ အိပ်ခန်းမှာ မကျဉ်းမကျယ်ဖြစ်၏။ အထဲတွင် နှစ်ယောက်အိပ်ခုတင်ကြီးတစ်လုံး၊ ကြီးမားသော ပြင်သစ်ဗီရိုကြီးတစ်လုံး၊ ဆိုဖာငယ်တစ်လုံးနှင့် မီးလင်းဖိုတစ်ခုရှိလေသည်။ ပြတင်းပေါက်များမှာ အရှေ့နှင့် မြောက်ဘက်သို့ မြင်နိုင်သောပြတင်းပေါက်များဖြစ်၏။ အပြင်ဘက်တွင် ပန်းခြံကို မြင်ရလေသည်။

ဖရန့်စစ်က "ဒီအခန်းကိုလိုချင်သလား မေရီ၊ ဒီအခန်းဟာရင်းနှီးတဲ့လူတွေကို ဧည့်ခံဖို့အလွန်ကောင်းတဲ့ အခန်းပါပဲ" ဟု ဖရန့်စစ်က ပြောလိုက်၏ ။

မေရီသည် သူ့အစ်မ ဖရန့်စစ်ကို အသေအချာ ကြည့်လိုက်၏။ ဖရန့်စစ်သည် ကိုယ်ဝန်အရင့်အမာနှင့် ရှိ၍နေပေသည်။ ဤအခန်းသည် လက်ထပ်ပြီးစ ဇနီးမောင်နှံမှ ငှားရမ်းနေထိုင်လေ့ရှိကြသော အခန်းဖြစ်၏။

mgyoe.com

mgyoe.com

ပျွန်စတူးဝပ်နှင့် သူ၏ဇနီးတို့သည် လက်ထပ်ပြီးစအချိန်က အိုးအိမ်အတည်တကျ မရှာဖွေသေးမီတွင် ကမ္ဘာလုံးဟိုတယ်ရှိ ဤအခန်းသို့ ခေတ္တလာရောက်၍ နေထိုင်ခဲ့ကြဖူးလေသည်။

"ဆိုပါတော့ ဖရန့်စစ်ရယ် … ကိုယ်လက်ထပ်ပြီးရင်လည်း ကိုယ့်အစ်မတွေ စံနမူနာပြထားတဲ့အတိုင်း ဒီအခန်းကိုပဲ ခဏငှားပြီးနေရဦးမှာပေါ့။ ဒါပေမဲ့ ရက်ချိန်းတော့ မကန့်သတ်ပါနဲ့ဦးနော်"

မေရီက ရယ်စရာ ပြောလိုက်သည်ကို ဖရန့်စစ်သည် အတော်သဘောကျ၍သွားလေသည်။ ထို့ကြောင့် ညီမဖြစ်သူ မေရီ၏ခါးကို လှမ်းဖက်လိုက်၏။ ဤအကြိမ်သည် ဖရန့်စစ်၏အဖက်ကိုခံရသော ပထမအကြိမ်ဖြစ်သည်ဟု မေရီ တွေး၍နေလေသည်။

ညီအစ်မနှစ်ယောက်တို့သည် ဟိုတယ်မှထွက်ခဲ့ပြီးနောက် တင်စလေး၏ဆိုင်သို့လာခဲ့ကြသည်။ ထိုဆိုင်တွင် လာတော့မည့် ဆောင်းရာသီအတွက် ပြင်ပတွင် ဝတ်ရန်အထည်များကို မေရီကဝယ်၏။ ဖရန့်စစ်ကမူ ဆိတ်သားရေ လက်စွပ်အိတ်တစ်စုံကို ဝယ်လေသည်။ ထို့နောက် ညီအစ်မနှစ်ယောက်တို့သည် ပန်းခြံကိုပတ်၍ လျှောက်ခဲ့ကြ၏။ ပန်းခြံထဲ၌ အစိုးရအိမ်တော်ဆောက်လုပ်ရန် ကျောက်တုံးများကို ကျောက်ဆစ်သမားများက ရွှေ့၍နေကြသည်မှာ ဆူညံနေ၏။ ပန်းခြံထောင့်တစ်ထောင့်တွင် လူတစ်စုသည် နိုင်ငံရေးတရားပွဲတစ်ပွဲ ကျင်းပ၍နေ၏။ စင်မြင့်ပေါ်၌ ဟောပြော၍နေသူမှာ ကာနယ်ဒစ်တေလာဆိုသူဖြစ်၏။ ကာနယ်တေလာသည် အပြောအဟောကောင်းသူတစ်ယောက်ဖြစ်ပြီး ဒီမိုကရက်တစ်ပါတီဝင်ဖြစ်လေသည်။ ကာနယ်တေလာက ဝှစ်ပါတီများသည် အထက်တန်းစားများဖြစ်ကြပြီး ငွေကြေးချမ်းသာမှုတစ်ခုတည်းကိုသာ အဓိကထားသူများဖြစ်ကြောင်း၊ မိမိတို့၏ ဒီမိုကရက်တစ်ပါတီဝင်များမှာမူ အညတရလူတန်းစားများဖြစ်ကြပြီး လူထု၏ကောင်းစားရေးတစ်ခုတည်းကိုသာ ရှေးရှုသူများဖြစ်ကြောင်းနှင့် အာပေါင်အာရင်းသန်သန်နှင့် ဟောပြော၍နေလေသည်။

ကာနယ်တေလာ တရားဟော၍ပြီးဆုံးခါနီးအချိန်တွင် လူတစ်ယောက်သည် တရားဟောစင်မြင့်အနီးသို့ တဖြည်းဖြည်းတိုးကပ်၍ လာ၏။ စင်မြင့်ပေါ်သို့ တက်ပြီးနောက် ကာနယ်တေလာ၏ အနားသို့ကပ်လာ၏။

mgyoe.com

တေလာ၏စကားအဆုံး ထိုသူသည် ကာနယ်တေလာ၏ ကုတ်အင်္ကျီကို ဆွဲ၍ ဖွင့်လိုက်၏။ အတွင်းတွင် ပိုးရုပ်အင်္ကျီ၊ ရွှေခါးပိုက်ဆောင်နာရီနှင့် ကျောက်စီရင်ထိုးများရှိနေသည်ကို လူအများမြင်ကြရလေသည်။

ထိုအခါတွင် မေရီသည် ပရိသတ်နှင့်အတူရောရ၍ ရယ်မောနေရလေတော့သည်။ ဤကဲ့သို့ ကာနယ်တေလာ ပိုက်ဆံချမ်းသာကြောင်းကို ဖော်ကောင်လုပ်လိုက်သောသူမှာ အောဘရာဟင် လင်ကွန်းဖြစ်ကြောင်းကို မေရီသည် ချက်ချင်းသတိရလာ၏။ လင်ကွန်းသည် လက်ကိုမြှောက်ပြလိုက်ရာ ရယ်မောနေသော ပရိသတ်သည် ငြိမ်သက်၍ သွား၏။ လင်ကွန်းက စ၍တရားဟောလေသည်။

"မိတ်ဆွေများ ခင်ဗျား ... ကျုပ်ဟာဖြင့် အညတရ အောဘရာဟင် လင်ကွန်း ဖြစ်ပါတယ်။ ဟောဒီ ကာနယ်တေလာလို လူတွေက ကျုပ်တို့ ဝှစ်ပါတီဝင်တွေကို ဘယ်လိုစွပ်စွဲပေမဲ့ သူတို့ကိုယ်တိုင်ကတော့ မြင်းရထားကောင်းကောင်းတွေကို စီးနေကြတယ်။ ပိုးရုပ်အင်္ကျီတွေကို ဝတ်ကြတယ်၊ ရွှေကြိုးကြီးတွေနဲ့ ခါးပိုက်ဆောင်နာရီတွေကို ဆွဲကြတယ်။ ပြီးတော့ လက်ကိုင်တုတ်မှာတောင် လက်ကိုင်ဘုဟာ ရွှေကိုလုပ်ပြီးတပ်ဆင်ကြတယ်။ ကျုပ်အဖို့မှာဆိုရင် ကျုပ်ဟာ အလုပ်လုပ်နိုင်တဲ့အရွယ်ကစပြီး တစ်လမှာ ၈ ဒေါ်လာနဲ့ လှေပေါ်မှာ ထမင်းချက်၊ ရေပက်ဘဝနဲ့လိုက်ခဲ့ရတယ်။ အဲဒီတုန်းက အဝတ်အစားဆိုလို့ တစ်စုံပဲရှိပြီးတော့ ကြာရှည်ခံအောင် သားရေကြမ်းနဲ့ချုပ်ထားတဲ့ ဝတ်စုံကိုပဲ ဝတ်နိုင်ခဲ့တယ်။ သားရေကြမ်းရဲ့ သဘောတရားကို ခင်ဗျားတို့သိတယ်မဟုတ်လား။ ရေစိုပြီးတော့ နေပူလိုက်ပြီဆိုရင် တဖြည်းဖြည်း ရှုံ့သွားတာပဲ။ သားရေက ရှုံ့လိုက် .... ကျုပ်ကလည်း တဖြည်းဖြည်း အရပ်ရှည်လိုက်ဖြစ်လာတော့ တဖြည်းဖြည်းနဲ့ ဘောင်းဘီအနားတွေဟာ ကျုပ်ခြေသလုံးကြွက်သားအထိ တက်လာပါရော။ အဲဒီတုန်းက ဘောင်းဘီကျုပ်တဲ့ဒဏ်ရာဟာ ကျုပ်ခြေသလုံးမှာ အခုထက်ထိ အညိုအမည်းစွဲပြီး ကျန်ရစ်ခဲ့တာကို မြင်နိုင်ပါသေးတယ်။ အဲဒီလောက်ဆင်းရဲတဲ့ ကျုပ်တို့ဝှစ်ပါတီဝင်တွေကို သူဌေးတွေ မနရှင်တွေ သွေးစုပ်ကောင်တွေ ရယ်လို့ ဒီမိုကရက်တစ်ပါတီဝင် ကာနယ်တေလာ စွပ်စွဲသလို တရားမဲ့စွပ်စွဲမယ်ဆိုရင် စွပ်စွဲချင်တိုင်းစွပ်စွဲပါ။ ကျုပ်ကလည်း အတိအလင်း ဝန်ခံရမပေါ့"

mgyoe.com

mgyoe.com

လင်ကွန်း၏ ငေါ့ငေါ့တော့တော့အသံကို သဘောကျကာ ပရိသတ်သည် တသောသောရယ်မောကာ လူစုခွဲသွားလေသည်။ လင်ကွန်းသည် ပရိသတ်အား ကြည့်ရင်းကျန်ရစ်ခဲ့၏။ မေရီသည် ပရိသတ် အစွန်အဖျားမှ နားထောင်သော်လည်း လူစုကွဲ၍သွားသောအခါတွင် လင်ကွန်းနှင့် မျက်နှာချင်းဆိုင်ကြည့်မိလျက်သား ဖြစ်နေ၏။ တစ်ဦးကိုတစ်ဦး တိုက်ရိုက်မကြည့်ကြသော်လည်း သတိထားမိလျက်သား ရှိနေကြပေသည်။

မေရီသည် "တစ်နေ့ကျရင် မစ္စတာလင်ကွန်းကို တွေ့ချင်တယ်"ဟု ဖရန့်စစ်အား တီးတိုးလေသံဖြင့် ပြောလိုက်လေသည်။

နီနီယန်း အက်ဒဝပ်တို့၏အိမ်သည် "ကရစ်တန်တောင်ကုန်း"ဟု ခေါ်သော တောင်ကုန်းထိပ်တွင်ရှိ၏။ ထိုတောင်ကုန်းသည် အနီးအနားတစ်ဝိုက်တွင် အတော်ကလေးမြင့်သော တောင်ကုန်းဖြစ်လေသည်။ မေရီသည် နီနီယန်း အက်ဒဝပ်တို့၏အိမ်၌ နေလေရာ မွန်းလွဲပိုင်းသို့ရောက်တိုင်း မာစီလီဖားရင်း၊ ဂျူလီယာစသော အပျိုဖော်များ လစ်ဇီနှင့် ဖရန့်စစ်တော့(ဒ်) ဆိုသူ ဒေါက်တာဂျွန်တော့(ဒ်)သမီးများဖြစ်ကြသည့် လစ်ဇီနှင့် ဖရန့်စစ်တော့ဒ်တို့နှင့် အမြဲတွေ့ဆုံရလေသည်။ ညီမဝမ်းကွဲများစသည်တို့ ညီအစ်မမှာ ၁၈၂၇ ခုနှစ်တွင် စပရင်းဖီးမြို့၌ ဆရာဝန်လုပ်ငန်းဖြင့် စတင်အသက်မွေးသော ဒေါက်တာဂျွန်တော့(ဒ်)၏သမီးများဖြစ်ကြလေသည်။ မာစီသည် မေရီနှင့် သဘောချင်းတူ၏။ အိမ်ထောင်ရေးနှင့်ပတ်သက်၍ အလွန်သတိထားသူဖြစ်ရာ မေရီ၏အယူအဆများကို သဘောကျ၍နေလေသည်။ မြို့ထဲ၌ရှိသော လူငယ်များ၏အကြောင်းကို မာစီသည် ကောင်းကောင်းကြီးသိ၍ ထားပေသည်။

သို့သော် မေရီနှင့် မာစီသဘောချင်းကွဲလွဲသော အချက်များလည်း ရှိ၏။ ၎င်းမှာကား နိုင်ငံရေးနှင့်ပတ်သက်၍ ဖြစ်လေသည်။ မာစီ၏အယူအဆ၌ နိုင်ငံရေးသည် မိန်းမသားနှင့်မဆိုင်သော ကိစ္စတစ်ခုဟုယူဆ၏။ သို့သော် မေရီကမူ နိုင်ငံရေးသည် မိန်းမသားများနှင့်လည်း သက်ဆိုင်သည်ဟု ယူဆလေသည်။ မေရီက မာစီအား "ဒီစပရင်းဖီးမြို့မှာနေလျက်သားနဲ့ ဒီလိုမယူဆပါနဲ့ကွယ်" ဟု အပြစ်တင်လေသည်။

သို့တိုင်အောင် မာစီက "ကိုယ့်အယူအဆမှာတော့ နိုင်ငံရေးကို

mgyoe.com

mgyee.com


လုံးလုံး မလေ့လာဘဲ နေရမယ်လို့ မဆိုပါဘူး။ ဒါပေမဲ့ ယောကျ်ားသားတွေ ချည်းသာ လုပ်ဆောင်နေကြတဲ့နိုင်ငံရေးကိစ္စထဲမှာ ကိုယ်တို့က ဝင်ပါလို့ရရင် အကျိုးရှိတာထက် အကျိုးမရှိတာက များနေမှာစိုးလို့ပါ" ဟု ပြောနေလေ သေးသည်။

မေရီက "ဘာဖြစ်လို့ အကျိုးမဲ့ရမှာတုန်း" ဟု ခပ်မာမာကလေးပင် မေးမြန်းလိုက်၏။

ဤတွင် မာစီက "ဒီလိုလေ ကိုယ်တို့ နိုင်ငံရေးဘက်မှာ အချိန်ကို သုံးနေလို့ရှိရင် အချုပ်အလုပ်၊ အချက်အပြုတ်ဆိုတဲ့ မိန်းမကိစ္စတွေမှာ ပေါ့ပေါ့လျော့လျော့ ဖြစ်မကုန်ဘူးလား" ဟု မေးလိုက်၏။

"အော် ... မာစီအယူအဆက နိုင်ငံရေးဟာ မိန်းမ မပီသဘူးလို့ ဆိုလိုချင်တာပေါ့လေ"

"မဟုတ်ပါဘူး မေရီရယ်၊ စိတ်မဆိုးပါနဲ့"

မေရီသည် မာစီနှင့်အတူ တောင်ကုန်းအောက်ခြေဆီသို့ လျှောက် လာခဲ့မိသောအခါတွင်မှ သူ့စကားကို ဆက်လိုက်၏။

"မိန်းမသားတွေ နိုင်ငံရေးထဲ စိတ်မဝင်စားချင်ကြတာဟာ တခြား မဟုတ်ပါဘူး မာစီ၊ မိန်းမသားတွေမှာ တာဝန်ကို ကြောက်နေကြလို့ပဲ။ ဥပမာကွယ် ဟောဒီ စပရင်းဖီးမြို့မှာ ကြည့်စမ်း ... ကြက်ကလေးတန်းလျား ဆိုတဲ့လမ်းမှာ ဘယ်လောက်များနံ့စော်သလဲ၊ လမ်းဘေးမြောင်းတွေထဲမှာ အညစ်အကြေးတွေကို သွန်ကြတယ်။ လမ်းထဲမှာ ဝက်သေကောင်ပုပ်တွေ လည်း တွေ့ကြရတယ်။ ဒီလိုညစ်ပတ်တာတွေဟာ တို့လက်စင်တန်မြို့မှာ ဘယ်ရှိမလဲ။ ဒီအခြေအနေမျိုးတွေကို ၁ နာရီကြာအောင် သည်းခံနေကြပေ လိမ့်မယ် မဟုတ်ဘူး။ ဒီမြို့ဟာ နိုင်ငံရေးနှင့် ပတ်သက်ပြီး အင်မတန်ကို မျှော်လင့်ချက်ရှိတဲ့ မြို့ပဲ။ ဒါကြောင့် ဒီမြို့ကိုတော့ ကိုယ်အင်မတန် သဘော ကျမိတယ်။ ဟိုတစ်နေ့ကများလေ မစ္စတာလင်ကွန်းရှိသေလို့ပေါ့။ မရှိရင်တော့ ဝရန်းသုန်းကားတွေဖြစ်ကုန်မှာပဲ။ တရားစင်ပြိုင်ဟောပွဲကို မှတ်မိသေးတယ် မဟုတ်လား ...."

သို့နှင့် တစ်နေ့သို့ ရောက်ခဲ့ပြန်၏။ ထိုနေ့တွင် မိုးစ၍ ရွာသည်မှာ ၁၄ ရက်တိုင်တိုင် မိုးစွေ၍နေလေသည်။ မေရီမှာ အိမ်ထဲ၌ အောင်းနေရ၏။

mgyee.com

mgyoe.com

လမ်းများမှာ ဗွက်ထူသဖြင့် မြင်းရထားများပင် မောင်း၍မရချေ။ လမ်းဘေး ပလက်ဖောင်းဟူ၍လည်းမရှိ။ သို့သော် မေရီသည် ပျင်း၍မနေပေ။ အဘယ် ကြောင့်ဆိုသော် နီနီယန်း အက်ဒဝပ်သည် စာကောင်းပေကောင်းများကို တစ်ပုံတစ်ခေါင်းကြီး ဝယ်၍ထားသောကြောင့် ဖြစ်၏။ မေရီသည် စာဖတ် ခြင်းအားဖြင့်လည်းကောင်း၊ သူ့တူမလေး ဂျူလီယာအက်ဒဝပ်အတွက် ဝတ်စုံကလေးတစ်စုံချုပ်ပေးခြင်းအားဖြင့်လည်းကောင်း အချိန်ကိုဖြုန်း၍ နေရ လေသည်။

နောက်ဆုံးတွင်မူ မေရီသည် အိမ်တွင်းအောင်းရသည်မှာ ငြီးငွေ့ လာပြီဖြစ်သောကြောင့် မာစီထံသို့ စာတစ်စောင်ရေးလိုက်လေသည်။ စာမှာ အောက်ပါအတိုင်းဖြစ်၏။

ချစ်လှစွာသော မာစီ

ကိုယ်တို့အိမ်မှာ အုတ်ကြွပ်ပြားအကျိုးတွေ တစ်ပုံကြီးရှိတယ်။ အဲဒါတွေကို ယူပြီးတော့ ကိုယ်တို့ရှေ့မှာ တစ်လှမ်းခြင်း တစ်ကန့်စီ လမ်းခင်းသွားရင်တော့ ရွှံ့ဗွက်တွေကို ကျော်ပြီး လမ်းလျှောက်နိုင် လိမ့်မယ်ထင်ပါရဲ့ ကိုယ်နဲ့လမ်းလျှောက်လိုက်မလား။

မာစီသည် မိုးပြာရောင် ဖလန်နယ်အဝတ်အစားကို ဝတ်၍ ဖိနပ် ရှည်များကို စီးကာ လမ်းလျှောက်လာ၏။ ထို့နောက် မေရီနှင့် မာစီတို့သည် လမ်းလျှောက်ထွက်၍ လာခဲ့ကြသည်။ တောင်ကုန်းပေါ်မှ ဆင်ခြေလျှော လမ်းအတိုင်းဆင်းလာရာတွင် များစွာဒုက္ခမတွေ့ရပေ။ အဘယ်ကြောင့်ဆို သော် မိုးရေများသည် အောက်ခြေသို့ လျှောဆင်းသွားသောကြောင့် မြေကြီး များမှာ ဗွက်မထဘဲရှိနေသောကြောင့် ဖြစ်၏။ မြေပြန့်သို့ရောက်သောအခါ တွင်မူကား ရွှံ့အလွန်ထူထပ်၍ နေလေသည်။ မေရီနှင့် မာစီတို့သည် အုတ်ကြွပ်ပြားအကျိုးများကို ချ၍ရွှံ့ထဲတွင် တစ်လှမ်းချင်းလမ်းလျှောက် လာကြ၏။ သို့သော် လမ်းတစ်ဝက်တွင်ပင် အုတ်ကြွပ်ပြားများကုန်သွား လေသည်။ ထို့နောက် မေရီတို့သည် ဝတ်ဆန်၏မုန့်ဆိုင်သို့ ဝင်၍ ဖုတ်ပြီး ကိတ်မုန့်များနှင့် ရေခဲမုန့်ကို စားကြလေသည်။ ဆိုင်ထဲမှပြန်ထွက်လာသော အခါ လှည်းကြမ်းကြီးတစ်စင်းသည် လယ်ထဲ၌ခိုင်းသော မြင်းကြမ်းကြီး တစ်ကောင်ကို တပ်၍မောင်းလာသည်ကို မြင်ရ၏။ ထိုလှည်းကြမ်းမှာ

mgyoe.com

mgyoe.com


မြို့ထဲ၌ဆိုင်အမျိုးမျိုးသို့ ကုန်တိုက်၍ ပို့သောလှည်းကြမ်းကြီးဖြစ်လေသည်။ မေရီက "အတော်ပဲ မာစီရေ၊ ဒီလှည်းကြမ်းဟာ အဲလစ်ဟတ်ရဲ့ လှည်းကြမ်းကြီးပဲ၊ ကိုယ်တို့ဖွက်ထဲမှာ မလျှောက်ရအောင် ဘုရားသခင်က မလိုက်တာပေပဲ" ဟု ဝမ်းသာအားရ ပြောလိုက် လေသည်။ မာစီကမူ "မဟုတ်တာကြီးပဲ မေရီရယ် ... ကိုယ်တို့ အပျိုကလေးတွေ ဒီလှည်းကြမ်းကြီးပေါ်တက်စီးလို့ တော်ပါ့မလား။ တစ်မြို့လုံးက အတင်းပြောကုန်ကြမှာပေါ့" ဟု ပြောလိုက်၏။

"အတင်းပြောလေ ကောင်းလေပေါ့ မာစီရဲ့။ ဒါမှ မြို့မိမြို့ဖတွေဟာ လမ်းဘေးမှာ ပလက်ဖောင်းတွေဘာတွေ လုပ်ပေးရမှန်းသိလာကြမှာပေါ့။ ဒီမှာ မစ္စတာ အဲလစ်ဟတ်ရေ ကျွန်မတို့ကို ရှင့်လှည်းကြမ်းကြီးနဲ့ အိမ်လိုက်ပို့ပါလား" ဟု မေရီက မာစီကို ပြောရာမှ လှည်းသမားကြီးကို လှမ်း၍ ခေါ်လိုက်လေသည်။

အဲလစ်ဟတ်သည် သူ့မုတ်ဆိတ်မွေးတိုနန့်နန့်ကို လက်နှင့်ပွတ်ရင်း "တော်ပါ့မလားကွယ်။ ဒါပေမဲ့ စီးချင်စီးလေ၊ မတ်တတ်ရပ်လိုက်ရမှာပဲ"ဟု ပြောလိုက်လေသည်။

မေရီသည် လှည်းကြမ်းကြီးပေါ်သို့ တက်လိုက်၏။ သို့သော် မာစီကမူ မလိုက်ဘဲနေလေသည်။

"ဒီလှည်းကြမ်းကြီးကို စီးလို့ရှိရင် အပျိုကလေးတန်မဲ့ စီးရမလားလို့ အစ်ကိုကြီးဆူမှာ ကြောက်တယ် မေရီရဲ့။ မေရီ စီးချင်စီးသွား"ဟု ပြောရင်း မာစီသည် လှည်းနှင့် မလိုက်ဘဲ ကျန်ရစ်လေသည်။

မေရီသည် ဝတ်ကောင်းစားလှများကို ဝတ်လျက်သား လှည်းကြမ်းကြီးပေါ်တွင် အမြင့်သားပါ၍လာ၏။ နီနီယန်း အက်ဒဝပ်တို့အိမ်သို့ ရောက်အောင်သွားရာတွင် လှည်းကြမ်းကြီးမှာပင် ပန်းခြံကြီးပတ်လည်ရှိ လမ်းများကို ဖြတ်သန်း၍ မောင်းနှင်ရာ လမ်းဘေးရှိ ကုန်စုံဆိုင်များ၊ အိမ်များပြတင်းပေါက်များမှ ထွက်၍ အပျိုကလေးတန်မဲ့နှင့် လှည်းကြမ်းကြီးစီးပုံကို ငေး၍ ကြည့်နေကြလေသည်။ မေရီ၏အဖို့တွင်ကား ရွံ့ဗွက်ထူသောမြို့တစ်မြို့၌ လူစီးမြင်းရထားများ မသွားနိုင်၊ မလာနိုင်ရှိနေစဉ် မိန်းကလေးတစ်ယောက် ကုန်တင်မြင်းလှည်းကို စီးခြင်းမှာ ဝိုင်းကြည့်လောက်အောင် အထူးအဆန်း မဟုတ်ဟု ယူဆ၍ ကြည့်သူများအား ဂရုမစိုက်ဘဲ နေနိုင်ခဲ့လေသည်။

mgyoe.com

mgyoe.com

လက်ဖက်ရည်သောက်ချိန်သို့ရောက်သောအခါ မေရီတို့အိမ်သို့ လူငယ်အများရောက်ရှိလာပြီး စွန့်စွန့်စားစား အပျိုကလေးတန်မဲ့ လှည်းကြမ်းကြီးကို မစီးစဖူးစီးခဲ့သော မေရီအား ဝိုင်းဝန်း၍ လှောင်ပြောင်နေကြလေသည်။ ပထမဦးဆုံးရောက်ရှိလာသူမှာ စတီးဗင်ဒေါက်ကလပ်ဖြစ်လေသည်။ ဒေါက်ကလပ်သည် ဧည့်ခန်းအလယ်မှာ ရပ်လိုက်ပြီးနောက် နပိုလီယံ၏ ဟန်မျိုးဖြင့် သူ့ကုတ်အင်္ကျီရင်ဖုံးထဲသို့ လက်တစ်ဖက်ကို ထိုးသွင်းလိုက်ပြီးလျှင် အောက်ပါအတိုင်း လင်္ကာတိုကလေးကို ရွတ်၍ မေရီအား စ၍နေလေသည်။

တနင်္လာနေ့ အပျိုတစ်ယောက်
လမ်းအကွေ့ ရွှံ့ကိုကြောက်
ငါတွေ့ခဲ့ရသည် လှည်းကြမ်းလျှောက်၍
စီးလေသည်

ဒေါက်ကလပ်၏ လင်္ကာဆုံးသွားသောအခါ ဂျိမ်းရှီ(လ်)သည် တံခါးပေါက်မှ ဝင်လာကာ အောက်ပါလင်္ကာတို့ကို ရွတ်ပြီးလျှင် မေရီအား နောက်ပြောင်ပြန်လေသည်။

အပျိုတစ်ယောက်တည်း အက်ဒွပ်အိမ်ဝ
လှည်းကြမ်းစီး လှည်းကြမ်းမှ
ဝိုင်းပြီး မြို့က ကြည့်ကြသည် လိမ့်၍ချလိုက်၏။

မေရီသည် အားရပါးရ ရယ်မောလိုက်ပြီးနောက် "ကိုယ့်ကို လှည်းကြမ်းကြီးပေါ်က လိမ့်မချလိုက်ပါဘူးကွယ်။ လေးဖက်ထောက်ပြီးတော့သာ ဆင်းခဲ့ရတာပါ။ ဒီလင်္ကာကို ဘယ်သူရေးပေးထားတာလဲ" ဟု ရယ်ကာ မောကာနှင့် ပြောလိုက်၏။

တတိယဝင်လာသောသူမှာ ဒေါက်တာ အီလီယတ်(စ်)မေရီမင်း ဖြစ်လေသည်။ ဒေါက်တာ မေရီ မင်းကလည်း အောက်ပါလင်္ကာကို ရွတ်၍ မေရီကို နောက်ပြောင်ပြန်လေသည်။

တကြော်ကြော်၊
အော်ခေါ်တော့မနေး၊
ခင်လေးပျို့ရွှံ့ကိုကြောက်ရင်၊
လှည်းကောက်လို့ပေး။

mgyoe.com

mgyoe.com


ဒေါက်တာ မေရီမင်း၏လက်ကိုဆုံး၍သွားသောအခါ အားလုံးဝိုင်းရယ်ပြီးနောက် လက်ခုပ်တီးလိုက်ကြလေသည်။ ထိုအချိန်တွင် နီနီယန်းအက်ဒဝပ်သည် အခန်းထဲသို့ ဝင်လာ၏။ မေရီမှာ မိမိမြင်းလှည်းစီးခဲ့ခြင်းနှင့် ယခုကဲ့သို့ သောသောညံနေပုံအတွက် ခဲအိုဖြစ်သူက စိတ်များဆိုးလေမည်လားဟု တွေးတောပူပန်မိရ၏။ သို့သော် နီနီယန်းအက်ဒဝပ်မှာ စိတ်တိုသောသူမဟုတ်ပေ။ မေရီအား ယုယစွာနဖူးကို နမ်းလိုက်ပြီးနောက် "ကျေးဇူးပဲမေရီ၊ မေရီ့ကို တစ်မြို့လုံးက သိပ်ပြီးတော့ ချီးမွမ်းနေကြတယ်။ လမ်းကြီးရဲ့ဘေးမှာ လူသွားလမ်းကလေးတွေ လုပ်ပေးဖို့ တို့တစ်တွေ ဘယ်တုန်းကမှ စိတ်ကူးမရခဲ့ကြဘူး။ အခုဆိုရင် တို့ဟာ မွန်ရိုးလမ်းကနေပြီး မြို့လယ်ပန်းခြံအထိ လူသွားလမ်းတွေ ဖောက်ပေးဖို့ မြို့ရဲ့ဂေါပကအဖွဲ့ကို လျှောက်လွှာတင်ကြတော့မယ်။ အခုဆိုရင်လည်း ကိုယ်နှင့်အတူ မြို့ဂေါပကလူကြီးတစ်ယောက်ပါလာတယ်။ အိမ်ရှေ့ပေါက်မှာ သူ့ဖိနပ်က ရွှံ့တွေကို ခွာချရင်းကျန်ရစ်ခဲ့လေရဲ့။ အဲဒီဂေါပကကို ဂျိုးစပိတ်က ခေါ်လာပါလိမ့်မယ်" ဟုပြောလိုက်လေသည်။

ဂျိုးစပိတ်သည် အခန်းထဲသို့ ဝင်လာ၏။ သူ့နောက်တွင် ပွန်စတူးဝပ်နှင့် ရှေ့နေအလုပ်လုပ်ဖက်ဖြစ်သော အေဘရာဟင်လင်ကွန်းသည် ပါ၍လာလေသည်။ ဂျိုးစပိတ်က လင်ကွန်းနှင့် မေရီတို့ကို မိတ်ဆက်ပေး၏။ မေရီမှာ မှုန်၍နေသဖြင့် မိတ်ဆက်စကားကိုပင် ကောင်းစွာမကြားလိုက်မိ။ သူက ဘာပြန်ပြောလိုက်မိသည်ကိုလည်း မသိ။ သို့သော် မိမိ၏လက်ကိုလင်ကွန်းက တင်းကျပ်စွာဖျစ်ညှစ်၍ နှုတ်ဆက်သည်ကိုကား သတိထားလိုက်မိပေသည်။ ထို့နောက် မေရီသည် မော်၍ကြည့်လိုက်ရာ အေဘရာဟင်လင်ကွန်း၏ မျက်လုံးများနှင့် မိမိမျက်လုံးများ ပထမအကြိမ်ဆိုင်မိကြလေသည်။ မေရီသည် အလွန်တရာ နက်ရှိုင်းလှသော လင်ကွန်း၏မျက်လုံးများကို ကြည့်ရင်း ရင်ထဲ၌ အေးသွားလေသည်။

× × ×

mgyoe.com

mgyoe.com

(၅)

လင်ကွန်းသည် အခြားဧည့်သည်များ ပြန်သွားသော်လည်း မပြန်သေးဘဲ ကျန်ရစ်နေခဲ့၏။ မေရီ့အထင်အားဖြင့် လင်ကွန်းသည် နောက်ချန်၍နေချင်သောကြောင့် မဟုတ်ဘဲ ဘယ်လိုနှုတ်ဆက်၍ ပြန်ရမှန်းမသိသောကြောင့် ကျန်ရစ်ခြင်းဖြစ်သည်ဟု တွက်ဆနေမိလေသည်။ အက်လီဇဘက်နှင့် နီနီယန်းတို့သည် ညစာစားပွဲတစ်ခုရှိသဖြင့် ထွက်သွားကြရ၏။ မေရီ့ထံသို့လည်း မာစီတို့အိမ်မှ ထမင်းစားဖိတ်စာတစ်စောင် ရောက်လာ၏။ သို့သော် မေရီသည် မလာနိုင်၍ ဝမ်းနည်းကြောင်း စာပြန်လိုက်လေသည်။ လင်ကွန်းသည် မေရီနှင့် ကျန်ရစ်ခဲ့သောအခါ ဘာစကားစ၍ ပြောရမှန်း မသိသလိုရှိ၍နေလေသည်။ မေရီကသာလျှင် စကားစပြတ်မသွားစေရန် ကြိုးစား၍ ပြောနေရလေသည်။ လင်ကွန်းသည် တော်ရုံ၊ တန်ရုံသာမန်စကားများကို ပြောတတ်သူမဟုတ်ဟု မေရီ ယူဆမိပြန်သည်။ မေရီက လက်ဖက်ရည်တိုက်သော်လည်း အတန်တန် ငြင်းပယ်၍နေလေ၏။ သို့နှင့်ပင် ည ၇ နာရီထိုး၍သွားလေရာ လင်ကွန်း ဆာလောင်မွတ်သိပ်နေတော့မည်ဟု မေရီ တွေးတောနေမိလေသည်။

"ကျွန်မတို့အိမ်က အစေခံတွေတော့ သူတို့တန်းလျားကို ပြန်သွားကြပြီရှင့်၊ ဒါပေမဲ့ မီးဖိုထဲမှာ ငှက်သားကြော်၊ ပေါင်မုန့်၊ ဆီးသီးချဉ်စိမ်နှင့် တခြားစားစရာတွေရှိပါတယ်။ ရှင်စားမယ်ဆိုရင် ကျွန်မ ပြင်ပေးမယ်လေ ... ဧည့်ခန်းမီးလင်းဖိုနားမှာ စားပွဲကလေးတစ်လုံးခင်းပြီးတော့ စားကြသောက်ကြရင်း စကားပြောကြရရင် မကောင်းဘူးလား"

လင်ကွန်းသည် အလွန်အားနာသွားဟန်ဖြင့် တံခါးပေါက်ဆီသို့သွားမည်ဟန်ပြင်ရင်း "အားနာစရာကောင်းလိုက်တာ မစားပါဘူး .... မစားပါဘူး ..." ဟု ငြင်း၍နေလေသည်။

လင်ကွန်း နှုတ်နည်း၍နေစဉ် မေရီသည် ထမင်းစားခန်းကို ဖြတ်၍ နောက်ဘေးဘက်ရှိ မီးဖိုဆောင်ဆီသို့လာခဲ့၏။ မီးဖိုဆောင်နှင့် အိမ်မခန်းကို စင်္ကြံကလေးဖြင့် ဆက်၍ထားပေသည်။ မီးဖိုထဲရှိ သစ်သားစားပွဲကြမ်းပေါ်တွင် ဖယောင်းတိုင်တစ်တိုင်သာ ထွန်း၍ထားလေသည်။ ထိုဖယောင်းတိုင်ကို

mgyoe.com

mgyoe.com


မေရီသည် လင်ကွန်းအားလှမ်း၍ ပေးလိုက်ရာ လင်ကွန်းက မုန့်ဖုတ်သော ပေါင်းဖိုပေါ်ရှိ မီးတိုင်ကြီးကို ထွန်းညှိလိုက်လေသည်။ မီးဖိုခန်းမှာ စင်ကြယ်သန့်ရှင်းလှ၏။ မွေးကြိုင်သော ဟင်းနံ့များကိုလည်း ရလေသည်။ မေရီသည် ပန်းကန်ပြားကြီးတစ်ခုထဲမှ ငှက်ကြော်နှစ်ကောင်ကို ယူလိုက်ပြီးလျှင် ပေါင်းဖိုထဲသို့ထည့်ကာ နွေးလိုက်၏။ ထို့နောက် ပေါင်မုန့်ကို လှီးလေသည်။ လင်ကွန်းသည် သွက်လက်ဖျတ်လတ်သော မေရီ၏ နောက်မှခြေလှမ်းကျဲကျဲကြီးများဖြင့် လိုက်ကာကူညီ၍ လုပ်ရန်ကြိုးစားနေလေသည်။

မေရီက "အရင် ၂ နှစ်လောက်တုန်းက ကျွန်မ ဒီစပရင်းဖီးမြို့ကို တစ်ခေါက်ရောက်ဖူးခဲ့သေးတယ်။ အဲဒီတုန်းက ရှင့်ကို ကျွန်မ ဘာဖြစ်လို့ မတွေ့ဖူးပါလိမ့်" ဟု မေးလိုက်၏။

"ဒီလိုပါပဲ၊ ကျုပ်က လူတောထဲမှာဆိုရင် မနေတတ်၊ မထိုင်တတ်လို့ တစ်မျိုးပဲ။ မိတ်ဆွေ မဖွဲ့ချင်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီစပရင်းဖီးမြို့မှာ နေရတာ ကျုပ်အဖို့မှာ တော်တော့်ကို ပျင်းစရာကောင်းတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျုပ်ဟာ တစ်သက်လုံး တော်တော်အထီးကျန်ဘဝနဲ့ နေခဲ့ရလို့ပါပဲ။ ကုန်ကုန်ပြောရရင် ကျုပ်ဟာ အခု ၃ – ၄လအတွင်းမှာ မိန်းမသားဆိုလို့ တစ်ယောက်တည်းပဲ စကားပြောဖူးပါသေးတယ်။ မိန်မသားတွေက တတ်နိုင်ရင် ကျုပ်နဲ့စကားမပြောဘဲ နေကြတာချည်းပါပဲ။ ကျုပ်စကားပြောမတတ်ဘူး ..."

"မဟုတ်သေးပါဘူး ... မစ္စတာလင်ကွန်းရယ်၊ ရှင်ဟာ ကျွန်မအစ်ကို ဂျွန်စတူးဝပ်နဲ့ အလုပ်လုပ်ဖက်ဖြစ်လေတော့ တော့(ဒ်)မိသားစုအိမ်ဆိုရင် ဘယ်အိမ်မဆို ရှင့်ကို ဝမ်းသာအယ်လဲ ဧည့်ခံကြမှာမလွဲပါဘူး"

မေရီက ဤသို့အားပေးစကား ပြောလိုက်သောအခါတွင် လင်ကွန်းသည် ကျေးဇူးတင်သော မျက်လုံးကြီးများဖြင့် မေရီအား တစ်ချက်ကြည့်လိုက်လေသည်။ သို့သော် သူ့မျက်လုံးများတွင် မယုံကြည်နိုင်သေးသော အရိပ်အယောင်များလည်း ပေါက်၍လာလေသည်။

"ကျုပ်လည်း တော်တော်ခက်ပါတယ်။ အပြောအဆို အနေအထိုင်များမှာစိုးလို့ ကျုပ်ဟာ တစ်ခါတလေများဆိုရင် လူများတဲ့ ဘုရားရှိခိုးကျောင်းကိုတောင်မတက်ဘဲ နေခဲ့ဖူးတယ်"

mgyoe.com

mgyoe.com


လင်ကွန်း၏လေသံမှာ သူ့ကိုယ်သူသနား၍ ပြောသောလေသံလည်းမဟုတ်။ မေရီ၏ သနားခြင်းခံရအောင် တမင်ပြောသောလေသံလည်းမဟုတ်။ တကယ့်အဖြစ်အပျက်ကို အရင်းအတိုင်း ပြောနေခြင်းဖြစ်သည်ကို မေရီ သိ၏။ သို့သော် မေရီသည် လင်ကွန်းအား အနည်းငယ်စိတ်တိုမိ၏။ ထို့ကြောင့် ကုလားထိုင်တစ်လုံးကိုပေး၍ လင်ကွန်းကို ထိုင်စေပြီးလျှင် မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် "ဒီမှာ မစ္စတာလင်ကွန်းရဲ့ ရှင်ဟာတော်တော်ခက်တဲ့လူပဲ။ ဘုရားရှိခိုးကျောင်းမှာ ဘာများအနေအထိုင် မှားစရာရှိလို့လဲ။ ဘုရားရှိခိုးကျောင်းထဲဝင် ခုံတန်းလျားမှာထိုင် ဓမ္မသီချင်းဆိုရာမှာလိုက်ပြီးဆို သင်းအုပ်ဆရာက တရားဟောတာ နားထောင် ခေါင်းကိုညွှတ်ပြီးဘုရားရှိခိုးလွယ်လွယ်ကလေးပါရှင်။ ဘယ်လောက်များ လွယ်သလဲဆိုရင် ဟောဒီအိမ်ကို စတီးဗင်ဒေါက်ကလပ် ဒါမှမဟုတ်ရင်လည်း ကျွန်မအစ်ကိုတစ်ယောက်ယောက်နဲ့ လိုက်ပြီးလာပြီးတော့ ကျွန်မတို့နဲ့ ရယ်ရယ်မောမောစကားပြော အဲဒီလောက်တောင်လွယ်တာပါရှင်။ ရှင်ဟာ အဲဒီလောက် လွယ်လွယ်ကလေးကို လွန်ခဲ့တဲ့ ၂ နှစ်လောက်တုန်းကသာ လုပ်ခဲ့မယ်ဆိုရင်ကျွန်မတို့ မိတ်ဆွေဖြစ်ကြတာ ကြာလှရော့မယ်။ အခုညမှာလို သူစိမ်းပြင်ပြင်ရေပြင်ပြင်အဖြစ်နဲ့ တစ်ယောက်ကို တစ်ယောက်ကြည့်နေရမှာ မဟုတ်ဘူးနော်" ဟု မေရီက ပြောလိုက်၏။

လင်ကွန်းသည် တဖြည်းဖြည်းပြုံး၍လာ၏။ သူ့အပြုံးမှာ စိတ်ထဲက ပေါက်ဖွားလာပြီး မျက်လုံးတွင် အရိပ်အယောင်ပြပြီးနောက် နှုတ်ခမ်းများကော့ပျံကာ ပြုံးလာသော တစိမ့်စိမ့်ပြုံးသော အပြုံးဖြစ်လေသည်။ မေရီသည်လူအများက လင်ကွန်းအား အရုပ်ဆိုးသူဟု ပြောကြပုံများကို ပြန်တွေးရင်းအံ့သြနေမိ၏။ လင်ကွန်းသည် ယုတ်စွအဆုံးပြုံးနေသော အခိုက်အတန့်တွင်အရုပ်မဆိုးဟု မေရီ တွေးမိလေသည်။

"နောက်ဆုံးအကြိမ် ကျုပ်ဘုရားရှိခိုးကျောင်းကို သွားတုန်းက ဟိုတောဘက်က ဘုရားရှိခိုးကျောင်းပေါ့။ အဲဒီဘုရားရှိခိုးကျောင်းမှာ သင်းအုပ်ဆရာ ဆရာတစ်ယောက်က ရှေးဟောင်းနည်းစနစ်အတိုင်း လာပြီးတော့ တရားဟောတယ်။ သူဟောတဲ့တရားခေါင်းစဉ်ကတော့ "ကျုပ်သည် ခရစ်တော်ဖြစ်၏။ ခရစ်တော်၏ ကိုယ်စားလှယ်တော်သည် ယနေ့ ကျုပ်

mgyoe.com

mgyoe.com

ဖြစ်သည်" ဆိုတဲ့ ခေါင်းစဉ်ပေပဲ။ သူဝတ်ထားတဲ့ အဝတ်အစားကတော့ ချည်ကြမ်းဘောင်းဘီပွကြီးနဲ့ ချည်ကြမ်းရှပ်အင်္ကျီပဲ။ သင်းအုပ်ဆရာ တရားလည်းစဟောရော အိမ်မြှောင်ကလေးတစ်ကောင်ဟာ သူ့ဘောင်းဘီအတွင်း ဘက်ကနေပြီး ကပ်တက်ပါလေရော သင်းအုပ်ဆရာဟာ သူ့ဘောင်းဘီကို ပုတ်ပြီးတော့ ခြောက်ပါလှန့်ပါသေးရဲ့။ ဒါပေမဲ့ အိမ်မြှောင်က အပေါ်ကို ချည်းဆက်ဆက်တက်ပါလေရော သင်းအုပ်ဆရာဟာ တရားကလည်း ဟော နေတုန်း၊ အဲဒီတော့ ဆက်ပြီးဟောနေရတာပေါ့။ နောက်ဆုံးကျတော့ မတတ် နိုင်ဘူး။ သင်းအုပ်ဆရာဟာ ဘောင်းဘီကို ချွတ်ပစ်လိုက်ရတယ်။ အိမ်မြှောင် ပါသွားအောင်ပေါ့လေ။ ဒါပေမဲ့ အဲဒီအချိန်မှာ အိမ်မြှောင်ဟာ သင်းအုပ် ဆရာကြီးရဲ့ ရှပ်အင်္ကျီထဲကိုရောက်နေပြီ။ အဲဒီတော့ သင်းအုပ်ဆရာဟာ မျက်လုံးပြူးနေတာပေါ့။ ဒါပေမဲ့ သူတရားဟောတာကိုလည်း ရုတ်တရက် ရပ်မပစ်ချင်လေတော့ ရှပ်အင်္ကျီ ချွတ်ပြီးပစ်ရပြန်ပါရော၊ ဒီတော့ကာ ဘုရား ရှိခိုးကျောင်းနောက်ဆုံးခုံတန်းမှာ ထိုင်တဲ့မိန်းမကြီးတစ်ယောက် မတ်တတ် ထပြီးတော့ "ရှင်သာ ခရစ်တော်ရဲ့ ကိုယ်စားလှယ်တော်ဖြစ်ရင် ကျုပ်တို့တော့ တစ်သက်လုံး သမ္မာကျမ်းစာကို မဖတ်တော့ဘူး" လို့ အော်လိုက်ပါလေရော"

လင်ကွန်းကား သူ့ရယ်စရာပုံတို စ၍မပြောခင် ခြေနှစ်ဖက်စလုံး ကြမ်းပြင်၌ စုံချ၍ထား၏။ ပုံတိုကလေး၏ အလယ်လောက်သို့ရောက်သော အခါ သူ၏ညာဘက်ခြေထောက်သည် တဖြည်းဖြည်း ကြွလာပြီး နောက်ဆုံး ပုံအဆုံးတွင် ဒူးချင်းထပ်ချိတ်လိုက်ပြီးလျှင် ခေါင်းကို နောက်သို့ပစ်ကာ အားရပါးရ ရယ်မောလေတော့သည်။

မေရီသည် ရောနှောရယ်မောရရင်း လင်ကွန်း၏ အကြောင်းကို တွေးနေ၏။ အစ်ကိုတစ်ယောက်ဖြစ်သူ ဂျွန်စတူးဝပ်ပြောသည့်အတိုင်း လင်ကွန်းသည် အထီးကျန်နိုင်လှသဖြင့် သူနှင့်လူအများ ပိုမိုနီးစပ်စေအောင် ဤပုံတိုပတ်စများကို ရယ်စရာပြောရရှာခြင်းဖြစ်သည်ဟုလည်း မေရီ တွေး၍ နေလေသည်။

မေရီသည် လင်ပန်းတစ်ခုထဲတွင် စားစရာများ ပန်းကန်ပြားများ နှင့် ခက်ရင်းဓားများကို ထည့်ပြီးနောက် လင်ကွန်းအား ဧည့်ခန်းကို ယူသွား စေ၏။ ထို့နောက် မေရီသည် မီးလင်းဖိုအနီးတွင် စားပွဲကလေးကို ခင်းကာ

mgyoe.com

mgyoe.com

နှစ်ယောက်သား ထိုင်ကြလေသည်။

မေရီက "ရှင် စပရင်းဖီးမြို့ကို လာပြီးနေတာ နှစ်ပေါင်းအတော်ကြာပြီ၊ ဒီမြို့ကို သဘောကျရဲ့လား" ဟု မေးလိုက်၏။

"ဟိုတစ်နေ့တုန်းက ကျုပ်တို့အတွင်းဝန်ဆီကို လူတစ်ယောက် လာသဗျ။ အဲဒီလူက ကျုပ်တို့ မြို့တော်ခန်းမကြီးမှာ တရားဟောပြောဖို့ ခွင့်တောင်းတယ်။ အတွင်းဝန်က ဘယ်လိုအကြောင်းတွေများ ဟောမှာလဲ လို့မေးတော့ ခွင့်တောင်းတဲ့လူက "ဘုရားသခင် ဒုတိယအကြိမ် ပြန်လာခြင်း" ဆိုတဲ့အကြောင်း ဟောမယ်လို့ ပြန်ပြောတယ်။ အဲဒီအခါမှာ အတွင်းဝန်က ဘုရားသခင်ဟာ ဒီစပရင်းဖီးမြို့ကို တစ်ခေါက်ရောက်ပြီးရင် ဒုတိယအကြိမ် ပြန်လာချင်မှာ မဟုတ်ဘူး။ ဒါကြောင့် မြို့တော်ခန်းမကြီးကို မငှားနိုင်ဘူး လို့ ပြောလွှတ်လိုက်တယ်"

မေရီသည် အံ့အားသင့်၍ သွားလေ၏။ လင်ကွန်းဆိုသော် ထိုသူသည် အဖြေကို တိုက်ရိုက်မပေးဘဲ ပုံတိုပတ်စများနှင့်သာ အဖြေပေးတတ်သလားဟု တွေးမိ၏။ ထို့နောက် စပရင်းဖီးမြို့သည် ညစ်ပတ်လှသဖြင့် ဘုရားသခင်ပင် ၂ ခါလာမည်မဟုတ်ဟူသော လင်ကွန်း၏ ဟာသကို နှစ်နှစ်ခြိုက်ခြိုက်ရယ်မော၍ နေမိလေသည်။

"မစ္စတာလင်ကွန်း .... ရှင်ဟာ အင်မတန် သဘာဝကျတဲ့လူ တစ်ယောက်ပဲ။ ဟန်ဆောင်မှု အကင်းဆုံးပဲ" ဟု မေရီက ပြောလိုက်၏။

ဤအချိန်တွင် လင်ကွန်းသည် ငှက်ကြော်ကို စတင်၍စားနေပြီဖြစ်၏။ မေရီ၏စကားကို ကြားရသောအခါ လင်ကွန်းသည် ခက်ရင်းကို ချလိုက်ပြီးနောက် "ဒီစကားမျိုး ကျုပ်အရင်တစ်ခါကလည်း ကြားရဖူးတယ်။ ဒါပေမဲ့ အခုစကားထက်တော့ ကြမ်းသဗျ" ဟု ပြောလိုက်၏။

မေရီသည် သူ၏လက်ကလေးကို ကမ်းပေးလိုက်၏။ လင်ကွန်းက ဆွဲကိုင်၍ လှုပ်လိုက်၏။ မေရီက "ကျွန်မ ရှင့်အပေါ်မှာ အတော်စိတ်ဝင်စားတယ်။ ဒါဟာ မိတ်ဆွေဘဝရဲ့အစ မဟုတ်ဘူးလားဟင်" ဟုမေးလိုက်၏။ ထိုအခါ လင်ကွန်းက "အေးဗျာ၊ ကျုပ်ကို ငယ်ရွယ်သူ မိန်းမသားထဲက စိတ်ဝင်စားတယ်ဆိုတာ ဒါပထမအကြိမ်ပဲ" ဟု ပြန်၍ဖြေလိုက်၏။

"မိန်းမသားတွေအပေါ်မှာ ရှင် စိတ်မဝင်စားဘူးလားဟင်"

mgyoe.com

mgyoe.com


"နှစ်ယောက်၊ သုံးယောက်တော့ စိတ်ဝင်စားခဲ့ဖူးပါရဲ့။ ဒီလိုလေ ကျုပ်လူပျိုပေါက်အရွယ်တုန်းက ကျုပ်တို့အိမ်နားမှာ လှည်းကြီးတစ်လှည်း ဝင်ရိုးကျိုးပါလေရော အဲဒီလှည်းမှာ မိန်းမကြီးတစ်ယောက်နဲ့ မိန်းကလေး နှစ်ယောက်ပါတယ်။ လှည်းမောင်းတဲ့လူက ဝင်ရိုးကို ပြင်ပြီးနေတုန်းမှာ မိန်းမကြီးနဲ့ မိန်းကလေးနှစ်ယောက်ဟာ ကျုပ်တို့ မီးဖိုချောင်ထဲလာပြီး ထမင်းဟင်း ချက်ကြပြုတ်ကြတယ်။ အဲ့ဒီမိန်းမကြီးမှာ စာအုပ်တွေပါလာ တယ်။ စာအုပ်ထဲက ဒဏ္ဍာရီကလေးတွေကို ဖတ်ပြတော့ ကျုပ်က သိပ်ပြီး သဘောကျတာပေါ့။ ဒါနဲ့ပဲ ကျုပ်ဟာ မိန်းကလေးနှစ်ယောက်အနက်က တစ်ယောက်ကိုတော့ စွဲစွဲလမ်းလမ်းဖြစ်သွားတာပေါ့။ လှည်းပြင်ပြီးလို့ သူတို့လည်း ခရီးဆက်သွားကြရော မိန်းကလေးကို ကျုပ်ကလွမ်းပြီး ကျန်ရစ် ခဲ့တော့တာပေါ့။ ဒါနဲ့တစ်နေ့ကျတော့ ကျုပ်စိတ်ထဲမှာ ဝတ္ထုကလေးတစ်ပုဒ် ရေးကြည့်တယ်။ အဲဒီဝတ္ထုဟာ ဘယ်လိုလဲဆိုရင် ကျုပ်ဟာ ကျုပ်အဖေရဲ့ မြင်းကိုယူပြီး မိန်းကလေးရဲ့နောက်ကို လိုက်ပါရောတဲ့။ သူတို့ကို မီသွားတော့ မိန်းကလေးဟာ အံ့အားကြီးသင့်နေသတဲ့။ ဒါနဲ့ကျုပ်က မိန်းကလေးကို ကျုပ်နဲ့ခုညလိုက်ခဲ့ပါလို့ အတင်းပူဆာသတဲ့။ ညလည်းကျရော ကျုပ်နဲ့ မိန်းကလေးဟာ မြင်းကြီးစီးပြီး ထွက်ပြေးကြရောတဲ့။ တစ်ညလုံးမြင်းစီးပြီး ပြေးလိုက်ကြတာဟာ မိုးလင်းခါနီးတော့ လှည်းတစ်လှည်းနားကို ရောက် သွားသတဲ့။ လှည်းနားကပ်သွားတော့ လား ... လား အဲဒီလှည်းဟာ မိန်းကလေးစီးလာတဲ့လှည်းဖြစ်နေသတဲ့။ ဒါနဲ့တစ်နေ့နေရပြန်ပြီးတော့ နောက်တစ်နေ့ကျတော့လည်း ညအချိန်မှာ ကျုပ်နဲ့မိန်းကလေးဟာ မြင်းစီး ပြီး ပြေးကြပြန်တယ်။ ဒါပေမဲ့ မနက်မိုးလင်းတော့ သူတို့လှည်းရှိရာကိုပဲ ပြန်ပြီးရောက်ပြန်သတဲ့။ အဲဒါနဲ့ပဲ ကျုပ်တို့နှစ်ယောက်ဟာ တို့ပြေးလို့လဲ အလကားပါဆိုပြီး ကျုပ်လည်း အိမ်ကိုပြန်ခဲ့သတဲ့။ အဲဒီအချိန်ကစပြီး အချစ် ဆိုတာဘာလဲလို့ ကျုပ်သိခဲ့ရတယ်။ နို့ မေရီအဖို့မှာရော အချစ်ကို ဘယ်အချိန် က စပြီး သိသလဲ"

မေရီသည် လင်ကွန်းအား စကားပြန်မပြောဘဲ စူးစိုက်၍သာ ကြည့် နေမိလေတော့သည်။

မိုးရာသီကုန်ဆုံးသွားပြီးနောက် ဆောင်းရာသီသို့ရောက်လာ၏။

mgyoe.com

mgyoe.com


ပရေရီမြက်ခင်းပြင်ကြီးတွင် နှင်းခဲများကျကာ အလွန်အေး၍နေလေသည်။ မြင်းလှည်းများအစား စွတ်ဖားများကို စီး၍သွားလာနေကြရ၏။ စပရင်းဖီးမြို့ရှိ လူငယ်ပိုင်းသည် ညအခါ လသာသာတွင် စွတ်ဖားထွက်၍ စီးကြ၏။ နေထိုင်လျက်ရှိသော နီနီယန်းအက်ဒဝပ်တို့အိမ်သို့ လူငယ်ပိုင်းမှာ မကြာခဏရောက်လာကြကာ ပူနွေးသော ယမကာများကို သောက်ကြ၏။ နိုင်ငံရေးကို ဆွေးနွေးကြ၏။ ကပွဲများ ဆင်နွှဲကြလေသည်။

ဤနည်းဖြင့် ရောက်လာတတ်သော ဧည့်သည်တစ်စုကို ဧည့်ခံပြီး၍ နှုတ်ဆက်ကာ တံခါးပိတ်လိုက်ပြီးသည့်နောက် မေရီသည် ချောကလက်ရည်ပူပူတစ်ခွက်ကို အစ်မဖြစ်သူထံသို့ သွားပို့ရင်း အယ်လီဇဘက်ရယ် ကိုယ်တော့ နားကိုမလည်နိုင်အောင်ဘဲ။ ဒီစပရင်းဖီးမြို့မှာ နေရတာဟာ ကိုယ့်အဖို့မှာ လက်စင်တန်မြို့မှာ နေတုန်းကနဲ့ လုံးလုံးမတူဘူး။ ဒီက လူတွေကို ကိုယ့်ခင်နေတယ်။ သူတို့ကလည်း ကိုယ့်ကို အင်မတန်ခင်ကြမင်ကြတယ်။ နောက်သတင်းပတ်မှာဆိုရင် ကိုယ့်ကိုဖိတ်ထားတာ ၁၂ ပွဲလောက်ရှိတယ်။ ဒီလို ကိုယ်စိတ်ချမ်းသာရတာဟာ အယ်လီဇဘက်ရဲ့ကျေးဇူးပေပဲ။ ဒီအိမ်မှာ လူငယ်ပိုင်းကို ကိုယ့်ဧည့်ခံခွင့်ပေးတာဟာ"

မေရီ၏စကားမဆုံးမီပင် အယ်လီဇဘက်က ကြားဖြတ်၍ "ဒီမြို့လူငယ်ပိုင်းက မင်းကို ခင်တာဟာ အိမ်နှင့်စားစရာရှိလို့ မဟုတ်ဘူးကွဲ့။ မေရီကိုယ်တိုင်က ခင်စရာ မင်စရာကောင်းလို့လည်းဖြစ်တယ်။ မေရီကို မိန်းကလေးတွေကရော၊ ယောကျ်ားကလေးတွေပါ အင်မတန်ခင်တာကို တွေ့ရတော့ ကိုယ်ဝမ်းသာပါတယ်။ ပြီးတော့ မေရီ့မှာလည်း ဒီရောက်မှ အလှပိုပြီးတော့ ပွင့်လာတယ်" ဟု ပြောလိုက်လေသည်။

မေရီသည် ဝမ်းသာ၍သွားလေသည်။ အယ်လီဇဘက်၏အလှကြည့်မှန်ဆီသို့သွားကာ သူ့ကိုယ်သူကြည့်လိုက်ပြီးနောက် "ကြည့်စမ်း ကျွန်မ ဟိုတုန်းက ခပ်ဝဝဖြစ်နေတာ အခုမှ ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်ကလေးဖြစ်သွားပြီ"ဟု သူ့အရိပ်ကို သူ့ကြည့်ရင်းပြောနေပြန်၏။ မေရီ၏မျက်လုံးများမှာ သိမ်မွေ့နူးညံ့၍သွား၏။ မေရီသည် လှပသော သူ့လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ပြီးနောက် "အယ်လီဇဘက်ရေ၊ ကိုယ်လက်စင်တန်က ဒီမြို့ကို လာခဲ့ရတာဟာ တစ်မြို့က တစ်မြို့ပြောင်းလာတဲ့

mgyoe.com

mgyoe.com


အပြောင်းအလွဲတင် မဟုတ်ဘဲ ကလေးဘဝကနေပြီး လူကြီးဘဝကို ပြောင်းလာရတာနဲ့လည်းပဲ အတူတူပါပဲလား" ဟု ဆိုလိုက်၏။

အယ်လီဇဘက်သည် ပြုံးလိုက်ပြီးနောက် "ဟုတ်တာပေါ့ မေရီရဲ့၊ လက်စင်တန်က မိဘအိမ်မှာဆိုတော့ အချုပ်ချယ်တွေများပြီး အနေအထိုင်ကျုံ့တာပေါ့။ ဒီမှာဆိုတော့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း နေရပေတာပေါ့။ အရင်တစ်ခေါက်လာတုန်းကဆိုရင်တော့ မေရီဟာ အင်မတန်ရှက်တတ်ကြောက်တတ်ဖြစ်နေခဲ့တယ်။ အခုမှပဲ မရှက်မရွံ့ဘဲနေတတ်တယ်" ဟု ပြောလိုက်လေသည်။

"ဒါဖြင့် ကျွန်မ လူကြီးဖြစ်ပြီပေါ့"

"ဖြစ်စလို့ဆိုပါစို့ မေရီရယ်"

မေရီသည် အယ်လီဇဘက်၏အိပ်ရာပေါ်တွင် ထိုင်နေရာမှ ထလိုက်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ နှင်းခဲများ ဖုံးလွှမ်းပြီးနေသောလယ်ကွင်းဆီသို့ မျှော်၍ကြည့်လိုက်လေသည်။

အယ်လီဇဘက်က ပြုံးလိုက်ပြီး "တောင်ပိုင်းသားရယ်၊ အိုင်ယာလန်သားရယ်၊ ကုန်စုံဆိုင်ပိုင်ရှင်ရယ် ဘယ်သူ့ကို မေရီ သဘောကျသလဲဟင် ကိုယ့်ညီမဟာ စိန်ရိုင်းကိုတော့ သဘောကျလိမ့်မယ် မထင်ဘူး" ဟု ခပ်ပြုံးပြုံးမေးလိုက်၏။

မေရီသည် နှုတ်ခမ်းကလေးကို ရွဲ့လိုက်၏။ "ပြီးမှ တောင်ပိုင်းသားဆိုတဲ့ စတီးဗင်ဒေါက်ကလပ်ကိုတော့ မကြိုက်ဘူး။ သူဟာ ဟင်နရီကလေးနှင့် ပတ်သက်ပြီး အမြဲကျွန်မနဲ့ ငြင်းခုံနေရတဲ့လူပဲ။ အိုင်ယာလန်ပြည်သားဂျိမ်းရှီးကတော့ ကျေနပ်စရာ မရှိဘူး။ ဂျိုးစပိတ်ကလည်းပဲ မျက်နှာအင်မတန်များတဲ့လူ၊ စိန်ရိုင်းနဲ့ပတ်သက်လို့ပြောရရင်တော့ ဒီစိန်ရိုင်းဟာ အရောင်တင်ပြီး သွေးပေးလိုက်ရင် ဘယ်လောက်အရည်အသွေးကောင်းမယ်ဆိုတာကို စဉ်းစားရလိမ့်မယ်။ တကယ့်အဖိုးတန် ရတနာဖြစ်လာအောင် အကွက်ရိုက်ရသွေးရတဲ့အလုပ်ဟာ တစ်သက်လုံးလုပ်ရမယ့် အလုပ်ပေပဲ" ဟု ပြောလေသည်။ ဤနေရာတွင် မေရီသည် လင်ကွန်းအား ရည်ညွှန်း၍ ပြောနေခြင်းဖြစ်သည်။

အယ်လီဇဘက်က မိခင်တို့၏ မေတ္တာမျိုးဖြင့် "စိန်ရိုင်း၊ ကျောက်ရိုင်း

mgyoe.com

mgyoe.com
ဆိုတာက အထဲမှာ ဘာရှိတယ်ဆိုတာ မသိရ မမြင်ရသေးဘဲကွယ်။ အကွက်ရိုက်အရောင်တင်ပြီးမှ အဖိုးမတန်တဲ့ ကျောက်ဖြစ်နေရင် ကြိုးစားခဲ့ရသမျှ အလကားဖြစ်ပြီး အလဟဿအချိန်ကုန် လူပန်းဖြစ်ရတာသာ အဖတ်တင်မှာပေါ့" ဟု ပြောလိုက်လေသည်။

ဤတွင် မေရီက "စိန်ရိုင်း၊ ကျောက်ရိုင်းရဲ့အထဲမှာ ဘာရှိတယ်ဆိုတာကို စူးစမ်းတဲ့ ကိရိယာမျိုးများ မရှိဘူးလား။ ဥပမာဆိုပါတော့ အချစ်ဆိုတဲ့ ကိရိယာနဲ့တိုင်းထွာကြည့်ရင် အတွင်းစာတ်ကို မသိနိုင်ဘူးလား။ ဒီနေရာမှာ ကျွန်မပြောနေတာက မစ္စတာလင်ကွန်း တစ်ယောက်တည်းနဲ့ရည်ပြောနေတာ မဟုတ်ပါဘူး။ ဘယ်မိန်းမမဆို ယောကျ်ားတစ်ယောက်ကို ယူမယ်ဆိုရင် ကိုယ်လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံလိမ့်မယ်လို့ ယုံကြည်ပြီး ပုံအပ်ကြရတာပဲမဟုတ်လား" ဟု ပြော၍နေလေသည်။

× × ×

(၆)

ဖခင်ဖြစ်သူထံမှ စာတစ်စောင်ရောက်၍လာ၏။ ထိုစာတွင်သတင်းဆိုးတစ်ရပ်ပါ၍ လာခဲ့ပေသည်။ နီနီယန်းအက်ဒဝပ်၏အိမ်တွင် တော့(ဒ်) မိသားစုအားလုံး စုဝေးကြ၏။ စာတွင်ပါသော သတင်းဆိုးမှာကား သူတို့ထောက်ခံသည့် ဝှစ်ပါတီ ညီလာခံကြီးက သူတို့၏ခေါင်းဆောင်ဖြစ် သော ဟင်နရီကလေးအား သမ္မတလောင်းအဖြစ်ဖြင့် မရွေးဘဲ ဗိုလ်ချုပ်ဝီလျံ ဟယ်ရီဆန်အား ရွေးချယ်လိုက်သော သတင်းပင်ဖြစ်လေသည်။ မေရီ၏ ဖခင်နှင့် မိထွေးတို့သည် အက်ရှလန်းခန်းမဆောင်တွင် လူပေါင်းတစ်ရာခန့် ပါဝင်သော ထမင်းစားပွဲကြီးကို တက်ရောက်၍ ညီလာခံ၏ ဆုံးဖြတ်ချက် သတင်းကြီးကို စောင့်၍နေ၏။ မကြာမီ ညီလာခံစေတမန်တစ်ဦးရောက် လာကာ ဟင်နရီကလေး သမ္မတလောင်းအဖြစ် အရွေးမခံရကြောင်း စာတစ် စောင်ပါလာလေသည်။ ဤတွင် ဟင်နရီကလေးကို ဂုဏ်ပြုရန်စောင့်နေကြ သောသူများအားလုံး စိတ်ပျက်၍ သွားကြရရှာသည်။ မေရီ့ဖခင်ရေးလိုက် သောစာထဲ၌ ...

mgyoe.com

"မစ္စတာကလေးဟာ သူ့ကို သမ္မတလောင်းအဖြစ် အရွေးမခံခဲ့ရမှန်း လည်းသိရော မျက်ရည်တွေဝိုင်းနေတယ်။ ပြီးတော့ ကျုပ်မိတ်ဆွေ တွေရဲ့အရေးမှာ ယခင်က ကျုပ်တို့ပါခဲ့ကြတာချည်းပဲ။ ကျုပ်ဟာ နိုင်ငံရေးရာဇဝင်မှာ ကံအဆိုးဆုံးလူပဲလို့ အော်ပြောလိုက်တယ်"

စသဖြင့် ပါရှိ၍နေလေသည်။ စပရင်းဖီးမြို့သို့ ရောက်ကတည်းက မေရီသည် ဟင်နရီကလေး၏အကြောင်းကို ခပ်မေ့မေ့ဖြစ်နေသည်။ ဟင်နရီ ကလေး သမ္မတဖြစ်လျှင် ဖခင်ဖြစ်သူမှာ ရာထူးကြီးရ၍ မိမိလည်း ဝါရှင်တန် မြို့တွင် သွားရောက်နေထိုင်ရလိမ့်မည်ဟု မျှော်လင့်ထားမိခဲ့၏။ ထိုမျှော်လင့် ချက်ကို မေရီသည် စပရင်းဖီးမြို့သို့ရောက်သောအခါ ခပ်မေ့မေ့ ဖြစ်နေလေ သည်။ သို့သော် ယခုကဲ့သို့ ဟင်နရီကလေး၏သတင်းကိုကြားရသော အခါ တွင် မေရီမှာ စိတ်အကြီးအကျယ်ပျက်၍ သွားရှာလေသည်။ ဟင်နရီကလေး အား ညီလာခံက သမ္မတလောင်းအဖြစ်ဖြင့်မရွေးဘဲ လူသိများသောစစ်သူရဲကောင်း တစ်ဦးအား သမ္မတလောင်းအဖြစ်ဖြင့် ရွေးချယ်လိုက်ခြင်းကား မတရားဟု မေရီက ယူဆလိုက်သည်။

ဒီဇင်ဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့တွင် အယ်လီဇဘက်သည် သားယောကျ်ားကလေး ဖွားမြင်၏။ နောက်တစ်နေ့တွင် ဥပဒေပြုလွှတ်တော် သစ်ကို ဂုဏ်ပြုသောအားဖြင့် ပွဲသဘင်တစ်ရပ်ကျင်းပ၏။ အယ်လီဇဘက်က နီနီယန်းအက်ဒဝပ်အား မေရီကို ထိုပွဲသဘင်သို့ခေါ်သွားရန်တိုက်တွန်းရှာ လေသည်။

၇ နာရီထိုးလျှင်ပင် နီနီယန်းအက်ဒဝပ်နှင့် မေရီသည် ပွဲသဘင်သို့ ထွက်ခဲ့ကြလေသည်။ မေရီသည် သူ့ဆံပင်ကို အလှပြင်၍ထား၏။ သူ၏ ဂါဝန်မှာ အနီနှင့်အပြာအရောင် နှစ်မျိုးပါသော ဂါဝန်ဖြစ်လေသည်။

ပွဲသဘင်ကျင်းပရာခန်းဆောင်မှာ အစိုးရအိမ်ထောင်အနီးတွင် ရှိ၏။ ဧည့်သည်ပေါင်း နှစ်ရာခန့်ဆံ့သော ခန်းဆောင်ကြီးဖြစ်လေသည်။ အပြင်မှ ကြည့်လျှင် အဆောက်အဦ ရိုးရိုးဖြစ်သော်လည်း အတွင်းတွင်မူ ပြင်သစ်ပြည်မှလာသောပစ္စည်းများဖြင့်လှပခမ်းနားစွာဆင်ယင်၍ထားပေသည်။ အမျိုးသမီးများအတွက် အဝတ်အစားလဲလှယ်ရန်ပေးထားသော အခန်းဆောင် ထဲသို့ဝင်ခဲ့သောအခါ အခြားအမျိုးသမီးများပင်စောင်ထုပ်ကိုယ်စီနှင့်တွေ့ရ

mgyoe.com

mgyoe.com

၏။ မေရီ အုံ့အားသင့်နေစဉ်ပင် စောင်ထုပ်များအထဲမှ ကလေးငိုသံများကို ကြားရလေသည်။ ထိုအခါတွင်မှ ကလေးငယ်နီတာရဲတို့ကို ပွဲသဘင်သို့ အချို့ အမျိုးသမီးများက ခေါ်လာခဲ့ကြောင်း မေရီသိရလေသည်။

ထမင်းစားခန်း၏ တစ်ဖက်အစွန်းနေရာကို ကပွဲအခန်းပြုလုပ်ထားပေသည်။ ကပွဲအခန်းစင်မြင့်ပေါ်၌ များမကြာမီကမှ ဖွဲ့စည်းလိုက်သော တူရိယာဝိုင်းရှိလေသည်။ ထိုဝိုင်းတွင် ကြေးခရာများ၊ တယောများနှင့် ဂီတာများပါဝင်လေသည်။ အခန်းကို နံရံကပ်မီးခွက်များဖြင့် ထိန်လင်းစွာ ဖယောင်းတိုင်မီးထွန်းထား၏။ ကြမ်းပြင်မှာကရန်အတွက် ပြောင်လက်နေအောင် တိုက်ချွတ်ထားလေသည်။ စပရင်းဖီးမြို့မျက်နှာဖုံးအားလုံးလိုလိုပင် ထိုပွဲသဘင်ကို တက်ရောက်ကြ၏။ ရောက်လာကြသော အမျိုးသမီးများအနက် မေရီသည် သူတစ်ခါမှ မမြင်ဖူးသေးသော မိန်းမပျိုကလေးများကို တွေ့ရလေသည်။ ထိုကလေးမများမှာ လွှတ်တော်အမတ်များ၏ သမီးများ၊ နှမများနှင့် တူမများဖြစ်ကြလေသည်။

မေရီသည် ရှေးဦးပထမ ဆိုင်းတစ်ချီတွင် နီနီယန်း အက်ဒဝပ်နှင့် တွဲ၍ကရ၏။ ထို့နောက်တွင် စတီးဗင်ဒေါက်ကလပ်၊ ဂျိမ်းရှီး၊ ဂျိမ်းမာသင်နီ ဆယ်မြူရယ်ထရိမ်း၊ဂျိုးစပိတ်တို့နှင့် တွဲ၍ကရပြန်လေသည်။ လူအများပါဝင် ကခုန်ရသော ကနည်းတစ်မျိုးတွင် မေရီသည် ဂျိုးစပိတ်နှင့် အခြားလူငယ် တစ်ဦး၏အကြားသို့ရောက်သွား၏။ ထိုလူငယ်ကို မေရီ မြင်ဖူးခဲ့၏။ ဂျိုးစပိတ်က "မေရီရေ၊ ဟောဒီ ဘီလီဟဲဒင်ဆိုတဲ့လူနဲ့ မိတ်ဆက်ပေးပါရစေကွယ်။ မင်းနဲ့တွဲမကရရင် သူက တခြားမြို့ကို ပြောင်းတော့မလောက်ဖြစ်နေတယ်ကွဲ့" ဟု ပြော၍ လူငယ်နှင့် မိတ်ဆက်ပေး၏။

ထိုအခါတွင်မှ မေရီသည် ဘီလီဟဲဒင်၏အကြောင်းကို တွေးမိလေသည်။ဘီလီဟဲဒင်မှာ ဟိုတယ်ပိုင်ရှင်အာချာဟဲဒင်ဆိုသူ၏သားဖြစ်လေသည်။ ဘီလီဟဲဒင်သည် ကောလိပ်ကျောင်းတွင် ပညာသင်ဖူးသော်လည်း ကျောင်းက ထွက်၍ မိဘအိမ်တွင် ပြန်နေခိုက် ဖခင်ဖြစ်သူနှင့် ငွေဝယ်ကျွန်စနစ်နှင့်ပတ်သက်၍ သဘောချင်းမတိုက်မဆိုင်ဖြစ်ခဲ့လေသည်။ ထိုအခါ ဘီလီဟဲဒင်သည် ရရာအလုပ်များကို ဝင်လုပ်ရင်း နောက်ဆုံးဂျိုးစပိတ်၏ ဆိုင်ကြီးတွင် စာရေးဝင်လုပ်နေလေသည်။ ဘီလီဟဲဒင်၏ ရုပ်ရည်မှာ စုတ်ချွန်းချွန်းဖြစ်လေသည်။

mgyoe.com

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ အခု ဆိုင်းတီးပါတော့မယ် ကျုပ်နဲ့ တွဲကပါရစေ"

သို့သော် စကားမဆုံးခင် ဆိုင်းကစလိုက်၏။ မေရီသည် ဘီလီဟာ့ဒင်နှင့် တွဲကရလေသည်။ ဘီလီဟာ့ဒင်သည် ကရင်း မေရီအား စကားမျိုးစုံလည်း ပြောချနေ၏။ မေရီမှာ စိတ်ထဲမှ ကသိကအောင့်ဖြစ်နေလေသည်။ ထို့ကြောင့် ဆိုင်းချလိုက်သောအခါ၌ မေရီသည် ဟာ့ဒင်နှင့် လျင်မြန်စွာ လူချင်း ခွဲခွာလိုက်လေသည်။ မေရီသည် မိမိမျက်စိ မျက်နှာပျက်နေသည်ကို အခြားလူများ သိမည်စိုးသည့်အတွက် ကပွဲခန်းအစွန်ဘက်သို့ လျှောက်ခဲ့၏။ တစ်နေရာသို့ရောက်သောအခါ ရယ်သံများကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ စားပွဲတစ်လုံးတွင် လူတစ်စုဝိုင်းအုံ၍ ရယ်မောနေသည်ကို မြင်ရလေသည်။ ထိုလူစုအလယ်တွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်ကာ ဝတ်ရုံအနက်ကို ဝတ်ထားသောလူတစ်ယောက်ကို မေရီမြင်ရ၏။ ထိုသူမှာ အေဘရာဟင် လင်ကွန်း ဖြစ်လေသည်။ လင်ကွန်းသည် ဤကပွဲကို စီမံသူတစ်ဦးဖြစ်သောကြောင့် ကပွဲသို့လာလိမ့်မည်ဟု မေရီ ကြိုတင်သိရှိထားပြီးဖြစ်သည်။ သို့သော် ရောက်စက လင်ကွန်းအား ရှာ၍မတွေ့ခဲ့ပေ။ ယခုမှပင် တွေ့ရလေသည်။ လင်ကွန်းသည် ရယ်စရာပုံတိုပတ်စတစ်ခုကို ဘေးမှလူများအား ပြောပြနေ၏။ သူ့ပုံပြင်ဆုံးသွားသောအခါတွင် ဝါးခနဲရယ်လိုက်ကြလေသည်။ မေရီကိုယ်တိုင်ပါ ရောနှော၍ရယ်မောမိလေရာ မေရီ၏ ရယ်သံကို ကြားသည်နှင့် လင်ကွန်းသည် မေရီရှိရာသို့ ကြည့်လိုက်၏။ ထို့နောက် လျင်မြန်စွာ မေရီ အနီးသို့ ရောက်လာလေသည်။

"မေရီ ကျုပ်နဲ့ ကပါရစေလား .... ကျုပ်ကတော့ အကသိပ်ဖျင်းတဲ့လူပဲ" ဟု လင်ကွန်းက ပြောလိုက်၏။

ဆိုင်းတီးသောအခါ မေရီနှင့်လင်ကွန်းတို့သည် တွဲ၍ ကကြလေသည်။ လင်ကွန်းမှာ သူပြောသည့်အတိုင်းပင် အကကောင်းသူ မဟုတ်သောကြောင့် မုန်တိုင်းထဲသော ပင်လယ်ထဲတွင် သင်္ဘောစီးရသလိုဖြစ်၍ နေလေသည်။ လင်ကွန်းသည် မေရီ၏ခြေထောက်ကိုလည်း မကြာခဏ တက်၍နင်းမိလေသည်။ ဆိုင်းချသောအခါ မေရီက "ရှင် တော်တော်ရိုးသားတဲ့လူပဲ။ ရှင်ပြောတဲ့အတိုင်း တကယ်ပဲ အကဖျင်းပါပေတယ်" ဟု နောက်လိုက်၏။

mgyoe.com